# ကြေးမုံ

*The Mirror Daily*

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**လောကကိုထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၀ ပြည့်နှစ် တပေါင်းလကွယ်၊ ကြာသပတေးနေ့။ Thursday, 4 April 2019 ၄၆၁၁


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယသံအမတ်ကြီး၊ ဟန်ဂေရီသံအမတ်ကြီး၊ သြစတြေးလျသံအမတ်ကြီးနှင့် ဆွစ်ဇာလန်သံအမတ်ကြီးတို့အား သီးခြားစီ လက်ခံတွေ့ဆုံ

**နေပြည်တော် ဧပြီ ၃**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မကြာသေးမီက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများအဖြစ် ခန့်အပ်ခြင်းခံရသော အိန္ဒိယသံအမတ်ကြီး မစ္စတာ ဆော်ရက်(ဘ်) ကူးမား၊ ဟန်ဂေရီသံအမတ်ကြီး မစ္စတာ ဆေးလ်ဗက်စတာဘတ်စ်၊ သြစတြေးလျသံအမတ်ကြီး မစ္စ အင်ဒရီရာ ဖော့ခ်နာနှင့် ဆွစ်ဇာလန်သံအမတ်ကြီး မစ္စတာ တင်မ် အန်ဒါလင်တို့အား ယနေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ သီးခြားစီလက်ခံတွေ့ဆုံခဲ့သည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ရေအရင်းအမြစ်စီမံခန့်ခွဲမှု ကဏ္ဍများအပါအဝင် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးနှင့် နိုင်ငံတကာမျက်နှာစာများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဟန်ဂေရီသံအမတ်ကြီး မစ္စတာ ဆေးလ်ဗက်စတာဘတ်စ်အား လက်ခံတွေ့ဆုံစဉ်။

# မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကာလအတွင်း ရန်ကုန်-မန္တလေးအထူးရထားတွဲဆိုင်းများ ပြေးဆွဲမည်

**ရန်ကုန် ဧပြီ ၃**

ယခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကာလအတွင်း နေရပ်ဒေသအသီးသီးသို့ပြန်ကြမည့် ခရီးသွားပြည်သူများသွားလာမှု အဆင်ပြေစေရန်အတွက် သင်္ကြန်အထူးရထားတွဲဆိုင်းများ ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

သင်္ကြန်ရက်များအတွင်း ရန်ကုန်-မန္တလေးခရီးစဉ် ရထားတွဲဆိုင်းများ ပြေးဆွဲပေးမည့်ရက်များမှာ ဧပြီ ၈ ရက်မှ ၁၃ ရက်အထိနှင့် သင်္ကြန်အပြီးတွင် ဧပြီ ၁၈ ရက်မှ ၁၉ ရက်အထိဖြစ်ပြီး ရန်ကုန်ဘူတာကြီးမှ ညနေ ၄ နာရီတွင် စတင်ထွက်ခွာမည့် အထူးရထားမှာ မန္တလေးဘူတာသို့ နောက်တစ်နေ့ နံနက် ၆ နာရီတွင် ဆိုက်ရောက်မည်ဖြစ်သည်။ မန္တလေးဘူတာမှ ညနေ ၄ နာရီတွင် ထွက်ခွာမည့်ရထားမှာ ရန်ကုန်ဘူတာကြီးသို့ နောက်တစ်နေ့ နံနက် ၆ နာရီတွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

မန္တလေးဘူတာမှ ရန်ကုန်ဘူတာကြီးခရီးစဉ်အတွက် သင်္ကြန်အထူးရထားများကို ဧပြီ ၉ ရက်မှ ၁၃ ရက်အထိ ပြေးဆွဲပေးမည်ဖြစ်ပြီး သင်္ကြန်အပြီး

စာမျက်နှာ ၂ ကော်လံ ၃ သို့ ❍

**ကြေးမုံ သတင်းအညွှန်း**


နိုင်ငံတော်၏ ပညာရေးစနစ်အား (၂၁)ရာစု ကျွမ်းကျင်မှုများဖြင့် ပြည့်စုံသည့် သင်ရိုးသစ်များဖြင့် ပြောင်းလဲသင်ကြားပေးနေ စာမျက်နှာ » ၈

စာရေးဆရာ၊ အဆိုတော်နှင့် သရုပ်ဆောင်များ ပါဝင်မည့် ပြည်သူ့နီတိစကားဝိုင်း ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမတွင် ကျင်းပမည် စာမျက်နှာ » ၁၀

ဖားကန့်/လုံးခင်းရတနာနယ်မြေမှ ဥရုချောင်းပျက်စီးမှုများအား စနစ်တကျ လေ့လာဆန်းစစ်မှုများ ပြုလုပ်သွားမည် စာမျက်နှာ » ၁၁





# စိုက်ပျိုးရေးသိပ္ပံများ ဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးကောလိပ် ဖွင့်လှစ်သင်ကြားရေးဆိုင်ရာ ဆွေးနွေး

**နေပြည်တော် မေ ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်သည် ယနေ့ နံနက်ပိုင်းက နယ်သာလန်နိုင်ငံ AERES Group မှ Mr. Ariede. Jong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော် ရုံးအမှတ်(၁၅) အစည်းအဝေးခန်းမ၌တွေ့ဆုံ၍ စိုက်ပျိုးရေးသိပ္ပံများဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးကောလိပ် ဖွင့်လှစ်သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးကြသည်။



ဆွေးနွေးစဉ် စိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးသိပ္ပံများမှ သင်ကြားမှု တိုးတက် မြင့်မားစေရေးအတွက် သင်ကြားနည်းစနစ် လေ့ကျင့်ပညာပေးရေး၊ သင်တန်းဆိုင်ရာကိစ္စရပ်များ၊ ဆရာ ဆရာမများအတွက် ဆရာဖြစ်သင်တန်း တစ်နှစ်တာ ကာလပို့ချပေးရန်နှင့် သင်တန်းအတွက် သင်ခန်းစာများ ရေးဆွဲရာတွင် ပြည်တွင်း၊ ပြည်ပ ပညာရှင်များနှင့် ညှိနှိုင်းရေးဆွဲကာ ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ သင်တန်းဆင်းလက်မှတ် ပေးအပ်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် နယ်သာလန်နိုင်ငံ၏ အထောက်အပံ့ဖြင့် စိုက်ပျိုးရေးသိပ္ပံများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ၂၀၁၆ ခုနှစ် အောက်တိုဘာလမှစ၍ ရှေ့ပြေးစမ်းသပ်မှုအဖြစ် ပျဉ်းမနား၊ ရွှေဘို၊ သာယာဝတီ၊ ဟဲဟိုး၊ ဇွဲကပင် စိုက်ပျိုးရေးသိပ္ပံငါးကျောင်းတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးရေးကောလိပ်တစ်ခု ထူထောင်ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

**○ ရှေ့ဖုံးမှ**

မေ ၁၇ ရက်၊ ၁၈ ရက်နှင့် ၁၉ ရက်များတွင်ပါ ပြေးဆွဲပေးမည်ဖြစ်ကြောင်းလည်း သိရသည်။

ရန်ကုန်-မန္တလေး အစုန်/အဆန် သင်္ကြန် အထူးရထားများအား တိုးကြောင်ကလေး၊ ပဲခူး၊ တောင်ငူ၊ ပျဉ်းမနား၊ နေပြည်တော်နှင့် သာစည် ဘူတာတို့တွင် ရပ်တန့်ပေးမည်ဖြစ်ပြီး ရထားလက်မှတ်ခန့်နှုန်းထားများမှာ ယခင်ကောက်ခံနှုန်းထားအတိုင်း ကောက်ခံသွားမည်ဖြစ်သည်။ လက်မှတ်ရောင်းချမှုအား အထက်တန်း သုံးရက်ကြိုတင်နှင့် ရိုးရိုးတန်း တစ်ရက်ကြိုတင်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

သင်္ကြန်ပိတ်ရက်တွင် ဝန်ထမ်းများ သွားလာမှု အဆင်ပြေစေရေးအတွက် ဝန်ထမ်းအထူးရထားကို မေ ၁၂ ရက်တွင် နေပြည်တော်-ရန်ကုန်ခရီးစဉ်နှင့် မေ ၁၇ ရက်တွင် ရန်ကုန်-နေပြည်တော်-မန္တလေး ခရီးစဉ်ဖြင့် ပြေးဆွဲပေးမည်ဖြစ်ပြီး မေ ၁၂ ရက်တွင် နေပြည်တော်ဘူတာမှ ည ၈ နာရီတွင် ထွက်ခွာပေးမည်ဖြစ်ကာ ရန်ကုန်ဘူတာကြီးသို့ နောက်တစ်နေ့နံနက် ၄ နာရီ မိနစ် ၅၀ တွင် ဆိုက်ရောက်မည်ဖြစ်သည်။ မေ ၁၇ ရက်အတွက် ရန်ကုန်ဘူတာကြီးမှ ည ၈နာရီခွဲတွင် စတင်ထွက်ခွာပြီး နေပြည်တော်ဘူတာသို့ နောက်တစ်နေ့ နံနက် ၅ နာရီ ၁၇ မိနစ်နှင့် မန္တလေးဘူတာသို့ နံနက် ၁၀ နာရီ ၅၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်သည်။

ရထားလက်မှတ်ခန့်နှုန်းထားများကို ယခင်ဈေးနှုန်းအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ရောင်းချပေးသွားမည်ဖြစ်ပြီး ယခုနှစ်သင်္ကြန်ပွဲတော်ကာလအတွင်း ရန်ကုန်မြို့တွင်းနှင့် ဆင်ခြေဖုံးလမ်းပိုင်းအတွက် ပြည်သူများ ခရီးသွားလာမှုအဆင်ပြေစေရန် ရထားတွဲဆိုင်း ရှစ်ဆိုင်းဖြင့် ရထားအစီးရေ ၉၀ ကို နေ့စဉ် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**ပွင့်သစ္စာ**

---

# ဓမ္မာစရိယစာမေးပွဲ အဌမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ ဒုတိယနေ့ ကျင်းပ

**နေပြည်တော် မေ ၃**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပပြုလုပ်သော ၂၀၁၉ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီ အထိ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၄ ဌာနတို့၌ (အဌမနေ့)အဖြစ်လည်းကောင်း၊ ပါဠိပထမပြန် စာမေးပွဲကို မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၃ နာရီအထိ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၂၄၂ ဌာနတို့၌ (ဒုတိယနေ့)အဖြစ်လည်းကောင်း ဖြေဆိုကြသည်။

ဓမ္မာစရိယ စာမေးပွဲအဌမနေ့ စာရင်းသွင်းသံဃာနှင့် သီလရှင် စုစုပေါင်း ၃၈၁ ပါးအနက် ၁၈၃ ပါးဖြေဆိုကြသဖြင့် ၄၈ ဒသမ ၀၃ ရာခိုင်နှုန်း ဖြေဆိုကြပြီး ပါဠိပထမပြန် စာမေးပွဲ (ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း) ဒုတိယနေ့ကို စာရင်းသွင်း သံဃာနှင့် သီလရှင် စုစုပေါင်း ၅၇၁၇၂ ပါးအနက် ၄၆၆၈၄ ပါး ဖြေဆိုကြပြီး ၈၁ ဒသမ ၆၆ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သိရသည်။

**သတင်းစဉ်**

---

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မေ ၃**

ရန်ကုန်(ရွှေဈေး) ၁၀၄၃၀၀၀ - ၁၀၄၃၀၀၀ မန္တလေး(ရွှေဈေး) ၁၀၄၃၀၀၀ - ၁၀၄၃၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၃၀/၉၈၅ ကျပ် | ၉၈၅/၁၀၀၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၆၀/၉၁၅ ကျပ် | ၉၅၅/၉၇၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၈၀/၈၄၀ ကျပ် | ၈၇၀/၈၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၄၀/၉၉၅ ကျပ် | ၁၀၀၀/၁၀၂၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၉၀၅/၉၂၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၁၅/၉၃၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၂၅/၈၃၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၀၈.၁ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၉၅.၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၄.၈၃ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၇.၅၄၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၉.၇၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၂.၀၂၁ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၅၃.၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၂.၉၃ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၇၃.၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၅.၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်

---

ကြေးမုံ

## ဂုဏ်သိက္ခာနှင့် တည်ငြိမ်အေးချမ်းမှုကိုသတိမူ

လွန်ခဲ့သော ဆယ်စုနှစ်တစ်ခုမှစ၍ ကမ္ဘာတစ်ဝန်းမှ သန်းပေါင်းများစွာသောပြည်သူများသည် အင်တာနက်ကို ခေတ်ရေစီးကြောင်းအဖြစ် မဖြစ်မနေအသုံးပြုလာကြသည်။ မှတ်တမ်းများအရ ငါးစက္ကန့်တိုင်းတွင် Facebook Post အသုံးပြုသူဘလော့အသစ် ၂၈ ခု၊ ခြောက်နာရီစာ ဗီဒီယိုနှင့် ပုံပေါင်း ၃၀၀ ကျော်တင်လျက်ရှိသည်ဟု သိရသည်။ ရလဒ်အနေဖြင့် သိနိုင်မှုမြန်ဆန်ခြင်း၊ ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ အပြန်အလှန်ဆက်သွယ်ပြောဆိုနိုင်ခြင်း၊ ရည်ရွယ်ချက်စိတ်ကူးတူရာအုပ်စုများ စုစည်းနိုင်ခြင်း၊ အချင်းချင်းချိတ်ဆက်လုပ်ဆောင်နိုင်ခြင်း စသည့်ကောင်းသောလက္ခဏာများ ရှိသည်။

လွန်ခဲ့သောနှစ်များက ကမ္ဘာပေါ်တွင် Facebook အသုံးပြုနေသူပေါင်း ၁ ဒသမ ၁၁ သန်းခန့်ရှိပြီး Facebook ပေါ်တွင် အချိန်ပြည့်ရှိနေသူပေါင်းက ၁ ဒသမ ၅ သန်းခန့် ရှိသည်။ ထိုစာရင်းတွင် အသက် ၁၈ နှစ်မှ ၂၄ နှစ်အတွင်း လူငယ်များ အများဆုံးဖြစ်သည်။ ၎င်းတို့တွင် အချိန်ပြည့်ပြောစရာများ၊ တင်စရာများ ရှိနေသည်။ ဆိုရှယ်မီဒီယာထဲတွင် ကောင်းသောစကားများ၊ ဗဟုသုတအချက်အလက်မျှဝေပေးနေသူများ ရှိသကဲ့သို့ ကောလာဟလများ (သို့မဟုတ်) အမုန်းစကားများ ပြောကြသူများလည်းရှိသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဧပြီလ ၂ ရက်နေ့က ကျောင်းကုန်းမြို့နယ် မြို့နယ်အားကစားခန်းမတွင် ဒေသခံပြည်သူများအား "လွတ်လွတ်လပ်လပ် မိမိတို့၏အတွေးအခေါ် အယူအဆများကို ဖော်ပြပိုင်ခွင့်ပေးထားပါကြောင်း၊ လွတ်လွတ်လပ်လပ် (သို့သော်လည်း) ကန့်သတ်ချက်များရှိပါကြောင်း၊ လူတိုင်းကို ပြောချင်သလိုပြော၍ မရပါကြောင်း၊ ယင်းသို့ကန့်သတ်ထားခြင်းသည် မိမိ၏လွတ်လပ်ပိုင်ခွင့်ကို ကန့်သတ်ခြင်း မဟုတ်ပါကြောင်း၊ လူ့အသိုင်းအဝိုင်း၏ တည်ငြိမ်မှု၊ အေးချမ်းမှုကို ထိပါးမည်စိုး၍ ကန့်သတ်ခြင်းဖြစ်ပါကြောင်း၊ ပြည်သူ ပြည်သားများအနေဖြင့် ယင်းကိုသဘောပေါက်ရန်လိုပါကြောင်း" ပြောကြားခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က Social Media Pages ၏ သတိပြုဆင်ခြင်စရာများကို အသိပေးခဲ့သည်။ အင်အားကောင်းလာသော Social Media များအပေါ်မှအသံများတွင် တစ်ဦးနှင့်တစ်ဦး မလိုလားသည့်စိတ်၊ မုန်းတီးသည့်စိတ်၊ ဒေါသစိတ်၊ ဝေဖန်ချင်သည့်စိတ်များဖြင့် ရေးသားနေပြီး ယင်းတို့သည် နိုင်ငံနှင့် ပြည်သူအတွက် အကျိုးပြုသည့်အကြောင်းအရာများမဟုတ်သဖြင့် သတိပြုဆင်ခြင်ရမည်ဖြစ်သည်။

ခေတ်သစ်ယဉ်ကျေးမှုအတွင်း ထိုးဖောက်ပျံ့နှံ့ ဝင်ရောက်လာခဲ့သည့် ဆိုရှယ်မီဒီယာ၏ အရေးပါမှုနှင့် ဆင်ခြင်ဖွယ်ရာတို့ကို သတိပြုမိချိန်တွင် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်နေပြီလားဟုပင် နိုင်ငံများက သံသယဖြစ်လာကြသည်။ အဘယ်ကြောင့်ဆိုသော် ဆိုရှယ်မီဒီယာ အရွေ့မှာမြန်ပြီး အမျိုးသားလုံခြုံရေးက နောက်ကျကျန်ခဲ့သောကြောင့်ဖြစ်သည်။ ဆိုရှယ်မီဒီယာအသုံးချသူများတွင် လိမ်လည်လှည့်ဖြားလိုသူများ၊ အဖျက်အမှောင့်လုပ်လိုသူများ၊ ရာဇဝတ်မှုကျူးလွန်လိုသူများ၊ တစ်ဖက်လှည့်တိုက်ခိုက်လိုသူများ၊ အစွန်းရောက်ဝါဒီများ၊ ဖျက်လိုဖျက်ဆီးလုပ်လိုသူများ၊ အဆိုးမြင်သူများ၊ ဘာသာရေး၊ လူမျိုးရေးအစွန်းရောက်များလည်းရှိနိုင်သဖြင့် ထိုသူများ၏ ဝါဒဖြန့်မှုများတွင် ရိုးသားပြီး အပြစ်ကင်းစင်သည့်ပြည်သူများ နားယောင်၍ မျက်စိလည်မသွားစေရန် သတိပြုရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဆိုရှယ်မီဒီယာ၏ လူမှုဘဝစွမ်းဆောင်နိုင်မှုကို အသိအမှတ်ပြုရမည်ဖြစ်သည်။ အသုံးပြုသူသည် အွန်လိုင်းပေါ်တွင် နေရာတစ်နေရာ လွတ်လပ်စွာပိုင်ဆိုင်ခွင့်ရှိသည်။ မိမိအကြောင်းကို လွတ်လပ်စွာ ပြောခွင့်ရှိသကဲ့သို့ အခြားသူများအကြောင်းကို သိခွင့်ရှိသည်။ သို့သော် လူပုဂ္ဂိုလ်တစ်ယောက် ကိုယ်ပိုင်အခွင့်အရေးနှင့် ဂုဏ်သိက္ခာထိခိုက်မှု၊ လူ့အသိုင်းအဝိုင်း၏ တည်ငြိမ်မှု၊ အေးချမ်းမှုကို မထိပါးစေရေး သတိပြုရမည်ဖြစ်ပြီး ယင်းအတွက် အကာအကွယ်ပေးရမည် ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

## ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားမည်

ကျွန်တော်တို့နိုင်ငံဟာ အဘက်ဘက်မှာ လိုအပ်ချက်တွေနဲ့ ဆင်းရဲနွမ်းပါးဆဲဖြစ်တာကြောင့် နေရာ၊ ကဏ္ဍအသီးသီးမှာ အများကြီးဆက်လက်ရုန်းကန်ကြိုးပမ်းကြရဦးမှာဖြစ်ပါတယ်။ နိုင်ငံတကာမျက်နှာစာမှာလည်း ဖိအားပေးမှုတွေ၊ ဝေဖန်မှုတွေနဲ့ အထင်အမြင်လွဲမှားနေတာတွေလည်း ရင်ဆိုင်နေရပါတယ်။ ကျွန်တော်တို့နိုင်ငံနဲ့ ကျွန်တော်တို့ ပြည်သူတွေ ဒီကနေ့ တွေ့ကြုံရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေကလည်း မနည်းလှပါဘူး။ အရာရာတိုင်းကို လွယ်လင့်တကူဖြေရှင်းနိုင်မှာ မဟုတ်ပေမယ့်လည်း ကျွန်တော့်အနေနဲ့ အစွမ်းကုန်ကြိုးပမ်း အားထုတ်ပြီး ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားရမှာပဲ ဖြစ်ပါတယ်။

(၃၀-၃-၂၀၁၈ရက်နေ့က ကျင်းပသည့်ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနားၶ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုး

အတိတ်ကကျန်ခဲ့တဲ့ အမွေဆိုးတွေကို ဖယ်ရှားကျော်လွှားဖို့၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့အနာဂတ်အတွက် မျှော်လင့်ချက်တွေကို ဖြည့်ဆည်းဖို့ ကြိုးပမ်းတဲ့နေရာမှာ ကျွန်မတို့တွေ သင်ခန်းစာယူနိုင်တဲ့ အခွင့်အရေးတွေ အများကြီးရခဲ့ရပါတယ်။ သစ္စာ၊ မေတ္တာ၊ သတ္တိ၊ မုဒိတာ ဘယ်လောက်လိုအပ်တယ်၊ လောဘ၊ ဒေါသ၊ မောဟတွေ ဘယ်လောက်များပြားဆိုးရွားတယ်၊ မိတ်ဆွေကောင်းတွေရဲ့ကျေးဇူး ဘယ်လောက်ကြီးမားတယ်ဆိုတာကို ပိုမိုလို့ သိနားလည်လာရပါတယ်။ အားလုံးအထက်မှာ ကျွန်မတို့အတွက် အရေးအကြီးဆုံးသင်ခန်းစာကတော့ ပြည်သူရဲ့နားလည်ထောက်ခံမှု၊ အားပေးမှုများရဲ့ အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုးပါပဲ။

(၁ - ၄ - ၂၀၁၈ ရက်နေ့က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှကောက်နုတ်ချက်)



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယသံအမတ်ကြီး မစ္စတာ ဆော်ရက်(ဘ်)ကူးမားအား လက်ခံတွေ့ဆုံစဉ်။ (သတင်းရှေ့ဖုံး)



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဩစတြေးလျသံအမတ်ကြီး မစ္စ အင်ဒရီယာ ဖော့ခ်နာအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းရှေ့ဖုံး)

## တောင်ငူဗိုလ်ချုပ်အောင်ဆန်း စာကြည့်တိုက်သို့ ခရိုင်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှ စာအုပ်များလှူဒါန်း

**တောင်ငူ ဧပြီ ၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ဗိုလ်ချုပ်အောင်ဆန်းစာကြည့်တိုက်သို့ လူငယ်များ မူးယစ်ဆေးဝါးသုံးစွဲခြင်းမှ ရှောင်ကြဉ်စေနိုင်ရန်ရည်ရွယ်ချက်ဖြင့် တောင်ငူခရိုင် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(MANA) အဖွဲ့ဥက္ကဋ္ဌ ဦးစံလှ(စံကေတု)နှင့် အတွင်းရေးမှူး ဦးဌေးဝင်းတို့က မူးယစ်ဆေးဝါးဆန့်ကျင်ရေးဂျာနယ်များနှင့် ဗဟုသုတရရှိစေမည့် သုတ၊ ရသစာအုပ်မျိုးစုံအုပ်ရေ ၆၀ တို့အား ဧပြီ ၃ ရက်နံနက်ပိုင်းက အဆိုပါ စာကြည့်တိုက်သို့ လာရောက်လှူဒါန်းရာ စာကြည့်တိုက်နာယက ဦးကျော်လှ(သမာဓိ)နှင့် စာကြည့်တိုက်မှူး ဦးအောင်သန်း(အောင်ခန့်ဖြိုးဝေ၊ တောင်ငူ)တို့က လက်ခံရယူပြီးဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်လှ(တောင်ငူ)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆွစ်ဇာလန်သံအမတ်ကြီး မစ္စတာတင်မ် အန်ဒါလင်အား လက်ခံတွေ့ဆုံစဉ်။ (သတင်းရှေ့ဖုံး)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဥရောပသမဂ္ဂရွေးကောက်ပွဲ နောက်ဆက်တွဲလေ့လာရေး အဖွဲ့ခေါင်းဆောင်အား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ဥရောပသမဂ္ဂရွေးကောက်ပွဲ နောက်ဆက်တွဲလေ့လာရေးအဖွဲ့ (EFM) ၏ ခေါင်းဆောင် Mr. Alexander Graf Lambsdorff အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာကိစ္စ၊ မြန်မာနိုင်ငံ၏ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ လေ့လာသုံးသပ်ချက်များနှင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်ကိစ္စ၊ ရွေးကောက်ပွဲတွင် မဲဆန္ဒနယ်မြေများ၌ မဲပေးပိုင်ခွင့်ရှိသူများ၏ အခွင့်အရေးဆုံးရှုံးမှု မရှိစေရေးနှင့် မဲဆန္ဒရှင်စာရင်းများ ကွဲလွဲမှုမရှိစေရေးဆိုင်ရာကိစ္စ၊ ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများ စိစစ်ရေးဆိုင်ရာကိစ္စ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေနှင့်ပတ်သက်သည့်ကိစ္စ၊ လွှတ်တော်၏ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီး H.E. Mr. Kristian Schmidt တို့ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ဥရောပသမဂ္ဂရွေးကောက်ပွဲ နောက်ဆက်တွဲလေ့လာရေးအဖွဲ့ခေါင်းဆောင်အား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် ဥရောပသမဂ္ဂ ရွေးကောက်ပွဲ နောက်ဆက်တွဲလေ့လာရေးအဖွဲ့ (EU Election Follow-up Mission, EU-EFM) ခေါင်းဆောင် Mr. Alexander Graf Lambsdorff နှင့်အဖွဲ့အား ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲများကျင်းပရာတွင် စံ (၅) ချက်ဖြင့် ဦးတည်ချက်ထား ဆောင်ရွက်လျက်ရှိမှု၊ EU-EFM ၏ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အကြံပြုချက်များနှင့် စပ်လျဉ်း၍ ကော်မရှင်ကဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ရွေးကောက်ပွဲများတွင် ပြည်တွင်း၊ ပြည်ပ စောင့်ကြည့်လေ့လာရေးအဖွဲ့များ ခွင့်ပြုပေးလျက်ရှိမှုတို့ကို ရှင်းလင်းပြောကြားခဲ့ပြီး Mr. Alexander Graf Lambsdorff က ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ အမျိုးသမီးများရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပါဝင်မှုမြှင့်တင်ရေး၊ မဲဆန္ဒနယ်ပြင်ပ ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်တို့နှင့်စပ်လျဉ်း၍ သိရှိလိုသည့် မေးမြန်းမှုများအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် EU-EFM တို့အကြား ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို သြစတြေးလျသံအမတ်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၃**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် မြန်မာနိုင်ငံဆိုင်ရာ သြစတြေးလျနိုင်ငံ သံအမတ်ကြီး မစ္စအင်ဒရီရာ ဖော့ခ်နာနှင့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် သာသနာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **သတင်းစဉ်**

# ရွှေမင်းဝံ အဆင့်မြင့်နှစ်ထပ်ဈေးသစ်ကြီးတည်ဆောက်မှု ၇၅ ရာခိုင်နှုန်း ပြီးစီး

**စစ်ကိုင်း မေ ၃**

စစ်ကိုင်းမြို့ ရွှေမင်းဝံရပ်ကွက်အတွင်း အသစ်တည်ဆောက်နေသော ရွှေမင်းဝံအဆင့်မြင့်နှစ်ထပ်ဈေးသစ်ကြီးမှာ လက်ရှိတွင် ၇၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းမြို့ စည်ပင်သာယာရေးကော်မတီမှ သိရသည်။

အဆိုပါ ရွှေမင်းဝံ အဆင့်မြင့်နှစ်ထပ်ဈေးသစ်ကြီးကို ၂၀၁၈ ခုနှစ် ဇွန် ၉ ရက်က ပန္နက်တင် အခမ်းအနားပြုလုပ်ခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများကို စတင်ခဲ့ကာ လက်ရှိတွင် ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး ယခုနှစ် မေ ၁ ရက်တွင် ဖွင့်လှစ်နိုင်ရန် ရည်မှန်းထားကြောင်း စစ်ကိုင်းမြို့ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်က ပြောသည်။

ယခု အသစ်ဆောက်လုပ်သည့် ရွှေမင်းဝံ အဆင့်မြင့်နှစ်ထပ်ဈေးသစ်ကြီးမှာ "ယူ" ပုံသဏ္ဌာန်ဖြစ်ပြီး အခန်းပေါင်း ၂၂၂ ခန်း ပါဝင်သည်။ ဆိုင်ခန်းဈေးနှုန်းများအနေဖြင့် ကျပ်သိန်း ၂၀၀၊ ၁၅၀၊ ၇၅ သိန်းနှင့် အမိုးပါအကာမဲ့ ဆိုင်ခန်းတစ်ခန်းလျှင် ငွေကျပ် ၁၅ သိန်းတို့ဖြင့် ရောင်းချပေးခဲ့ကြောင်း၊ ရောင်းချရာတွင်လည်း လက်ရှိရောင်းချနေသည့် ဈေးသည်များကို ဦးစားပေး အရစ်ကျစနစ်ဖြင့် ရောင်းချပေးခဲ့ကြောင်း စစ်ကိုင်းမြို့ စည်ပင်သာယာရေးကော်မတီမှ သိရသည်။

**ကိုမင်း(အင်းတော်)**



# ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဇန်နဝါရီလအထိ မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန် အခြေအနေ

**နေပြည်တော် မေ ၃**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဇန်နဝါရီလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၅၅ ဒသမ ၁၄ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၁၈ ဒသမ ၅၅ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၇၃ ဒသမ ၆၉ သန်း ဖြစ်ပါသည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၄၅ ဒသမ ၁၄ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၂၂ ဒသမ ၄၈ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၆၇ ဒသမ ၆၂ သန်း ဖြစ်ပါသည်။ သို့ဖြစ်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဇန်နဝါရီလအတွက် စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၁၄၁ ဒသမ ၃၁ သန်းဖြစ်ပြီး စုစုပေါင်း ကုန်သွယ်မှုပိုငွေမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၀၇ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဇန်နဝါရီလအထိ မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၉၃၅ ဒသမ ၇၀ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၃၁၈ ဒသမ ၀၈ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၂၅၃ ဒသမ ၇၈ သန်း ဖြစ်ပါသည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၀၂၇ ဒသမ ၅၆ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၀၀ ဒသမ ၂၉ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ် လာ ၆၀၂၇ ဒသမ ၈၅ သန်း ဖြစ်ပါသည်။ သို့ဖြစ်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဇန်နဝါရီလအထိ စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၁၂၈၁ ဒသမ ၆၃ သန်း ဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၇၇၄ ဒသမ ၀၇ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရသည်။

**သတင်းစဉ်**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း EFM ၏ ခေါင်းဆောင်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဧပြီ ၃**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ဥရောပသမဂ္ဂရွေးကောက်ပွဲ နောက်ဆက်တွဲ လေ့လာရေးအဖွဲ့ (EFM) ၏ ခေါင်းဆောင် Mr. Alexander Graf Lambsdorff နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် ဥရောပသမဂ္ဂရွေးကောက်ပွဲ နောက်ဆက်တွဲလေ့လာရေးအဖွဲ့ (EFM) ၏ ၂၀၁၆ ခုနှစ်က တင်သွင်းခဲ့သော မြန်မာနိုင်ငံ ရွေးကောက်ပွဲ အစီရင်ခံစာနှင့် စပ်လျဉ်းသည့်ကိစ္စ၊ ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်ခဲ့**

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဒေါက်တာသန်းမြင့် ထားဝယ်အထူးစီးပွားရေးဇုန် ဆောင်ရွက်မှုအခြေအနေများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၃**

နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်တို့သည် ဧပြီ ၁ ရက် နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ဆောင်ရွက်လျက်ရှိသည့် ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေး အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ တည်ဆောက်ရေးရုံးခန်းမ၌ ထားဝယ် အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ (၂) ဒေါက်တာမြင့်ဆန်းက Two Lane Road Overview ကနဦး တည်ဆောက်ရေးလုပ်ငန်း ကိုးခုကို ခွဲဝေနေရာချထားပေးမှုနှင့် ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်တို့က လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်က တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် မြန်မာ-ထိုင်း ဆက်ဆံရေးရုံးများသို့ သွားရောက်ကြည့်ရှုကြရာ မြန်မာ- ထိုင်းဆက်ဆံရေး မန်နေဂျာ Dr. Somchet Tinnapong က လိုက်လံရှင်းလင်းပြသပြီး နှစ်လမ်းသွားကားလမ်း၏အစဖြစ်သော (၀) ကီလိုမီတာမှတ်တိုင်သို့လည်းကောင်း၊ တည်ဆောက်ရေးဇုန်အတွင်းသို့ လည်းကောင်း၊ Small Port ဆိပ်ကမ်းငယ် တည်ဆောက်ထားရှိမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် ယင်းနေ့ မွန်းလွဲပိုင်းတွင် ထားဝယ်မြို့ ထားဝယ်ဟိုတယ် အစည်းအဝေးခန်းမ၌ ကုန်သည် လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက မိမိတို့အဖွဲ့သည် တနင်္သာရီတိုင်းဒေသကြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ပြည်တွင်း၌ စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ထားပြီးဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် စနစ်တကျ ပြည်ပကုမ္ပဏီများနှင့် ပူးတွဲလုပ်ဆောင်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**နိုင်ငံခြားငွေပိုမိုရရှိလာမည်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးစေရန်အတွက် ပြည်တွင်းမှ လုပ်သားများအား အလုပ်အကိုင်ရရှိစေရေး အသုံးပြုပါက စီးပွားရေးတိုးတက်လာမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဘဏ်များမှလည်း SME လုပ်ငန်းရှင်များအား ချေးငွေများ ထုတ်ချေးပေးမည်ဖြစ်ကြောင်း၊ ပြည်တွင်းထုတ်ကုန်များအား တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် တင်ပို့ရောင်းချပါက နိုင်ငံခြားငွေပိုမိုရရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက လိုအပ်သည်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ်စကားပြောကြားသည်။

**သတင်းစဉ်**



# ပျော်ရွှင်ဆင်နွှဲ တိုင်းရင်းသားရိုးရာပွဲ ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

**ရန်ကုန် ဧပြီ ၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ဖော်ထုတ်နိုင်ရန် ရည်ရွယ်၍ "ပျော်ရွှင်ဆင်နွှဲ တိုင်းရင်းသားရိုးရာပွဲ" ခေါင်းစဉ်ဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ကျင်းပသွားပါမည်။ အဆိုပါပြိုင်ပွဲကို တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ၊ ယဉ်ကျေးမှုပွဲတော်များ၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ တိုင်းရင်းသားများ၏ ဝတ်စားဆင်ယင်မှုနှင့် ရိုးရာအသုံးအဆောင်ပစ္စည်းများ၊ စာပေ၊ သဘင်၊ ဂီတဖွံ့ဖြိုးတိုးတက်လာမှုများကို ဖော်ညွှန်းရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည် ဖြစ်ပါသည်။

**မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်**

ပြိုင်ပွဲစည်းကမ်းချက်များမှာ ပြိုင်ပွဲတွင် မြန်မာနိုင်ငံသား မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်ဓာတ်ပုံသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသော ရောင်စုံဓာတ်ပုံဖြစ်ရမည်။

ပြိုင်ပွဲဝင် ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ × ၁၄ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပုံအရေအတွက် အကန့်အသတ်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။

ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသည့် ဓာတ်ပုံများအား ယှဉ်ပြိုင်ခြင်းမပြုရပါ။

**ပူးတွဲတင်ပြပါရှိရမည်**

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများ မဖြစ်ရပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ပေးပို့ရာတွင် ဓာတ်ပုံအရွယ်အစား၊ ၁၀ လက်မ × ၁၄ လက်မ ဓာတ်ပုံ Hard Copy နှင့် Soft Copy(CD)တို့ကို ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံတွင် အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ၏ အကြောင်းအရာ၊ ရိုက်ကူးသည့်နေရာဒေသ၊ ကိုယ်တိုင်ရိုက်ကူးထားကြောင်း ဝန်ခံချက်တို့ကို ဓာတ်ပုံတိုင်း၏ နောက်ကျော၌ သီးခြားစက္ကူဖြင့်ကပ်၍ တစ်ပါတည်း ပူးတွဲတင်ပြပါရှိရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများအား ပြိုင်ပွဲကျင်းပသည့်ဌာနအနေဖြင့် အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာ ပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို ပြိုင်ပွဲဝင်သူမှ သဘောတူခွင့်ပြုရပါမည်။

**ချီးမြှင့်သွားမည်**

ပြိုင်ပွဲတွင် ဆုရရှိသူများအား ပထမဆု သုံးသိန်း၊ ဒုတိယဆု နှစ်သိန်းငါးသောင်း၊ တတိယဆု နှစ်သိန်းနှင့် အထူးဆု တစ်သိန်းစီ စုစုပေါင်းဆုရှစ်ဆု ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို မေ ၂ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး(ထုတ်လုပ်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် (၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး မစ္စတာ ဆော်ရက်(ဘ်)ကူးမား အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်မြှင့်တင် ဆောင်ရွက်နိုင်မည့်အခြေအနေ၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေ၊ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး အားကစားအဖွဲ့များ၊ ယဉ်ကျေးမှုအဖွဲ့များနှင့် အဆင့်အလိုက် ချစ်ကြည်ရေး အဖွဲ့များ အပြန်အလှန်စေလွှတ်နေမှုအခြေအနေနှင့် ပင်လယ်ရေကြောင်း တိုင်းတာရေးအပါအဝင် နှစ်နိုင်ငံရေတပ်များအကြား ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



# ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ အစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၃**

ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ ပထမအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**လက်မှတ်ရေးထိုး**

အစည်းအဝေးတွင် ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်နှင့် ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် Ms. Pramila Patten တို့အကြား ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးတွဲကြေညာချက်ကို လက်မှတ်ရေးထိုးခဲ့ပါကြောင်း။

**အကောင်အထည်ဖော် ဆောင်ရွက်သွားမည်**

အဆိုပါပူးတွဲကြေညာချက်ကို အကောင်အထည်ဖော်ရန်အတွက် အမျိုးသားအဆင့်ကော်မတီကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း၊ အမျိုးသား ကော်မတီအနေဖြင့် လုပ်ငန်းတာဝန် (၅) ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကော်မတီအနေဖြင့် ပူးတွဲကြေညာချက်ပါ ဆောင်ရွက်ရမည့်ကဏ္ဍ (၆) ရပ်အနက် ဦးစားပေးကဏ္ဍများကို သတ်မှတ်၍ အရှိန်အဟုန်ဖြင့် တိုးမြှင့်အကောင်အထည်ဖော်ခြင်း၊ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်တစ်ရပ်ကို ပြည်တွင်း၌ ညှိနှိုင်းရေးဆွဲခြင်း၊ လုပ်ငန်းစီမံချက် ရေးဆွဲရာတွင် ကုလသမဂ္ဂနှင့် ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက် မှုဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ရုံးတို့မှ နည်းပညာနှင့် အကြံဉာဏ်များရယူနိုင်ရေး ဆောင်ရွက်ခြင်း၊ ပူးတွဲကြေညာ ချက်အား အကောင်အထည်ဖော်ရာတွင် တိုးတက်မှုရလဒ်များကို စုစည်းပြုစု၍ ကုလသမဂ္ဂနှင့် နိုင်ငံတကာသို့ အသိပေးခြင်း၊ အမျိုးသမီးများအား လိင်အကြမ်း ဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးနှင့်စပ်လျဉ်းပြီး ပြန်ကြားရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ သတင်းမီဒီယာများမှတစ်ဆင့် လူထု အား အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်သွားမည် ဖြစ်ပါကြောင်း။

ယခု ပထမအကြိမ်အစည်းအဝေးတွင် ပူးတွဲကြေညာချက်ပါ ဆောင်ရွက် ရမည့် ကဏ္ဍ(၆) ရပ်အနက် ဦးစားပေးကဏ္ဍများ သတ်မှတ်ခြင်း၊ အမျိုးသား အဆင့် လုပ်ငန်းစီမံချက် (မူကြမ်း) ရေးဆွဲနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ဆွေးနွေးချမှတ်**

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် အမျိုးသားအဆင့် ကော်မတီအဖွဲ့ဝင်များဖြစ်ကြသော ဒုတိယဝန်ကြီးဦးစိုးအောင်၊ ကာကွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် တာဝန်ရှိသူများက အမျိုးသားအဆင့်ကော်မတီ၏ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရေးအတွက် လုပ်ငန်းကော်မတီအားဖွဲ့စည်းသွားရန်၊ အမျိုးသားအဆင့် ကော်မတီ၏ ပထမအကြိမ်အစည်းအဝေးတွင်တင်ပြသည့် အချက်အလက်များ အပေါ် မူတည်၍ Action Plan (မူကြမ်း) စုစည်းရေးဆွဲပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အတည်ပြုချက်ရယူရန်အပါအဝင် အစည်းအဝေး ဆုံးဖြတ်ချက် (၈)ချက်နှင့် ရှေ့လုပ်ငန်းစဉ် (၈) ရပ်ကို ဆွေးနွေးချမှတ်ခဲ့ကြသည်။

ပူးတွဲကြေညာချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားကော်မတီဖွဲ့စည်းခြင်း၊ ကော်မတီ၏ ညှိနှိုင်းအစည်းအဝေး ကျင်းပ ခြင်းနှင့် လုပ်ငန်းစီမံချက်ညှိနှိုင်းရေးဆွဲခြင်း စသော ဖြစ်ပေါ်တိုးတက်မှုများကို ၂၀၁၉ ခုနှစ် မေ ၂၆ ရက်တွင် ကျင်းပမည့် ပဋိပက္ခနှင့်စပ်လျဉ်းသော အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ လုံခြုံရေးကောင်စီ တံခါးဖွင့် ဆွေးနွေးပွဲ၊ ၂၀၁၈ ခုနှစ်အတွက် ပဋိပက္ခနှင့်စပ်လျဉ်းသော အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အစီရင်ခံစာတို့တွင် ထည့်သွင်းဖော်ပြခြင်းဖြင့် မြန်မာနိုင်ငံ၏ အပြုသဘောဆောင်သော ဖြစ်ပေါ် တိုးတက်မှုများကို နိုင်ငံတကာသို့ အသိပေးမှုများ ဆောင်ရွက်သွားမည်ဖြစ် ကြောင်း သိရသည်။



**သတင်းစဉ်**

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မေ ၃**

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသား အဆင့် မဟာဗျူဟာစီမံကိန်းရေးဆွဲခြင်းဆိုင်ရာ ညှိနှိုင်း အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော် M Gallery Hotel ၌ ကျင်းပသည်။

**အရှိန်အဟုန်မြှင့်ဆောင်ရွက်**

ရှေးဦးစွာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးစိုးအောင်က လူသားအားလုံးသာတူညီမျှ ရရှိ ခံစားနိုင်စေရေးအတွက် မသန်စွမ်းသူများ၏ အခွင့်အရေး များနှင့်ပတ်သက်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိကြောင်း၊ ၂၀၁၈ ခုနှစ် အာဆီယံနိုင်ငံများမှ သဘော တူညီခဲ့သည့် ASEAN Enabling Masterplan ကို အခြေခံ၍ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက် ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) နှင့် ချိတ်ဆက်ပြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း၏ ကဏ္ဍအလိုက် ထားရှိရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းစွာရေးဆွဲနိုင်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင် များ (၂၀၃၀)၊ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း၊ ဆက်စပ်ဝန်ကြီး ဌာနများ၏ ဥပဒေ၊ နည်းဥပဒေများ လုပ်ငန်းအစီအစဉ်များ နှင့် ချိတ်ဆက်ရေးဆွဲရန် လိုအပ်ပါကြောင်း၊ ဆပ်ကော်မတီ များအနေဖြင့် နယ်ပယ်(၆)ရပ်ဖြစ်သော ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်ရရှိရေး၊ လူမှုကာကွယ်စောင့်ရှောက် ရေး၊ သဘာဝဘေးနှင့် အခြားအရေးပေါ် အခြေအနေများ အလွယ်တကူ လက်လှမ်းမီရရှိနိုင်ရေးတို့ကို ဆက်စပ် ဝန်ကြီးဌာနများနှင့် ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ဆွေးနွေးပွဲနှင့် သုတေသနလုပ်ငန်းများမှ ရရှိလာမည့်ရလဒ်များကို အခြေခံ၍ စနစ်ကျသော ဦးစားပေးရွေးချယ်မှုများ၊ ဘဏ္ဍာငွေရေးဆွဲထည့်သွင်းခြင်း လုပ်ငန်းစဉ်အဆင့်ဆင့် ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယခုနှစ် ဒီဇင်ဘာလအတွင်း မဟာဗျူဟာစီမံကိန်းမူကြမ်းကို တင်ပြသွားရန် လျာထားပါကြောင်း ပြောကြားသည်။

ထို့နောက် UNICEF Myanmar မှ ဌာနေ ကိုယ်စားလှယ် (ကိုယ်စား) Mr. Samman J.Thapa က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ဦးစားပေး နယ်ပယ် (၆)ခုနှင့်ပတ်သက်၍ ဆွေးနွေးခြင်း၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်နှင့် အခြားအကျိုးတူ ပူးပေါင်း ဆောင်ရွက်နေသည့် မသန်စွမ်းအဖွဲ့အစည်းများနှင့် ဖွံ့ဖြိုး တိုးတက်မှု မိတ်ဖက်အဖွဲ့အစည်းများ၏ အယူအဆ၊ သဘောထားများအား အကြံပြုတင်ပြဆွေးနွေးခြင်း၊ မေးခွန်းများမေးမြန်းခြင်းတို့ကို သက်ဆိုင်ရာတာဝန်ရှိသူ များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲကို နှစ်ရက်တာ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

»»» ကျောဖုံးမှ
ရက်အထိ ယှဉ်ပြိုင်ကစားကြရာ တတိယနေရာလု ပွဲစဉ်ကို ယနေ့နံနက် ၇ နာရီတွင် ရှမ်းပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ရှမ်းပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရကာ တံခွန်စိုက်ဒိုင်းကို ရရှိခဲ့သည်။

ပြိုင်ပွဲအပြီး ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အကောင်းဆုံးဂိုးသမားဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ယဉ်ယဉ်မိုးနိုင်၊ နောက်တန်းအကောင်းဆုံး အားကစားသမားဆု ရရှိသည့် ကရင်ပြည်နယ်အသင်းမှ နှင်းထက်ထက်ဝေ၊ အလယ်တန်းအကောင်းဆုံး အားကစားသမားဆုရရှိသည့် ရှမ်းပြည်နယ်အသင်းမှ နန်းချိုမွှေး၊ ရှေ့တန်းအကောင်းဆုံး အားကစားသမားဆုရရှိသည့် ကရင်ပြည်နယ်အသင်းမှ နန်းထက်ထက်ဝင်းနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ စန်းစန်းမော်တို့ကို ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် တတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းအား ငွေသားဆု ကျပ် ခုနစ်သိန်းနှင့် တစ်ဦးချင်း ဆုတံဆိပ်များကိုလည်းကောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်က ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်အသင်းအား ငွေသားဆု ကျပ် ၁၀ သိန်းနှင့် တစ်ဦးချင်း ဆုတံဆိပ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းအား ငွေသားဆု ကျပ် ၁၅ သိန်း၊ တစ်ဦးချင်း ဆုတံဆိပ်များနှင့် ၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်သည်။

**သတင်းစဉ်**

# ရင်းနှီးမြှုပ်နှံမှုနှင့်စီးပွားရေးလုပ်ငန်းဥပဒေများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဧပြီ ၃**

ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် အမေရိကန်နိုင်ငံအခြေစိုက် Duane Morris &Selvam LLP တို့ပူးပေါင်း၍ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်း ဥပဒေများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပသည်။





အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည့် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းဥပဒေများကို ပြင်ဆင်ပြဋ္ဌာန်းလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် များစွာအလားအလာရှိသည့် နိုင်ငံဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင်လည်း ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းဖြစ်ထွန်းလာရေးကို အလေးထားဆောင်ရွက်နေပါကြောင်း၊ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူချောမွေ့စွာဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေတို့ကို နိုင်ငံတကာကျင့်သုံးမှုများနှင့် လိုက်လျောညီထွေစွာ ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အငြင်းပွားမှုများ ဖြေရှင်းနိုင်ရေးအတွက် အနုညာတစီရင်ဆုံးဖြတ်ရေး ဥပဒေပြဋ္ဌာန်းခြင်း၊ New York Convention သို့ အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ ဘာသာရပ်ဆိုင်ရာသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းဖြင့် အတွေ့အကြုံဗဟုသုတများတိုးပွားစေပြီး ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဆိုင်ရာ ဥပဒေများကိုထိရောက်စွာ ကျင့်သုံးဆောင်ရွက်နိုင်မည်ဖြစ်ကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေပါကြောင်း ပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှဒုတိယ ရှေ့နေချုပ် ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် Duane Morris &Selvam LLP မှ Mrs. Arafat Selvam၊ Managing Director Mr. Krishna Ramachandra၊ ပြည်ထောင်စုရှေ့နေချုပ်(ငြိမ်း) ဒေါက်တာထွန်းရှင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

## ကွီဘူရီဖရုကန်းနင်း နာနတ်သီးစက်ရုံ အကျပ်အတည်းအား MOEAFနှင့် သက်ဆိုင်ရာအေဂျင်စီများ ကူညီဖြေရှင်းပေးခဲ့

**ဗန်ကောက် ဧပြီ ၃**

ထိုင်းနိုင်ငံ ကွီဘူရီမြို့နယ် ပကျွက်ခီရီခန်ခရိုင်ရှိ ကွီဘူရီနာနတ်သီးစက်ရုံတွင် ကုန်ကြမ်းပစ္စည်းပြတ်လပ်မှုကြောင့် အလုပ်သမားများအား တစ်လအလုပ်နား၍ မြန်မာပြည်သို့ ပြန်ခိုင်းရန် လုပ်ငန်းရှင်ဘက်မှ စီစဉ်နေမှုအား မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များ အဖွဲ့ချုပ် (MOEAF) နှင့် သက်ဆိုင်ရာ အေဂျင်စီမှ ဧပြီ ၂ ရက်က သွားရောက်ကူညီဖြေရှင်းပေးခဲ့ကြောင်း သိရသည်။

ယင်းကုမ္ပဏီတွင် ရွှေ့ပြောင်းလုပ်သား ၁၄၀၀ အပြင် မြန်မာအေဂျင်စီ သုံးခုမှ တရားဝင် MoU စနစ်ဖြင့် ပို့ဆောင်ပေးခဲ့သော အလုပ်သမား ၁၉၆ ဦးခန့် အလုပ်လုပ်ကိုင်လျက်ရှိပြီး အလုပ်သမားများက အကူအညီပေးနိုင်ပါရန် အလုပ်သမားသံအရာရှိရုံးနှင့် MOEAF(ထိုင်း) Call Centre သို့ တိုင်ကြားအကူအညီ တောင်းခံခဲ့ခြင်းဖြစ်သည်။



"MOEAF အနေနဲ့ကတော့ သိသိချင်း အလုပ်သမားသံအရာရှိထံ သတင်းပို့ပြီး သက်ဆိုင်ရာ အေဂျင်စီနဲ့အတူ အချိန်နဲ့တစ်ပြေးညီ သွားရောက်ဖြေရှင်းပေးခဲ့ပါတယ်။ ကွီဘူရီ ပြဿနာက အလုပ်သမားများဘက်က အလုပ်လုပ်ကိုင်ဖို့ အဆင်သင့်ဖြစ်နေပေမယ့် အလုပ်ရှင်က အလုပ်မပေးနိုင်တဲ့ကိစ္စဖြစ်တယ်။ ဒါကြောင့် အလုပ်မလုပ်ရပေမယ့် ဥပဒေအရ လုပ်ခလစာကို အပြည့်အဝ ခံစားခွင့်ပေးရမှာ ဖြစ်ပါတယ်။ ဒီကိစ္စက သဘာဝဘေးအန္တရာယ်ကြောင့်မဟုတ်ဘဲ ကြိုတင်ခန့်မှန်းသိရှိနိုင်တဲ့ ကိစ္စဖြစ်တဲ့အတွက်ကြောင့် ထိုင်းအလုပ်သမားကာကွယ်စောင့်ရှောက်ရေး ဥပဒေ BE 2541ရဲ့ ပုဒ်မ ၇၅ ကို အလုပ်ရှင်က သုံးစွဲပိုင်ခွင့်မရှိပါဘူး။ သဘော ကတော့ အလုပ်ရှင်က အလုပ်မပေးနိုင်တဲ့ ရက်တွေမှာ အလုပ်သမားက အလုပ်မလုပ်ရသော်လည်း တစ်နေ့လုပ်ခ ၇၅ ရာခိုင်နှုန်းပေးလို့မရပါဘူး။ ၁၀၀ ရာခိုင်နှုန်း အပြည့်ပေးရမယ်လို့ အသိပေးခဲ့တယ်။ နောက်ဆုံးတော့ အလုပ်သမားတွေကို မနားခိုင်းတော့ဘဲ အလုပ်ပြန်လုပ်ခွင့်ပြုခဲ့ရပါတယ်"ဟု သွားရောက် ဖြေရှင်းပေးခဲ့သော MOEAF အမှုဆောင်တစ်ဦးက ဖြေကြားခဲ့သည်။

အလုပ်ရှင်အနေဖြင့် မိမိအလုပ်သမားများအား ဥပဒေအရ ခံစားခွင့်အပြည့်အဝပေးရန် တာဝန်ရှိသော်လည်း ကုမ္ပဏီ၏ စီးပွားရေးအခက်အခဲကြောင့်သာ ညှိနှိုင်းအကူအညီတောင်းရခြင်းဖြစ်ကြောင်း ကွီဘူရီကုမ္ပဏီ၏ မန်နေဂျာ ခွန်အပိနန်ကလပ်တောင်းက ဆိုသည်။

"ကျွန်တော်တို့ အလုပ်သမားတွေကို အခု MOEAF နဲ့ အလုပ်ရှင်တို့ သဘောတူညီထားတဲ့အတိုင်း အလုပ်ဆက်လုပ်ခိုင်းထားပါတယ်။ ပြန်စရာမလိုတော့ပါဘူး။ အဲဒီအတွက်လည်း ဝမ်းသာပါတယ်။ လုပ်ခလစာလည်း အပြည့်အဝရပါမယ်။ တကယ် ရ၊ မရကိုလည်း တစ်ဦးချင်းစီမှတ်ထားဖို့ မှာသွားပါတယ်။ဆက်သွယ်တိုင်ကြားဖို့ ဖုန်းနံပါတ်တွေကိုလည်း အားလုံးကို ထပ်ပေးသွားပါတယ်။ ကျွန်တော်တို့ အနောက်မှာ အေဂျင်စီ၊ MOEAF အဖွဲ့ချုပ်နဲ့ မြန်မာသံရုံးက အလုပ်သမားသံအရာရှိတွေ မားမားမတ်မတ်ရပ်ပေးနေကြောင်း သိရတဲ့အတွက် အားတက်ရပါတယ်"ဟု ယင်းစက်ရုံတွင် တစ်နှစ်နှင့်ရှစ်လ လုပ်သက်ရှိ MoUလုပ်သား ကိုအောင်ကိုက ပြောခဲ့သည်။

သဘောတူညီချက်များကို အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်မှု ရှိ၊ မရှိအား မြန်မာသံရုံး၊ အလုပ်သမားသံအရာရှိရုံးနှင့် MOEAF ရုံးတို့က အနီးကပ်စောင့်ကြည့်လျက်ရှိပြီး မြန်မာအလုပ်သမားများ၏ အခွင့်အရေးများရရှိစေရန် ကြိုးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း MOEAF ပြန်ကြားရေးကော်မတီထံမှ သိရသည်။

**နန္ဒကျော်စွာ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်နှင့်အဖွဲ့ ပေကျင်းမြို့ရှိ စာအုပ်ထုတ်ဝေရေး၊ သတင်းစာလုပ်ငန်းနှင့် CGTN တို့တွင် ကြည့်ရှုလေ့လာ



**ပေကျင်း မေ ၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့်အတူ ယနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ စာအုပ်ထုတ်ဝေရေး၊ သတင်းစာလုပ်ငန်းနှင့် China Global Television Network(CGTN)တို့တွင် ကြည့်ရှုလေ့လာကြသည်။

**တွေ့ဆုံဆွေးနွေး**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နံနက်ပိုင်းတွင် ပေကျင်းမြို့ရှိ စာအုပ်ထုတ်ဝေရေးလုပ်ငန်းအုပ်စု (China Publishing Group Corporation)သို့ ရောက်ရှိပြီး စာအုပ်စာစောင် ထုတ်ဝေထားရှိမှုများကို ကြည့်ရှုလေ့လာ၍ ကော်ပိုရေးရှင်းအကြီးအကဲ မစ္စတာ တန်ယု ဦးဆောင်သော တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ကျောက်ယုထိုင် နိုင်ငံတော် ပန်းဥယျာဉ်အတွင်းရှိ ခန်းမ၌ Chinese Documentary Media Industry Group – CDMIG မှ မစ္စစ်ဇောင်ဝေ ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု စီးပွားရေးလမ်းညွှန်မှတ်တမ်းကို မြန်မာနိုင်ငံတွင် လာရောက်ရိုက်ကူးရေးအပါအဝင် မီဒီယာဆိုင်ရာများကို တွေ့ဆုံဆွေးနွေးသည်။

ထို့နောက် ပေကျင်းမြို့ရှိ ပြည်သူ့သတင်းစာတိုက်နှင့် Global Times သတင်းစာတိုက်များသို့ သွားရောက်ကြပြီး New Media လုပ်ငန်းဆောင်ရွက်မှုကို ကြည့်ရှုလေ့လာကြသည်။ ဆက်လက်၍ သတင်းစာထုတ်ဝေဖြန့်ချိရေးဆိုင်ရာများကို တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

**လှည့်လည်ကြည့်ရှု**

ညနေပိုင်းတွင် ပေကျင်းမြို့ရှိ China Global Television Network–CGTN သို့ ရောက်ရှိကြပြီး ခေတ်မီအဆောက်အအုံ ဆောက်လုပ်ထားရှိမှုနှင့် ၎င်းတွင် မီဒီယာများစုစည်းနေရာချထားပြီး လုပ်ငန်းဆောင်ရွက်မှုကို လည်းကောင်း၊ New Media လုပ်ငန်းတွင် သတင်းညှိနှိုင်းအစည်းအဝေးပြုလုပ်မှုအပါအဝင် လုပ်ငန်းဆောင်ရွက်နေမှုကို လည်းကောင်း၊ China Central Television- CCTV တွင် ရုပ်/သံထုတ်လွှင့်မှု စောင့်ကြည့်ထိန်းချုပ်မှုဆောင်ရွက်ခြင်းကိုလည်းကောင်း လှည့်လည်ကြည့်ရှုလေ့လာကြပြီး(ဓာတ်ပုံ) သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ညပိုင်းတွင် ပေကျင်းမြို့ရှိ Media Centre တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပြည်သူ့ရေးရာဌာန ဒုတိယဝန်ကြီးနှင့် China Media Group အကြီးအကဲ မစ္စတာ ရှန်ဟိုင်းရှုန် ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးကြပြီး ညစာကို အတူတကွ သုံးဆောင်ကြသည်။

**သတင်းစဉ်**

# နိုင်ငံတော်၏ ပညာရေးစနစ်အား (၂၁)ရာစု ကျွမ်းကျင်မှုများဖြင့် ပြည့်စုံသည့် သင်ရိုးသစ်များဖြင့် ပြောင်းလဲသင်ကြားပေးနေ

**မန္တလေး မေ ၃**

နိုင်ငံတော်၏ ပညာရေးစနစ်ကို (၂၁)ရာစု ကျွမ်းကျင်မှုများဖြင့် ပြီးပြည့်စုံ၍ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်သော အနာဂတ် နိုင်ငံ့သားကောင်းရတနာများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူများအတွက် သင်ရိုးသစ်များရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(ပညာ) ဒေါက်တာ တင်မောင်ဝင်းက ပြောကြားသည်။



**(၂၁)ရာစု ကျွမ်းကျင်မှု**

ယခင်က အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူများအား သာမန်ပညာသင်ယူခြင်းစနစ်ဖြင့် သင်ကြားပေးခဲ့သော်လည်း ယခုအခါ (၂၁)ရာစု ကျွမ်းကျင်မှုများဖြစ်သည့် စဉ်းစားဝေဖန် တွေးခေါ်နိုင်ခြင်း၊ တီထွင်ဖန်တီးနိုင်ခြင်း၊ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ခြင်းနှင့် ပြေပြစ်စွာ ဆက်သွယ်ဆက်ဆံနိုင်ခြင်း အစရှိသည့် အရည်အသွေးများရရှိစေရန် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစ၍ KG၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် Grade-1 နှင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် Grade-2 သင်ရိုးညွှန်းတမ်းများကို သင်ရိုးသစ်များဖြင့် ပြောင်းလဲသင်ကြားပေးခဲ့ပြီး လာမည့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် မူလတန်းအဆင့် Grade-3 နှင့် အလယ်တန်းအဆင့် Grade-6 သင်ရိုးညွှန်းတမ်းများကို သင်ရိုးအသစ်ဖြင့် ပြောင်းလဲသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အကောင်အထည်ဖော်**

"ဒီလိုသင်ရိုးသစ်တွေ ရေးဆွဲတဲ့အခါမှာလည်း (၂၁)ရာစုနဲ့ ကိုက်ညီမယ့် ဘာသာရပ်တွေကို ပြည်တွင်း၊ ပြည်ပက သင်ရိုးပညာရှင်တွေနဲ့ ဘာသာရပ်ဆိုင်ရာ ပညာရှင်တွေ ပူးပေါင်းပြီး စနစ်တကျ အဆင့်ဆင့် ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ ၂၀၁၉-၂၀၂၀ မှာ ပြောင်းလဲသင်ကြားမယ့် သင်ရိုးသစ်တွေအတွက် Grade- 3 သင်ရိုးမှာ ဘာသာရပ် ၁၀ ခုနဲ့ Grade-6 သင်ရိုးမှာ ဘာသာရပ် ၁၁ ခု ပါဝင်ပါတယ်"ဟု ၎င်းက ပြောသည်။

ယခုကဲ့သို့ သင်ရိုးသစ်များဖြင့် ပြုပြင်ပြောင်းလဲ သင်ကြားပေးမှုတွင် သင်ယူမည့် ကလေးများအတွက် အလွန်အရေးပါသကဲ့သို့ လက်တွေ့သင်ကြားပေးမည့် ဆရာ ဆရာမများ၏ အခန်းကဏ္ဍသည်လည်း အလွန်အရေးပါလှသဖြင့် ၎င်း ဆရာ ဆရာမများ၏ သင်ကြားပေးနိုင်မည့် စွမ်းရည်မြင့်မားစေရန် သင်ရိုးသစ်ဆိုင်ရာ သင်တန်းများ နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်တွင် ပြောင်းလဲသင်ကြားမည့် Grade -3 နှင့် Grade-6 သင်ရိုးသစ်များအတွက် သင်တန်းများကို မန္တလေးမြို့တွင် ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ Grade-6 သင်ရိုးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် သင်တန်းအား မတ် ၂၈ ရက်မှ ဧပြီ ၈ ရက်အထိလည်းကောင်း၊ Grade-3 သင်ရိုးအတွက် တိုင်းဒေသကြီးအဆင့် သင်တန်းကို မေ ၁ ရက်မှ ၁၀ ရက်အထိလည်းကောင်း ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**
**ဓာတ်ပုံ- အောင်ဖြိုးကျော်**

# စစ်တောင်းမြစ်ရေနည်းပါးချိန် ရှော့ခ်တိုက်ငါးဖမ်းဆီးမှုများကြောင့် ငါးသယံဇာတများ ရှားပါးလာ

**ရေတာရှည် မေ ၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ မြောက်မှတောင်သို့ စီးဆင်းသွားသည့် စစ်တောင်းမြစ်အတွင်း နွေရာသီကာလရေနည်းပါးချိန် ရှော့ခ်တိုက်ငါးဖမ်းဆီးမှုများကြောင့် ငါးသယံဇာတများ ရှားပါးလာကြောင်း သိရသည်။

"ကျွန်တော်တို့ဒေသခံတွေအနေနဲ့က ရိုးရိုးကွန်ပစ်ဖမ်းတယ်။ အရင်တုန်းကဆို ဟင်းစားတင်မကဘူး ပိုလျှံလို့တောင် ဈေးမှာသွားရောင်းရတော့ မီးဖိုချောင်စရိတ် ကာမိပါတယ်။ ဒါပေမယ့် အခုနောက်ပိုင်းမှာ ငါးဖမ်းလှေတွေနဲ့ မြစ်ကြောင်းတစ်လျှောက် ရှော့ခ်တိုက်ဖမ်းဆီးမှုတွေများလာတော့ ငါးတွေ ရှားကုန်တယ်။ တစ်နေကုန်အောင်ရှာလို့ ဟင်းစားတောင် အနိုင်နိုင်ရယ်။ တာဝန်ရှိသူတွေအနေနဲ့ ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်ပေးစေချင်တယ်"ဟု သာဂရမြို့အရှေ့ဘက်ရှိ ကျောင်းကုန်းကျေးရွာနေ ဒေသခံတစ်ဦးက ပြောသည်။

စက်လှေငယ်လေးများဖြင့် ရှော့ခ်တိုက်ငါးဖမ်းသူများအနေဖြင့် အားပြင်းသော ဘက်ထရီအိုးကြီးများကိုအသုံးပြုသည့်အတွက် ငါးသယံဇာတပေါက်ဖွားမှုကို များစွာထိခိုက်မှုဖြစ်နိုင်ကြောင်း သုံးသပ်မှုများလည်းရှိသည်။ တရားမဝင် ငါးဖမ်းဆီးမှုများအပြင် ဓာတုဆေးဝါးများအသုံးပြု၍ ပုစွန်များကို ဆေးချဖမ်းဆီးမှုများလည်းရှိကြောင်း သိရသည်။ ကျေးလက်ဒေသအသီးသီး၌ ရှော့ခ်တိုက်ငါးဖမ်းခြင်းဖြင့် စီးပွားဖြစ်လုပ်ကိုင်သူဦးရေမှာလည်း ယခင်ကထက် များပြားလျက်ရှိရာ ရှော့ခ်တိုက်ငါးဖမ်းဆီးခြင်းကြောင့် ငါးမျိုးစိတ်များ၏ မျိုးပွားအင်္ဂါထိခိုက်ခြင်း၊ ကြီးထွားမှုနှုန်းမရှိတော့ခြင်း၊ ရေရှည်တွင် ငါးမျိုးစိတ်များ ပြုန်းတီးခြင်းတို့ ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

**ကိုလွင်**



# သဘာဝအရသာကို ရာနှုန်းပြည့်ခံစားလို့ရတဲ့ နေရာတစ်ခု ဒုဋ္ဌဝတီမြစ်ဘေးက ၇ မိုင် ကမ်းခြေ

**မန္တလေး ဧပြီ ၃**

မြန်မာနိုင်ငံအလယ်ပိုင်းရဲ့ မန္တလေးချောင်းသာလို့ နာမည်ကြီးနေတဲ့ တောင်တန်းတွေ ပတ်လည်ဝိုင်းနေပြီး ဒုဋ္ဌဝတီမြစ်ဘေးက ၇ မိုင် ကမ်းခြေဟာ မန္တလေးလို အပူပိုင်းနေရာဒေသ တစ်ခုမှာ အေးချမ်းပြီး သာယာလှပတဲ့ အိုအေစစ်လေးလို ဖြစ်တည်နေတဲ့အတွက် သဘာဝ အရသာကို ရာနှုန်းပြည့်ခံစားလို့ရတဲ့ နေရာတစ်ခု ဖြစ်ပါတယ်။

အဆိုပါ ၇ မိုင်ကမ်းခြေဟာ မန္တလေးနဲ့ ပြင်ဦးလွင်ကြားမှာ တည်ရှိပြီး မန္တလေးမှလာရင် တစ်နာရီခန့်၊ ပြင်ဦးလွင်မှလာရင် တစ်နာရီခွဲခန့်သာ ကြာမြင့်မှာဖြစ်ပြီး ပိတ်ရက်မရှိ နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ထားပါတယ်။ လာရောက်လည်ပတ်သူတွေ စိတ်ကျေနပ်မှု အပြည့်အဝရရှိနိုင်မယ့် ဝန်ထမ်းတွေရဲ့ ကောင်းမွန်တဲ့ ဝန်ဆောင်မှုနဲ့အတူ ကလေးများ အန္တရာယ်ကင်းကင်းနဲ့ ပျော်ရွှင်စွာ ဆော့ကစားနိုင်မယ့် ကစားကွင်းတွေ၊ ဈေးနှုန်း သင့်တင့်မျှတတဲ့ စားသောက်ဆိုင်တန်းတွေ၊ ကျယ်ဝန်းတဲ့ ကားပါကင်တွေရှိပြီး မျက်လှည့်ပွဲ၊ တေးသီချင်းသီဆိုဖျော်ဖြေမှုနဲ့ မြူးကြွတဲ့အကတွေကို အခမဲ့ကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် မိသားစုတွေ၊ အပေါင်းအသင်းတွေနဲ့ ခရီးထွက်ဖို့ စဉ်းစားနေတယ် ဆိုရင်တော့ ၇ မိုင်ကမ်းခြေရဲ့ "Camping Zone" ကို လာရောက်အပန်းဖြေလှည့်ပါလို့ ဖိတ်ခေါ်လိုက်ပါရစေ။

**သတင်းနှင့်ဓာတ်ပုံ-ကိုမင်း**









ဒုဋ္ဌဝတီမြစ်ကို ဖြတ်ကျော်ပြီး Zip Line စီးကြမယ်။





# ထာဝရငြိမ်းချမ်းရေးဓမ္မသဘင် တတိယနေ့ ပြည်သူ့ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ရန်ကုန် ဧပြီ ၃**
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ထာဝရငြိမ်းချမ်းရေးဓမ္မသဘင် တတိယနေ့ကို ယနေ့ည ၇ နာရီခွဲတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး ထီးတော်ရိပ်အောက်ရှိ ပြည်သူ့ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

**နာယူကြည်ညို**

ငြိမ်းချမ်းရေးဓမ္မသဘင်တတိယနေ့တွင် တောင်စွန်းဆရာတော် ဓမ္မဘေရီအရှင်ဝီရိယက ငြိမ်းချမ်းရေးတရားဒေသနာတော်များ ဟောကြားရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် ဇနီး၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟံထွန်းနှင့်ဇနီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ တရားချစ်ခင်သူတော်စင်များ တက်ရောက်၍ ငြိမ်းချမ်းရေးတရားတော်ကို နာယူကြည်ညိုကြသည်။



ငြိမ်းချမ်းရေးဓမ္မသဘင်ကို ဧပြီ ၁ ရက်မှ ၅ ရက်အထိ ကျင်းပလျက်ရှိရာ ဧပြီ ၄ ရက်တွင် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက၊ ဧပြီ ၅ ရက်တွင် အောက်စဖို့ဒ်ဆရာတော် ဒေါက်တာ အရှင်ဓမ္မသာမိ စသည့် ဆရာတော်ကြီးများက တရားတော်များ ဟောကြားသွားမည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော်ရှိ ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် ဉာဏ်တော်အမြင့် ၆ ပေရှိ စကျင်ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူနှင့် ဉာဏ်တော်အမြင့် ၃ ပေရှိ စကျင်ဗုဒ္ဓရုပ်ပွားတော်တစ်ဆူတို့အား ရဟန်းရှင်လူပြည်သူအများ ကုသိုလ်ယူပူဇော်နိုင်ရန်အတွက် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ မေတ္တာရိပ်အောက်တွင် ဧပြီ ၁ ရက်မှ ၁၈ ရက်အထိ ရင်ခွင်တော်လှုံ အပူဇော်ခံလျက်ရှိရာ ယနေ့တွင် ရဟန်းရှင်လူပြည်သူအများ လာရောက်ဖူးမြော်ကြည်ညိုလျက် စေတီတော် တည်ထားကိုးကွယ်ရေးအတွက် အလှူတော်ငွေများ ထည့်ဝင်လှူဒါန်းကြပြီး ဝတ်အသင်းအဖွဲ့များကလည်း ဝတ်ရွတ်ပူဇော် ကုသိုလ်ယူလျက်ရှိသည်။

**တည်ထားကိုးကွယ်**

ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရန် ရည်သန်လျက် ထာဝရငြိမ်းချမ်းရေးစေတီတော်ကို ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကံ့ကော်ပန်းအဝိုင်းအနီးတွင် မြန်မာနိုင်ငံသူ နိုင်ငံသားတို့၏ စုပေါင်းအားဖြင့် တည်ထားကိုးကွယ်လျက်ရှိသည်။

**သတင်းစဉ်**

# စာရေးဆရာ၊ အဆိုတော်နှင့် သရုပ်ဆောင်များ ပါဝင်မည့် ပြည်သူ့နီတိစကားဝိုင်း ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပမည်

**ရန်ကုန် ဧပြီ ၃**
မြန်မာစာရေးဆရာကလပ်နှင့် ရွှိုင်ရယ်မြန်မာတီးမစ်တို့ ပူးပေါင်းစီစဉ်ကာ စာရေးဆရာ၊ အဆိုတော်နှင့် သရုပ်ဆောင်များပါဝင်ကျင်းပမည့် ပြည်သူ့နီတိစကားဝိုင်း စာနယ်ဇင်းအသိပေးမိတ်ဆက်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ၃၉ လမ်းရှိမြန်မာစာရေးဆရာကလပ်ရုံးခန်း၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် ပြည်သူ့နီတိစကားဝိုင်းကျင်းပရသည့် ရည်ရွယ်ချက်များနှင့်ပတ်သက်၍ မြန်မာစာရေးဆရာကလပ်မှ ဆရာကောင်းသန့်၊ ဆရာမင်းခိုက်စိုးစန်၊ ဆရာမင်းချမ်းမွန်၊ ဆရာဒေါက်ထွေးဆေးမန်းတို့က ရှင်းလင်းပြောကြားကြသည်။




ပြည်သူ့နီတိနှင့်ပတ်သက်၍ ဆရာကောင်းသန့်က "ပြည်သူ့နီတိကို လူတိုင်းကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာကျင့်သုံးနိုင်ဖို့အတွက် အခုလို စကားဝိုင်းကျင်းပဖို့ စီစဉ်တာဖြစ်ပါတယ်။ မြန်မာစာရေးဆရာကလပ်အနေနဲ့ ပြည်သူ့နီတိပြန့်ပွားဖို့ တောက်လျှောက်လုပ်လာခဲ့ပါတယ်။ နိုင်ငံသားတော်တော်များများ ပြည်သူ့နီတိအသိ ရှိလာကြပေမယ့် ပြည်သူ့နီတိဆိုတာ အမှိုက်ကို စည်းကမ်းမဲ့ မပစ်တာ၊ တန်းစီစနစ်ကို ကျင့်သုံးတာဆိုတဲ့အဆင့်လောက်ပဲ သိကြပါသေးတယ်။ တကယ်တမ်းပြောရရင် ပြည်သူ့နီတိက ဒီထက်လေးနက်ပါတယ်။ မဲပေးတာ၊ သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းတာ၊ တာဝန်သိတာ၊ အများဦးစားပေးစနစ်ကျင့်သုံးတာ စတာတွေအထိပါပါတယ်"ဟု ပြောသည်။

ဆရာမင်းခိုက်စိုးစန်ကလည်း "ပြည်သူ့နီတိစကားဝိုင်းကို ဘာလို့ကျင်းပရတာလဲဆိုရင် ကျောင်းတွေမှာ ပြည်သူ့နီတိ ဟောပြောနေရုံနဲ့ မလုံလောက်သေးပါဘူး။ ဒါကြောင့် နယ်ပယ်အသီးသီးက လူတွေသိအောင် ပြည်သူ့နီတိစကားဝိုင်းတွေကို ကျင်းပရတာဖြစ်ပါတယ်။ နောင်မှာလည်း ဖြစ်နိုင်ရင် နှစ်လတစ်ကြိမ်လောက် ကျင်းပဖို့ ရည်ရွယ်ထားပါတယ်။ နောက်ပြီးတော့ တက္ကသိုလ်အဆင့်၊ တိုင်းဒေသကြီးနဲ့ပြည်နယ်အဆင့် ပြည်သူ့နီတိ စကားရည်လုပွဲတွေ၊ စာမေးပွဲတွေ ကျင်းပပေးဖို့လည်း ရည်ရွယ်ချက်ရှိပါတယ်။ ပြည်သူ့နီတိဆိုတာ နိုင်ငံသားကောင်းဖြစ်ဖို့အတွက်ပါပဲ။ နိုင်ငံသားတိုင်း ရသင့်တာဘာရှိလဲဆိုတာ သိရမယ်။ နိုင်ငံသားတိုင်းက ဘာတွေပြန်ပေးရမယ်ဆိုတာလဲ သိရမယ်"ဟု ပြောသည်။

**ဆွေးနွေးသွားမည်**

ပြည်သူ့နီတိစကားဝိုင်းကို ဧပြီ ၇ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပသွားမည်ဖြစ်ပြီး ဆရာမင်းခိုက်စိုးစန်က ဦးဆောင်၍ ဆရာမောင်သာချို၊ ဆရာမ သန်းမြင့်အောင်၊ ဆရာထင်လင်းဦး၊ သရုပ်ဆောင် နေမင်း၊ အဆိုတော် ဇော်ဝင်းထွဋ်၊ သရုပ်ဆောင် ချစ်သုဝေတို့က ဆွေးနွေးပေးသွားမည်ဖြစ်ကြောင်း စာနယ်ဇင်းအသိပေးပွဲမှ သိရသည်။

ဆရာမင်းချမ်းမွန်က "ပြည်သူ့နီတိကို လူတွေပိုသိလာအောင် ရုပ်ရှင်လောကသားတွေ၊ စာပေလောကသားတွေနဲ့ စကားဝိုင်းကျင်းပပေးတာဖြစ်ပါတယ်။ ပညာရှင်တွေပါတဲ့အတွက် လုပတဲ့ပွဲဖြစ်မှာ သေချာပါတယ်။ ပြည်သူ့နီတိအသိကို လူတိုင်းဆီ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိလာအောင် မီဒီယာတွေကို အကူအညီတောင်းပါတယ်"ဟု ပြောသည်။

မြန်မာစာရေးဆရာကလပ်သည် ပြည်သူ့နီတိစကားဝိုင်းများကို ရုပ်သံများ၊ FM များမှတစ်ဆင့် ပြုလုပ်ပေးခဲ့ပြီးဖြစ်ကာ ပြည်သူ့နီတိစကားဝိုင်းနှင့်ပတ်သက်၍ သိရှိလိုသည်များကို မီဒီယာများအနေဖြင့် ဆက်သွယ်မေးမြန်းအကြံပြုနိုင်ကြောင်း ဖိတ်ခေါ်ခဲ့သည်။ **ညွန့်ကိုကို**

# ညောင်လေးပင်မြို့နယ်အတွင်း နွေရာသီသောက်သုံးရေပြတ်လပ်မှုမရှိစေရေး ကွင်းဆင်းဆောင်ရွက်

**ညောင်လေးပင် ဧပြီ ၃**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ နွေရာသီသောက်သုံးရေရှားပါးမှုမရှိစေရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနော်မိုင်လှကြည်၊ မြို့နယ်ဆည်မြောင်းဦးစီးဌာနမှတာဝန်ရှိသူများ၊ မြို့နယ်ကျေးလက်ဦးစီးမှူးနှင့် ဝန်ထမ်းများပါဝင်သောအဖွဲ့သည် ဧပြီ ၂ ရက်က ညောင်လေးပင်မြို့နယ် ချောင်းရင်းကျေးရွာအုပ်စု ငါးကြီးအိုင်ကျေးရွာ၊ ချောင်းကျိုးကျေးရွာအုပ်စု ဇမော်တောကျေးရွာရှိ သောက်သုံးရေကန်များသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါကျေးရွာများတွင် သောက်သုံးရေကန် သုံးကန်ရှိပြီး တစ်ကန်တွင် ရေနည်းပါးသော်လည်း ကျန်ရေကန်များတွင် နွေရာသီအတွက် သောက်သုံးရေ လုံလောက်စွာသုံးစွဲနိုင်ကြောင်းနှင့် အိမ်တိုင်း တုံကင်များရှိကြသဖြင့် သုံးရေလုံလောက်ကြောင်း သိရသည်။

သောက်သုံးရေ အရေးပေါ်လိုအပ်လာပါကလည်း မြို့နယ်ကျေးလက်ဦးစီးဌာနသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်အကြောင်းကြားပါက လုံလောက်စွာသုံးစွဲနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



**ကျောက်တံတားမြို့နယ် အမှတ် (၉)ရပ်ကွက်တွင် မတ် ၂၉ ရက်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် အမျိုးသမီးများ အကြမ်းဖက်မှုကာကွယ်တားဆီးရေး အသိပညာပေးဟောပြောပွဲပြုလုပ်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးသက် ဟောပြောစဉ်။** ကိုရဲ



# ဖားကန့်/လုံးခင်းရတနာနယ်မြေမှ ဥရုချောင်းပျက်စီးမှုများကို စနစ်တကျ လေ့လာဆန်းစစ်မှုများ ပြုလုပ်သွားမည်



**ရန်ကုန် ဧပြီ ၃**

ကချင်ပြည်နယ် ဖားကန့်/လုံးခင်းရတနာနယ်မြေမှ ဥရုချောင်းပျက်စီးမှုများကို စနစ်တကျလေ့လာဆန်းစစ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ယနေ့ မွန်းလွဲပိုင်းက မြန်မာနိုင်ငံ ကျောက်မျက်ရတနာအရောင်းခန်းမ(ကမ္ဘာအေး)တွင် ပြုလုပ်သည့် သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲမှ သိရသည်။

အဆိုပါလက်မှတ်ရေးထိုးပွဲတွင် ဖားကန့်/လုံးခင်းရတနာနယ်မြေမှ ဥရုချောင်းပျက်စီးမှုများကို စနစ်တကျ လေ့လာဆန်းစစ်မှုများပြုလုပ်ရန်အတွက် လုပ်ငန်းသဘောတူစာချုပ်ကို မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းနှင့် Total Business Solution Co.,Ltd. တို့က လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်ပြီး လေ့လာဆန်းစစ်မှုများကို စတင်လုပ်ဆောင်တော့မည်ဖြစ်ကြောင်း သိရသည်။

"ဥရုချောင်းကို မိရိုးဖလာပုံစံမျိုးနဲ့ နှစ်စဉ်နှစ်တိုင်း သန့်ရှင်းရေးတွေ လုပ်နေကြတာ ဖြစ်ပါတယ်။ ဒါပေမယ့် နည်းပညာတွေ နောက်ကျနေတဲ့အတွက်ကြောင့် ဥရုချောင်းကြီးဟာ တိမ်ကောပြီး လက်ရှိအခြေအနေကိုရောက်ရှိနေတာဖြစ်ပါတယ်။ အရင်ကဆို ရေစီးရေလာကောင်းမွန်ပြီး ကြည်လင်နေတာမြင်ရပါတယ်။ အခုကတော့ ရေတွေနောက်ကျိနေတဲ့အနေအထားဖြစ်ပါတယ်။ ဒါတွေကို ကုစားနိုင်ဖို့အတွက် Total Business Solution Co.,Ltd. နဲ့ သဘောတူစာချုပ် ချုပ်ဆိုတာဖြစ်ပါတယ်။ အဓိကကတော့ ဥရုချောင်းကြီးကို ပြန်လည်ထူထောင်စေချင်တဲ့သဘောပါပဲ။ ကျွန်တော်တို့ဘက်ကတော့ လေ့လာမှုပြုလုပ်မယ့်ကုမ္ပဏီရဲ့လိုအပ်ချက်တွေကို ကူညီပံ့ပိုးပေးသွားမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ(၁) ဦးလှစိုးဦးက ပြောသည်။

ဖားကန့်/လုံးခင်းဒေသမှာ နှစ်ပေါင်းများစွာ ကျောက်စိမ်းတူးဖော်မှုကြောင့် ဂေဟစနစ်ပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိရာ ထိုပျက်စီးမှုများကိုပြုပြင်ရန် နှစ်ပေါင်းများစွာ အချိန်ယူရမည်ဖြစ်ကြောင်း၊ ယင်းသို့ပျက်စီးမှုများကို ပြုပြင်ထိန်းသိမ်းရန် အခြေခံအချက်များ လေ့လာခြင်းဖြင့် စတင်ပြီး စနစ်တကျလုပ်ဆောင်ရန်လိုအပ်ကြောင်း၊ အရေးကြီးသောနေရာများမှ စတင်ပြီး လိုအပ်သောအချက်အလက်များကို လေ့လာကောက်ခံရန်လိုအပ်ကြောင်း သိရသည်။

"ဒီဥရုချောင်းကို ပြုပြင်ထိန်းသိမ်းဖို့က အင်မတန်အရေးကြီးပါတယ်။ ဖားကန့်မှာက ကျောက်စိမ်းကို ၁၈ ရာစုလောက်ကတည်းက တူးဖော်ခဲ့တာဆိုတော့ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်တဲ့အတွက် ဥရုချောင်းက ပျက်စီးမှုတွေဖြစ်နေပါတယ်။ အဲဒါတွေကို စနစ်တကျလေ့လာပြီးမှသာ ပြုပြင်ထိန်းသိမ်းမှုအစီအမံတွေကို ရေးဆွဲနိုင်မှာဖြစ်ပါတယ်။ အဲဒီလိုလေ့လာမှုကနေရရှိတဲ့ရလဒ်တွေကိုအသုံးပြုပြီး ပြုပြင်ထိန်းသိမ်းမှုတွေကို ဆက်လက်လုပ်ဆောင်သွားမယ်ဆိုရင် ဒေသအတွက် အများကြီးအကျိုးရှိမှာ ဖြစ်ပါတယ်။

"ကျွန်တော်တို့အနေနဲ့ လေ့လာမှုတွေပြုလုပ်မယ်ဆိုရင် ဌာနဆိုင်ရာတွေ၊ ဒေသခံတွေရဲ့ ပူးပေါင်းပါဝင်မှုတွေ အများကြီးလိုအပ်ပါတယ်။ ကျွန်တော်တို့ လုပ်မယ့် လေ့လာမှုက တစ်နှစ်လောက်ကြာမယ်လို့ခန့်မှန်းထားပါတယ်။ နွေ၊ မိုး၊ ဆောင်းသုံးရာသီပေါ့။ ရာသီသုံးခုရဲ့အခြေအနေတွေနဲ့နှိုင်းယှဉ်ပြီး လေ့လာမှုကို အပိုင်းသုံးပိုင်းခွဲခြားလုပ်ဆောင်သွားမှာပါ။ အခုလက်မှတ်ထိုးပြီးတာနဲ့ Desktop Study လို့ပြောရမယ့် ရုံးမှာအရင်လုပ်မှာပါ။ ကွင်းဆင်းမှုအပိုင်းကိုတော့ လာမယ့်မေလလောက်မှာ စတင်နိုင်မယ်လို့ ခန့်မှန်းထားပါတယ်"ဟု Total Business Solution Co.,Ltd. မှ မန်နေဂျင်း ဒါရိုက်တာ ဒေါက်တာစိုးမိုးကျော်ဝင်းက ပြောသည်။

ဥရုချောင်းသည် ၂၂၆ ကီလိုမီတာခန့် ရှည်လျားပြီး ချင်းတွင်းမြစ်အတွင်းသို့ စီးဝင်ကြောင်း၊ ဥရုချောင်းတစ်လျှောက်တွင် ကျောက်စိမ်းတူးဖော်ခြင်း၊ ရွှေတူးဖော်ခြင်းများပြုလုပ်မှုကြောင့် ချောင်းမှာ ပျက်စီးမှုများစွာဖြစ်ပေါ်လျက်ရှိကြောင်း၊ အဓိကပျက်စီးမှုမှာ ဖားကန့်/လုံးခင်းတစ်ဝိုက်တွင်ဖြစ်သော်လည်း သယံဇာတတူးဖော်မှုလုပ်ငန်းများကြောင့် အခြားနေရာများတွင်လည်း ပျက်စီးမှုများဖြစ်ပေါ်နေကြောင်း၊ ထို့ကြောင့် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို ချောင်းတစ်လျှောက်လုပ်ကိုင်ရန် လိုအပ်ကြောင်း ၎င်းက ရှင်းလင်းပြောကြားခဲ့သည်။

**သတင်း-ကိုထက်၊ ဓာတ်ပုံ-ရာမည**

## ၂၀၁၉ခုနှစ်၊မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ်၊ မြန်မာနှစ်ဆန်း ၁ ရက်နေ့ ဇီဝိတဒါန ငါးလွှတ်နိုင်ရန် ငါးသားပေါက်များရောင်းချပေးမည်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာနှစ်ဆန်း (၁) ရက်နေ့တွင် ဇီဝိတဒါန ငါးလွှတ်ကုသိုလ်ပြုနိုင်ကြပါရန် သက်သာသောဈေးနှုန်းဖြင့် ငါးကျည်း၊ ရွှေဝါငါးကြင်း၊ ရောင်စုံငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးခုံးမနှင့် တီလားပီးယားငါးသားပေါက် (၁"မှ ၄") အရွယ်အစားများကို မြန်မာနှစ်ဆန်း (၁)ရက်နေ့တွင် အောက်ပါနေရာများ၌ ရောင်းချပေးသွားမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| နေပြည်တော် | - | ရေဆင်းငါးလုပ်ငန်းစခန်း |
| ရန်ကုန်မြို့ | - | ရွှေတိဂုံစေတီတော်၊ သွေးဆေးကန်၊ ကမ္ဘာအေးကုန်းမြေ၊ မင်္ဂလာကန်တော်ကြီး၊စွယ်တော်မြတ်စေတီတော်၊သာဓုကန်ဘုရား |
| မန္တလေးမြို့ | - | ကျုံးမြို့ရိုးဘေး-၂၆ လမ်း၆၆/၆၇ လမ်းကြား၊ ၂၆ လမ်း၇၀/၇၁ လမ်းကြား၊ |
| ပဲခူးမြို့ | - | ရွှေသာလျောင်းဘုရားကြီး၊ လိပ်ပြာကန် |
| ဟင်္သာတမြို့ | - | ဦးပါရဲဘုရား |
| မအူပင်မြို့ | - | ပေါ်တော်မူဘုရားရှေ့စိမ်းမြကန်သာဘုရားအရှေ့ |
| ပုသိမ်မြို့ | - | မြို့တော်ခန်းမရှေ့ |
| ဇန်းမော်မြို့ | - | ဇန်းမော်ငါးလုပ်ငန်းစခန်း |
| ဝိုင်းမော်မြို့ | - | ဆုတောင်းပြည့်ဘုရားအနီး၊မြစ်ကြီးနား |
| ရွှေဘိုမြို့ | - | မြို့မဈေးထိပ် |

၂။ ကြိုတင်မှာယူလိုသူများသည် အောက်ပါငါးလုပ်ငန်းစခန်းများသို့ ဆက်သွယ်ဝယ်ယူနိုင်မည် ဖြစ်ပါသည်-

| | | |
|---|---|---|
| ရေဆင်းငါးလုပ်ငန်းစခန်း (နေပြည်တော်) | -ဖုန်း | ၀၉-၂၅၀၂၀၇၇၃၇ |
| လှော်ကားငါးလုပ်ငန်းစခန်း (ရန်ကုန်) | -ဖုန်း | ၀၉-၂၅၄၄၈၅၇၉၈ |
| လေးဒေါင့်ကန်ငါးလုပ်ငန်းစခန်း (ရန်ကုန်) | -ဖုန်း | ၀၉-၄၀၀၄၄၄၅၀၅ |
| ပဲခူးငါးလုပ်ငန်းစခန်း | - ဖုန်း | ၀၉-၄၂၅၃၀၀၅၆၈ |
| သနပ်ပင်ငါးလုပ်ငန်းစခန်း | - ဖုန်း | ၀၉-၄၂၈၃၃၉၁၀၄ |
| ပုသိမ်ငါးလုပ်ငန်းစခန်း | - ဖုန်း | ၀၉-၄၀၂၅၀၆၃၅၁ |
| တလုပ်လှငါးလုပ်ငန်းစခန်း | - ဖုန်း | ၀၉-၇၈၁၅၉၂၀၀၃ |
| ဟင်္သာတငါးလုပ်ငန်းစခန်း | - ဖုန်း | ၀၉-၇၈၀၅၉၃၀၉၁ |
| သရက်ကုန်းငါးလုပ်ငန်းစခန်း (မန္တလေး) | - ဖုန်း | ၀၉-၄၅၆၀၀၃၀၂၇ |
| ရွှေဘိုငါးလုပ်ငန်းစခန်း | - ဖုန်း | ၀၉-၄၂၆၄၆၁၁၀၃ |
| ဝိုင်းမော်ငါးလုပ်ငန်းစခန်း | -ဖုန်း | ၀၉-၄၀၀၀၅၀၈၇၈ |
| ဇန်းမော်ငါးလုပ်ငန်းစခန်း | -ဖုန်း | ၀၉-၇၆၀၇၃၆၂၈၈ |

၃။ အဆိုပါဇီဝိတဒါန ငါးလွှတ်ကြရာတွင် ဤဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၀၁ ဖြင့် တားမြစ်ထုတ်ပြန်ထားသော အာဖရိကငါးခူသားပေါက်များ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ဘေးမဲ့လွှတ်ခြင်းများ မပြုလုပ်ကြရန် နှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**



# ကမ္ဘာ့ပထမဆုံးသော 5G အင်တာနက်ကွန်ရက် တောင်ကိုရီးယားနိုင်ငံ စတင်အသုံးပြုမည်

**ဆိုးလ် မေ ၃**
တောင်ကိုရီးယားနိုင်ငံက ကမ္ဘာ့ပထမဆုံးသော 5G အင်တာနက်ကွန်ရက်ကို ဧပြီ ၅ ရက်တွင် နိုင်ငံအတွင်း စတင်ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း ယနေ့ အေအက်ဖ်ပီ သတင်းတစ်ရပ်အရ သိရသည်။

အလွန်မြန်ဆန်သော 5G အင်တာနက်ကွန်ရက်၏ ထောက်ပံ့ပေးမှုကြောင့် ပြည်သူများ၏ နေ့စဉ်ဘဝတွင် အသုံးပြုနေကြသည့် အရာများဖြစ်သော ပေါင်မုန့်မီးကင်စက်၊ တယ်လီဖုန်းတို့မှ အစပြုပြီး လျှပ်စစ်မော်တော်ကားများအပါအဝင် ခါတ်အားလိုင်းများအထိ ထိန်းချုပ်အသုံးပြုနိုင်မည်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံအနေဖြင့် 5G အင်တာနက်ကွန်ရက်ကို ကမ္ဘာ့ပထမဆုံးသော စတင်ဝန်ဆောင်မှုပေးနိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့သော်လည်း အမေရိကန်နှင့် တရုတ်နိုင်ငံတို့အပါအဝင် ဟွာဝေးနှင့် အခြားနည်းပညာကုမ္ပဏီများ၏ ယှဉ်ပြိုင်တိုက်ခိုက်မှုများနှင့် ရင်ဆိုင်တွေ့ကြုံရမည်ဖြစ်သည်။

ယခု 5 G ကွန်ရက်သည် လက်ရှိ 4G အင်တာနက်ကွန်ရက်ထက် အဆပေါင်း ၂၀ ခန့် ပိုမိုမြန်ဆန်ပြီး ရုပ်ရှင်ဇာတ်လမ်းများကို တစ်စက္ကန့်အတွင်း အလွန်လျင်မြန်စွာ ကူးယူနိုင်မည်ဖြစ်သည်။

ထို့ကြောင့် အဆိုပါ 5G ကွန်ရက်အား မောင်းသူမဲ့မော်တော်ယာဉ်များ၊ စက်ရုံသုံး စက်ရုပ်များ၊ မောင်းသူမဲ့လေယာဉ်များအပါအဝင် အင်တာနက်ကွန်ရက်ဖြင့် ချိတ်ဆက် လုပ်ဆောင်ရသော ပစ္စည်းအားလုံးအတွက် များစွာ အထောက်အကူပြုမည်ဖြစ်ပြီး အနာဂတ်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လာမည် ဖြစ်သည်။

၂၀၃၄ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအနေဖြင့် အမေရိကန်ဒေါ်လာ ၅၆၅ ဘီလီယံခန့် အကျိုးကျေးဇူးဖြစ်ထွန်းမည်ဖြစ်သည်ဟု လန်ဒန်အခြေစိုက် ကမ္ဘာလုံးဆိုင်ရာ မိုဘိုင်းဆက်သွယ်ရေးအဖွဲ့ (GSM) ၏ ပြောကြားချက်အရ သိရသည်။

**အေအက်ဖ်ပီ**




# အယ်လ်ဂျီးရီးယားသမ္မတ ဘောက်တီဖလီကာ ရာထူးမှ နုတ်ထွက်



**အယ်လ်ဂျီးယားစ် မေ ၃**
အယ်လ်ဂျီးရီးယားသမ္မတ ဘောက်တီဖလီကာသည် ၎င်းအား ဆန့်ကျင်သူများ၏ တစ်လကျော်ကြာမြင့်သည့် ကြီးမားသည့် ဆန္ဒပြမှုများဖြစ်ပွားမှုအပြီး ဧပြီ ၂ ရက်တွင် သမ္မတရာထူးမှ နုတ်ထွက်သွားခဲ့ပြီသည်။ ၎င်းသည် အယ်လ်ဂျီးရီးယားနိုင်ငံသမ္မတအဖြစ် နှစ်ပေါင်း ၂၀ ကြာမျှ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

ပြည်သူများ၏ သဘောထားခံစားချက်များ ငြိမ်သက်စေရန်နှင့် နိုင်ငံ၏ အနာဂတ်ဆီသို့ ဦးတည်ရာတွင် ဖြောင့်တန်းစေရေးအတွက် သမ္မတရာထူးမှ နုတ်ထွက်ပေးခြင်းဖြစ်ကြောင်း ဧပြီ ၂ ရက်တွင် ထုတ်ပြန်သည့် ကြေညာချက်တွင် ဘောက်တီဖလီကာက ဖော်ပြခဲ့သည်။

ဘောက်တီဖလီကာသည် ၁၉၉၉ ခုနှစ်ကတည်းက အယ်လ်ဂျီးရီးယားသမ္မတအဖြစ် တာဝန်ယူခဲ့ပြီး ၎င်း၏ အုပ်ချုပ်မှုကာလအတွင်း၌ အယ်လ်ဂျီးရီးယား ပြည်တွင်းစစ်ကို အဆုံးသတ်ခဲ့ကာ နိုင်ငံ၏ လုံခြုံရေးအခြေအနေကို တိုးတက်စေခဲ့သည်။

၂၀၁၃ ခုနှစ်အတွင်းက လူပေါင်း ၄၀ ခန့် သေဆုံးခဲ့ရသည့် အိုင်အက်စ်များ၏ သဘာဝဓာတ်ငွေ့ပိုက်လိုင်းအား တိုက်ခိုက်ခဲ့မှုဖြစ်ပွားပြီးနောက်တွင် အယ်လ်ဂျီးရီးယားသမ္မတ ဘောက်တီဖလီကာက အစ္စလာမ္မစ်စစ်သွေးကြွများကို ဖြိုခွင်းနှိမ်နင်းခဲ့သည်။ ယင်းဓာတ်ငွေ့ပိုက်လိုင်းတိုက်ခိုက်မှုအတွင်း၌ သေဆုံးခဲ့ရသူများထဲတွင် ဂျပန်လူမျိုး ၁၀ ဦး ပါဝင်ခဲ့သည်။

အသက် ၈၂ နှစ် အရွယ်ရှိပြီဖြစ်သည့် အယ်လ်ဂျီးရီးယားသမ္မတဟောင်း ဘောက်တီဖလီကာသည် ၂၀၁၃ ခုနှစ်တွင် လေဖြတ်ရောဂါခံစားရပြီးနောက် လူထုမြင်ကွင်းသို့ ထွက်ပေါ်ခဲ့ပြီး စစ်ဘက်မှ ထိပ်တန်းတာဝန်ရှိသူများက အယ်လ်ဂျီးရီးယားနိုင်ငံကို အုပ်ချုပ်ခဲ့ကြသည်။

သမ္မတဘောက်တီဖလီကာ ရာထူးမှ နုတ်ထွက်ခြင်းဖြင့် မလုံလောက်သေးဘဲ အယ်လ်ဂျီးရီးယားနိုင်ငံ၏ နိုင်ငံရေးစနစ်ကို ပြောင်းလဲပစ်ရန် လိုအပ်သေးကြောင်း ဆန္ဒဖော်ထုတ်သူ ပြည်သူများက ဆိုသည်။

**အင်န်အိတ်ချ်ကေ**

# အင်ဒိုနီးရှားမှ ဂါရူဒါလေကြောင်းလိုင်းက အဲဘတ်စ် အေ-၃၃၀-၉၀၀ အမျိုးအစား လေယာဉ် ၁၄ စင်း မှာယူ

**ဂျကာတာ မေ ၃**
အင်ဒိုနီးရှားနိုင်ငံမှ အမျိုးသားလေကြောင်းလိုင်းဖြစ်သည့် ဂါဂူဒါလေကြောင်းလိုင်းက ၎င်း၏ လေကြောင်းပျံသန်းမှု လုပ်ငန်းများ တိုးချဲ့ရေးအတွက် အထောက်အကူဖြစ်စေရန် အဲဘတ်စ်အေ-၃၃၀-၉၀၀ အမျိုးအစား လေယာဉ် ၁၄ စင်းကို ဝယ်ယူရန် အမှာစာပေးခဲ့ကြောင်း ယင်းလေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးက ဧပြီ ၂ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ ဘိုးရင်းလေယာဉ် ထုတ်လုပ်ရေးကုမ္ပဏီထံမှ မှာယူထားသည့် ဘိုးရင်း ၇၃၇ အမ်အေအိတ်စ်အမျိုးအစား လေယာဉ် ၄၉ စင်းအား ဝယ်ယူရန် မှာကြားထားမှုကို ဂါရူဒါလေကြောင်းလိုင်းက ဖျက်သိမ်းခဲ့ပြီးနောက်တွင် အဲဘတ်စ်အေ-၃၃၀-၉၀၀ လေယာဉ်များကို မှာယူခဲ့ခြင်းဖြစ်သည်။

ခြောက်လအတွင်း၌ လူအသေအပျောက် အများအပြားရှိခဲ့သည့် ဘိုးရင်း ၇၃၇ အမ်အေအိတ်စ် အမျိုးအစား ခရီးသည်တင်လေယာဉ် နှစ်စင်း ပျက်ကျမှုဖြစ်ပွားခဲ့ပြီးနောက်တွင် ဂါရူဒါလေကြောင်းက ဘိုးရင်းကုမ္ပဏီထံမှ ယင်းအမျိုးအစား လေယာဉ်များ ဝယ်ယူခဲ့မှုကို ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

ဘိုးရင်း ၇၃၇ အမ်အေအိတ်စ် အမျိုးအစား လေယာဉ်များ၏ လုံခြုံစိတ်ချရမှုအပေါ် ခရီးသည်များ၏ ယုံကြည်မှု လျော့ပါးဆုံးရှုံးနေခြင်းကြောင့် ယင်းလေယာဉ်များ ဝယ်ယူမည့် အစီအစဉ်ကို ဖျက်သိမ်းရခြင်းဖြစ်သည်ဟု ဂါရူဒါလေကြောင်းလိုင်းက ပြောကြားသည်။

ပြင်သစ်နိုင်ငံမှ လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ အဲဘတ်စ်အနေဖြင့် ယခုနှစ်မှစ၍ လာမည့် အနှစ် ၂၀ အတွင်း အဆိုပါလေယာဉ် ၁၄ စင်းကို ဂါရူဒါလေကြောင်းလိုင်းသို့ လွှဲပြောင်းပေးအပ်ရမည်ဟု ယင်းလေကြောင်းလိုင်းမှ နည်းပညာဆိုင်ရာ ညွှန်ကြားရေးမှူးက ပြောကြားသည်။

ယခုနှစ် စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း အဲဘတ်စ်အေ-၃၃၀-၉၀၀ အမျိုးအစား လေယာဉ်သုံးစင်းကို အင်ဒိုနီးရှားနိုင်ငံသို့ လွှဲအပ်ပေးရန် စီစဉ်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# တရုတ်နိုင်ငံတွင် တောမီးငြိမ်းသတ်ရာမှ မီးသတ်သမား ၃၀ သေဆုံး

**ပေကျင်း မေ ၃**
တရုတ်နိုင်ငံ စီချွန်စီရင်စုတွင် တောမီးလောင်ကျွမ်းခဲ့ရာ မီးသတ်သမား ၃၀ သေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

လီရှန်ယီ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လောင်ကျွမ်းလျက်ရှိသော တောမီးများကို ငြိမ်းသတ်နိုင်ရန် မီးသတ်သမား ၇၀၀ ခန့် ဖြန့်ကြက်ထားခဲ့ရကြောင်း သိရသည်။

အဆိုပါတောမီးလောင်ကျွမ်းမှုသည် မီတာ ၄၀၀၀ မြင့်သော တောင်ကုန်းတောင်တန်းများ ထူထပ်သော နေရာတွင် ဖြစ်ပွားခဲ့သည့်အတွက် မီးငြိမ်းသတ်ရန် လွန်စွာခက်ခဲမှုများ ရှိခဲ့သည်ဟု မီးသတ်သမားများက ဆိုသည်။

မီးငြိမ်းသတ်မှုများ ဆောင်ရွက်နေစဉ် လေကြောင်း ပြောင်းလဲတိုက်ခတ်ခဲ့သည့်အတွက် မီးသတ်သမား ၃၀ အား မီးလောင်ကျွမ်းခံခဲ့ရခြင်းဖြစ်သည်ဟု အဆိုပါ မီးသတ်သမားများက ဆိုသည်။

တပ်မတော်ရဟတ်ယာဉ်များပါဝင်သော ကယ်ဆယ်ရေးလုပ်သားများက ဧပြီ ၁ ရက် နံနက်ပိုင်းတွင် သေဆုံးသူ မီးသတ်သမားများ၏ အလောင်းများကို ရှာဖွေလျက်ရှိကြောင်း သိရသည်။

တောမီးလောင်ကျွမ်းမှု၏ အဓိကအကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ သို့သော် ဒေသခံပြည်သူများ၏ ပြောကြားချက်အရ အဆိုပါတောမီးသည် မိုးကြိုးပစ်ခြင်းမှ အစပြုပြီး လောင်ကျွမ်းခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



# ရွှေတံဆိပ်ဆုရ ပြေးခုန်ပစ်အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်

**ရန်ကုန် မေ ၃**

စင်ကာပူနိုင်ငံတွင် မတ် ၂၈ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့သည့် (၈၁)ကြိမ်မြောက် စင်ကာပူအလွတ်တန်းဖိတ်ခေါ် ပြေးခုန်ပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ခြောက်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်နှစ်ခု ဆွတ်ခူးရရှိခဲ့ကြသည့် နည်းပြချုပ်၊ နည်းပြများ၊ အုပ်ချုပ်သူနှင့် အားကစားသမားများအား ဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံကွင်းရှိ အားကစားနှင့် ကာယပညာသိပ္ပံ (ရုံးဟောင်း)၌ ကျင်းပခဲ့ကြောင်း သိရသည်။

### ပေးအပ်ချီးမြှင့်

ရှေးဦးစွာ မြန်မာနိုင်ငံပြေးခုန်ပစ်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦးတို့က ဂုဏ်ပြုအမှာစကားပြောကြားပြီး အောင်ပွဲရ မြန်မာအားကစားသမား ရွှေတံဆိပ်ဆုများ ရရှိခဲ့ကြသည့် မြင့်မြင့်အေး (မီတာ ၅၀၀၀၊ မီတာ ၁၀၀၀၀)၊ အေးအေးအောင် (မီတာ ၁၅၀၀)၊ အေးအေးမြို့ (မီတာ ၃၀၀၀ တားဆီးကျော်)၊ သန်းသန်းစိုး(၂၀ ကီလိုမီတာ လမ်းလျှောက်)၊ ရဲထက်အောင် (ကြိုးတပ်သံလုံးပစ်)၊ ငွေတံဆိပ်ဆုရ ဇာနည်ထွန်း (မီတာ ၅၀၀၀)၊ ကြေးတံဆိပ်ဆုရ ဖြိုးကျော်ဇင်ဦး (မီတာ ၁၅၀၀)၊ အေးအေးအောင် (မီတာ ၈၀၀)တွင် ဆုရရှိသူများနှင့် နည်းပြချုပ်၊ နည်းပြများအား၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးသာအောင်တို့က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ ဂုဏ်ပြုဆုတွင် ရွှေတံဆိပ်တစ်ဆုလျှင် ငွေကျပ် နှစ်သိန်း၊ ငွေတံဆိပ်တစ်ဆုလျှင် ငွေကျပ် ၁၅၀၀၀၀၊ ကြေးတံဆိပ် တစ်ဆုလျှင် ငွေကျပ် တစ်သိန်း၊ အသင်းအုပ်ချုပ်သူ အဖွဲ့ခေါင်းဆောင် နည်းပြချုပ် ဦးကျော်ခင်အား ငွေကျပ် သုံးသိန်းနှင့် နည်းပြများအား ငွေကျပ် တစ်သိန်းစီ ချီးမြှင့်ခဲ့ကြောင်း သိရသည်။



**မြင့်စိုး**

# ဘူးသီးတောင်မြို့နယ် စေတီတောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ အသစ်ထပ်မံရောက်ရှိလာသော တိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ရိက္ခာများပေးအပ်

**ဘူးသီးတောင် မေ ၃**

ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ် တိုက်ပွဲများကြောင့် စေတီတောင်ဘုန်းတော်ကြီးကျောင်း၌ နယ်ရပ်စွန့်ခွာလာသည့် အသစ်ထပ်မံရောက်ရှိလာသော တိုက်ပွဲရှောင်ပြည်သူများအား ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ စားရိက္ခာများ ထောက်ပံ့ပေးအပ်ခြင်းကို မေ ၂ ရက် ညနေပိုင်းက ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါထောက်ပံ့စားရိက္ခာပေးအပ်ခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရွှေ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစည်သူလွင်တို့ ဦးစီး၍ တိုက်ပွဲရှောင်ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားသော ဘူးသီးတောင်မြို့နယ် စေတီတောင်ဘုန်းတော်ကြီးကျောင်းသို့ အသစ်ထပ်မံရောက်ရှိလာသူများအား စားရိက္ခာများပေးအပ်ခဲ့ရာ တိုက်ပွဲရှောင်ပြည်သူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

တိုက်ပွဲရှောင်ပြည်သူများအား စားရိက္ခာထောက်ပံ့ခြင်းမှာ ဒုတိယအကြိမ်ဖြစ်ပြီး အသစ်ထပ်မံရောက်ရှိလာသော တိုက်ပွဲရှောင်ပြည်သူများမှာ အိမ်ထောင်စု ၃၄၂စု၊ လူဦးရေ ၁၀၅၂ ဦးတို့အား ဆန် ၁၄၆ အိတ် ၃ ပြည်၊ ဆီ ၁၇၅ ဒသမ ၃၅ ပိဿာ၊ ဆား ၃၅ ဒသမ ၀၇ ပိဿာ၊ ပဲ ၇၀၁ ဒသမ ၄ ပိဿာဖြစ်ပြီး စားရိက္ခာ ၁၄ ရက်စာ ထောက်ပံ့ပေးအပ်ခဲ့ပြီး ဦးလှရွှေက အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ❖ အိုလံပစ်ခြေစစ်ပွဲမှ

ပထမအဆင့်ခြေစစ်ပွဲတွင် တွေ့ဆုံခဲ့သည့် မြန်မာနှင့် နီပေါအသင်းတို့ ပြန်လည်တွေ့ဆုံခြင်းဖြစ်ပြီး ပထမအဆင့်၌ သရေကျခဲ့မှုကို အဆုံးသတ်ကာ မြန်မာအသင်းက နိုင်ပွဲရယူနိုင်ခဲ့သည်။ မြန်မာအသင်းသည် ယခုနှစ်အတွင်း နီပေါအသင်းနှင့် တွေ့ဆုံသည့်ပွဲအားလုံး အနိုင်ရခဲ့ပြီး အိန္ဒိယဖိတ်ခေါ်ပြိုင်ပွဲတွင်လည်း အုပ်စုနှင့် ဗိုလ်လုပွဲ နှစ်ပွဲစလုံး အနိုင်ရခဲ့သည်။ မြန်မာအသင်းအနေဖြင့် ပွဲဦးထွက်အနိုင်ရခဲ့သော်လည်း အကောင်းဆုံးပုံစံ မရသေးသောကြောင့် နောက်ပွဲများတွင် ကစားပုံပိုကောင်းပြီး နိုင်ပွဲဆက်ရန် ကြိုးပမ်းရမည်ဖြစ်သည်။

### အမှားအယွင်းမရှိကန်သွင်း

မြန်မာအမျိုးသမီး ဘောလုံးအသင်းသည် အသင်းခေါင်းဆောင် ခင်မာလာထွန်း အပါအဝင် ခင်မိုမိုထွန်း၊ ခင်မိုးဝေ၊ ဝင်းသိင်္ဂီထွန်း၊ ဝေဝေအောင်တို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် နီပေါအသင်းဘက်သို့ ပိုဖိကစား နိုင်ခဲ့ပြီး နီပေါအသင်းက ခံစစ်ကိုဦးစားပေးကာ တန်ပြန်တိုက်စစ်ဖြင့်သာ ကစားခဲ့သည်။ နီပေါအသင်း၏ တိုက်စစ်ကို ဘာဟန်ဒါရီက ဦးဆောင်ခဲ့ပြီး မြန်မာနောက်တန်းကို အခက်တွေ့အောင် လုပ်နိုင်ခဲ့သည်။ မြန်မာအသင်း တိုက်စစ်ဆင်မှုများကို နီပေါအသင်း ဖြတ်တောက်နိုင်ခဲ့၍ ဖိကစားနိုင်သော်လည်း ထင်သလောက် ဂိုးသွင်းခွင့်မရခဲ့ပေ။ ၂၃ မိနစ်တွင် မြန်မာအသင်း ဂိုးစရခဲ့ပြီး ရီရီဦးက သွင်းယူခဲ့ခြင်းဖြစ်သည်။ နီပေါအသင်းအတွက် ချေပဂိုးကို ပထမပိုင်းပြီးခါနီးတွင် အသင်းခေါင်းဆောင် နီရူသာပါက ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းအစတွင် မြန်မာအသင်း ပယ်နယ်တီကန်ခွင့်ရခဲ့ပြီး ဝင်းသိင်္ဂီထွန်းက အမှားအယွင်းမရှိ ကန်သွင်းခဲ့၍ မြန်မာအသင်း ဒုတိယဂိုးရခဲ့သည်။

### တတိယဂိုးသွင်းယူ

ယင်းနောက်ပိုင်းတွင် နီပေါအသင်း၏ ရုန်းကန်မှုများကို တွေ့မြင်ခဲ့ရပြီး မြန်မာအသင်းအနေဖြင့် ဂိုးပြန်မပေးရရန် အဆင့်ဆင့်ကာကွယ်ဖျက်ထုတ်ခဲ့ရသည်။ မြန်မာအသင်းမှာလည်း ဂိုးထပ်မံရရန် တိုက်စစ်အားမချဘဲ ကစားခဲ့ပြီး ၈၉ မိနစ်တွင် ဝင်းသိင်္ဂီထွန်းက တတိယဂိုးသွင်းယူခဲ့သည်။

ပထမပွဲတွင် အိန္ဒိယအသင်းက အင်ဒိုနီးရှားအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အိန္ဒိယအသင်းအတွက် အနိုင်ဂိုးများကို တိုက်စစ်မှူး ဂရေ့စ်ဒန်မီက ၂၆၊ ၆၇ မိနစ်တွင် သွင်းယူခဲ့သည်။ အိန္ဒိယအသင်းသည် ယခုပွဲတွင် ဂိုးပြတ်အနိုင်ရရန် ကြိုးပမ်းခဲ့သော်လည်း နှစ်ဂိုးသာရခဲ့ပြီး အင်ဒိုနီးရှားအသင်း၏ ခံစစ်ကစားပုံကောင်းမွန်မှုကြောင့် ကစားရခက်ခဲခဲ့ခြင်းဖြစ်သည်။

ဒုတိယနေ့ကို မေ ၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အိန္ဒိယနှင့် နီပေါ၊ မြန်မာနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

### ❒ တရုတ်မှ

မြန်မာအသင်းသည် မေ ၆ ရက်တွင် တရုတ်အသင်း၊ မေ ၈ ရက်တွင် တာဂျစ်ကစ္စတန်အသင်း၊ မေ ၁၀ ရက်တွင် ကာဂျစ္စတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာ ယူ-၁၅ အသင်းသည် ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် အဓိကနိုင်ငံတကာပြိုင်ပွဲများအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

**ရှိုင်းထက်ဇော်**






ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးနှင့် လျှပ်စစ်အန္တရာယ်မှ ကင်းဝေးစေရေးအတွက် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဒလမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ ဒလမြို့နယ်အတွင်းရှိ ရပ်ကွက်များတွင် မေ ၁ ရက်က လျှပ်စစ်ဓာတ်အားလိုင်းကြိုးများအား လဲလှယ်တပ်ဆင်ပေးလျက်ရှိစဉ်။

မောင်ယဉ်ဦး(ဒလ)

(၈-၄-၂၀၁၉)ရက်နေ့မှစ၍
Light Truckယာဉ်များသည်အောက်ပါအချက်များ
မပြည့်စုံပါက ရန်ကုန်-မန္တလေးအမြန်လမ်းပေါ်
ဖြတ်သန်းမောင်းနှင်ခွင့်မရှိ

၁။ ယာဉ်၏အစိတ်အပိုင်းများကောင်းမွန်စွာအလုပ်လုပ်သုံးစွဲနိုင်ရမည်၊
၂။ ယာဉ်၏ကိုယ်ထည်ကြံ့ခိုင်ကောင်းမွန်မှုရှိရမည်၊
၃။ တာယာများစံချိန်စံညွှန်းနှင့်အညီ ကောင်းမွန်ကြံ့ခိုင်မှုရှိရမည်၊
၄။ အင်ဂျင်၏မီးခိုးထွက်နှုန်းသည် (၅၀%) Bosch Unit ထက်မပိုရ၊
၅။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ ထုတ်ပေးထားသည့် ယာဉ်နှင့် ကုန်အလေးချိန်ထက်ပိုမို မတင်ဆောင်ရ၊
၆။ ခရီးသည်အရေအတွက်နှင့် ကုန်ပစ္စည်းတင်ဆောင်မှု သတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိရမည်၊
၇။ မီးသတ်ဆေးဘူး(1Kg)(၁ဘူး)တပ်ဆင်ထားရှိရမည်၊
၈။ လေကာမှန်၊ ရေသုတ်တံ၊ (Wiper)များကောင်းမွန်မှုရှိရမည်၊
၉။ ရောင်ပြန်ပြားများသတ်မှတ်ချက်အတိုင်း တပ်ဆင်ထားရှိရမည်၊
၁၀။ ယာဉ်ရပ်နားစဉ်တွင်အသုံးပြုသည့် ကြိုပံရောင်ပြန်ပါရှိရမည်၊
၁၁။ ရှေ့လေကာမှန်နှင့်ဘေးပြူတင်းမှန်များ(Safety Glass)ဖြစ်ပြီးကောင်းမွန်ပြည့်စုံမှုရှိရမည်၊
၁၂။ နောက်မြင်ကွင်းအားလွယ်ကူရှင်းလင်းစွာတွေ့မြင်နိုင်ရမည်၊
၁၃။ မူလစက်ရုံထုတ် ထိုင်ခုံခါးပါတ်များ ကောင်းမွန်စွာအသုံးပြုနိုင်ရမည်၊
၁၄။ လုပ်ငန်းလိုင်စင်စည်းကမ်းများနှင့်ကိုက်ညီရမည်၊ သတ်မှတ်ယာဉ်မောင်းလိုင်စင်ကိုင်ဆောင်ထားသူသာ မောင်းနှင်ခွင့်ပြုမည်၊
၁၅။ ယာဉ်မောင်း၊ ယာဉ်အကူနှင့် ယာဉ်လုပ်သားများအရက်သေစာမသောက်စားရ၊
၁၆။ ယာဉ်မောင်းချိန်(၈)နာရီထက်ကျော်လွန်သောခရီးစဉ်တွင် ယာဉ်မောင်း(၂)ဦးပါရှိရမည်၊
၁၇။ အမြန်လမ်းအားအသုံးပြုသည့် Light Truck ယာဉ်၏ခေါင်မိုးပေါ်တွင်လူနှင့်ပစ္စည်းများ တင်ဆောင်ခြင်း မပြုလုပ်ရ၊
၁၈။ Light Truck ယာဉ်များပေါ်တွင် ကုန်စည်ပစ္စည်းများ တင်ဆောင်လာပါကအမိုးအကာတာလပတ်များဖြင့် စနစ်တကျအုပ်ဆိုင်းချည်နှောင်ထားရမည်၊

ရန်ကုန်-မန္တလေးအမြန်လမ်းအသုံးပြုယာဉ်များ၏ ကြံ့ခိုင်မှု ပူးပေါင်းစစ်ဆေးရေးအဖွဲ့



မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ပန်းဦးတောင်ကျေးရွာအုပ်စု ကုန်းကော်ကျေးရွာ အိမ်ထောင်စု ၁၁၂ စုသို့ မီတာများ တပ်ဆင်ပြီး ၃၁၅ ကေဗွီအေထရန်စဖော်မာဖြင့် မေ ၁ ရက်မှစ၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးစဉ်။

မောင်လှမော်

# အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းအောင်စိုး၊ ဦးမျိုးအောင်နှင့် ဦးဆန်နီတို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ

**နေပြည်တော် မေ ၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မိုးထိမိုးမိဒေသရှိ အကြီးစား ရွှေလုပ်ကွက်များတွင် တရားမဝင်ရွှေသတ္တုတူးဖော်သူများနှင့် အဂတိလိုက်စား၍ ရွှေခိုးထုတ်ရာတွင် ပူးပေါင်းပါဝင်သော တာဝန်ကျဝန်ထမ်းများအား စုံစမ်းဖော်ထုတ်အရေးယူပေးပါရန် ဦးထွန်းအောင်စိုး (အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာ)က အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

**အရေးယူဆောင်ရွက်**

၎င်း၏တိုင်ကြားစာအရ ဦးထွန်းအောင်စိုး ဖော်ညွှန်းသော သက်သေများနှင့် ဆက်စပ်သက်သေများ၏ ထွက်ဆိုချက်အရ မိုးထိမိုးမိဒေသ ရွှေတူးဖော်ထုတ်လုပ်ရေးလုပ်ကွက်ကြီး(A)ရှိ ပိတ်ထားသော Adit အတွင်း၌ ဖမ်းဆီးရမိခဲ့ပြီး ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေပုဒ်မ ၆(၁) ဖြင့် အမှုဖွင့်တိုင်ကြားခြင်းခံခဲ့ရသည့် ဦးအေးကိုပါ ၁၀ ဦးတို့အား ဦးထွန်းအောင်စိုး ညွှန်ကြားသည့်အတိုင်း သတ္တုတွင်းဝန်ထမ်းနှင့် လုံခြုံရေးရဲများကို ငွေပေး၍ သတ္တုခိုးတူးခြင်းဖြစ်သည်ဟု ပြောဆိုပေးရန် ဦးမျိုးအောင်နှင့် ဦးဆန်နီတို့သည် ရမည်းသင်းအကျဉ်းထောင်တွင် သွားရောက်တွေ့ဆုံသင်ကြားပေးခြင်း၊ အမှုသက်သာအောင် ဆောင်ရွက်ပေးမည်ဟု သွေးဆောင်ပြောကြားခြင်း၊ ရွှေဟင်္သာဟိုတယ်၌ သတင်းသမားများနှင့် တွေ့ဆုံစဉ် ဦးသိန်းမြင့်ပါ လေးဦးအား မမှန်မကန်သော အချက်များကို ထုတ်ဖော်ပြောကြားစေရန် ဆောင်ရွက်ပေးခဲ့ပြီး မမှန်မကန်သော အချက်အလက်များကို ရေးသားတိုင်ကြားစေရန် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ ဦးထွန်းအောင်စိုးသည် ၎င်းတို့ကုမ္ပဏီနှင့် အကျိုးတူပူးပေါင်းလုပ်ကိုင်ခဲ့သည့် ကုမ္ပဏီအဖွဲ့(၈)ဖွဲ့အမည်ကို အလွဲသုံးစားပြုပြီး နိုင်ငံ့ဝန်ထမ်းများက ငွေကြေးများရယူပြီး တရားမဝင် ရွှေခိုးတူးခွင့်ပြုကြောင်း၊ ရွှေခိုးတူးသူများအား လာဘ်ငွေရယူ၍ ပြန်လွှတ်ခဲ့သည်ဟု မမှန်မကန်စွပ်စွဲ တိုင်ကြားစာများ ပေးပို့ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် နိုင်ငံ့ဝန်ထမ်းများအား နစ်နာစေရန်ရည်ရွယ်၍ အဂတိလိုက်စားမှုကျူးလွန်သည်ဟု မမှန်မကန်တိုင်ကြားသူ အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီ၏အုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းအောင်စိုးအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၉ အရလည်းကောင်း၊ မမှန်မကန်တိုင်ကြားရာတွင် အားပေးကူညီခဲ့သည့် ဦးမျိုးအောင်နှင့် ဦးဆန်နီတို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၉/၆၃ အရလည်းကောင်း အရေးယူဆောင်ရွက်ရန် နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့မရဲစခန်းတွင် ယနေ့ရက်စွဲဖြင့် ပထမသတင်းပေးတိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

# ပျော်ဘွယ်နှင့် ဒီးမော့ဆိုမြို့တို့တွင် မီးလောင်မှုဖြစ်ပွား

**ပျော်ဘွယ်**

ပျော်ဘွယ်မြို့ ရန်ကုန်-မန္တလေးကားလမ်းမဘေး ရွှေပြည်ရန်နိုင်ရပ်ကွက်ရှိ ဆိုင်ကယ်နှင့် အပိုပစ္စည်းအရောင်းဆိုင် မီးလောင်မှုဖြစ်စဉ်ကြောင့် ဆိုင်ကယ် ၁၈ စီး မီးလောင်ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၃ ရက် နံနက် ၁၁ နာရီခန့်တွင် ရွှေပြည်ရန်နိုင်ရပ်ကွက်ရှိ ဆိုင်ကယ်နှင့် အပိုပစ္စည်းအရောင်းဆိုင် မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်သက်လှိုင် ဦးဆောင်သော တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်များ၊ ရေသယ်ယာဉ်များဖြင့် သွားရောက်ငြိမ်းသတ်ရာ နံနက် ၁၁ နာရီ မိနစ် ၂၀ ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် ဆိုင်ကယ်နှင့် အပိုပစ္စည်းအရောင်းဆိုင်ရှိ ဆိုင်ကယ်အစီး ၇၀ ခန့်အနက်မှ ဆိုင်ကယ် ၁၈ စီးမှာ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

**ဒီးမော့ဆို**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ဒေါ်ညေးခူကျေးရွာနေ ကိုရယ်အောင်



၂၉ နှစ်၏ နေအိမ်၌ မေ ၂ ရက် ည ၇ နာရီ ၄၅ မိနစ်က ဖယောင်းတိုင်မီးထွန်းထားရာမှ အိပ်ရာပေါ်သို့ လဲကျပြီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ရီရယ်(ဒီးမော့ဆို)**

# ရွှေဘိုမြို့တွင် ရထားနှင့် ဆိုင်ကယ်တိုက်မှုဖြစ်ပွား ဆိုင်ကယ်မောင်းသူ သေဆုံး

**ရွှေဘို မေ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့အမှတ်(၁၀)ရပ်ကွက်ရှိ ရထားသံလမ်းကူးတွင် ရထားနှင့်ဆိုင်ကယ်တိုက်မှုဖြစ်ပွား၍ ဆိုင်ကယ်မောင်းသူ သေဆုံးခဲ့ကြောင်း ရွှေဘိုမြို့မရဲစခန်းမှူး ဒုရဲမှူးသိန်းဆွေတင့်က ပြောသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် မေ ၃ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က ရွာထောင်ဘူတာမှ ကောလင်းဘူတာသို့ ထွက်ခွာလာသော အဆန်ရထားသည် မုဆိုးခြုံဘူတာနှင့် ရွှေဘိုဘူတာကြား ရွှေဘိုမြို့ အမှတ်(၁၀) ရပ်ကွက် သံလမ်းနှင့်ကားလမ်းဆုံအရောက် ရထားလာနေချိန်တွင် ဆိုင်ကယ်စီးလာသော အမျိုးသားတစ်ဦးက ပိတ်ထားသော ဂိတ်တံခါးကို ကျော်ဖြတ်ကူးရာမှ ရထားဖြင့် တိုက်မိခဲ့သဖြင့် ဆိုင်ကယ်မောင်းသူ သေဆုံးသွားခဲ့ကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

# ဒိုက်ဦးမြို့နယ်နှင့် မင်းကင်းမြို့နယ်တို့တွင် တရားမဝင်သစ်များ သိမ်းဆည်းရမိ



**နေပြည်တော် မေ ၃**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (CMRS) ဖြင့် သတင်းပေးပို့ချက်အရ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ တပ်မတော်မှတပ်ဖွဲ့ဝင်များ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁ ရက်တွင် ဒိုက်ဦးမြို့နယ် ဒိုက်ဦး-စစ်တောင်းလမ်းတွင် နစ်ဆန်းခြောက်ဘီးယာဉ်ပေါ်မှ တရားမဝင်ပျဉ်းကတိုးခွဲသား ၁၃၆ ချောင်း (၇ ဒသမ ၂၃၅၂ တန်)ကို သိမ်းဆည်းရမိသည်။

အလားတူ မေ ၂ ရက်တွင် မင်းကင်းမြို့နယ် မောက္ကတော်ကျေးရွာ၊ ယားကျေးရွာ၊ အင်ပင်လှကျေးရွာ အနီးဝန်းကျင်တို့မှ တရားမဝင် ကညင်၊ အင်သစ်လုံး စုစုပေါင်း ၁၄ လုံး (၉ ဒသမ ၁၃၄၀ တန်)တို့ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်လှမော်**

# ပြည်နှင့် ပင်လည်ဘူးမြို့တို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် သာသနိကအဆောက်အအုံအချို့နှင့် လူနေအိမ်များ ပျက်စီး



**ပင်လည်ဘူး**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့၌ မေ ၂ ရက် ညနေ ၆ နာရီ ၂၅ မိနစ်တွင် မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ဝွေးချိုကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံနှင့် နေအိမ်တစ်လုံး အမိုးလန် ပျက်စီးဆုံးရှုံးခဲ့သည်။ လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။

**မျိုးလွင်(ပင်လည်ဘူး)**

**ပြည်**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်တွင် မေ ၂ရက် ညနေ ၅ နာရီခန့်က လေပြင်းတိုက်ခတ်မှုနှင့် မိုးသက်လေပြင်းကျရောက်မှုကြောင့် သာသနိက အဆောက်အအုံအချို့နှင့် လူနေအိမ်များ အမိုးလန်ပျက်စီးမှုဖြစ်ပွားခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် ပြည်မြို့ ဗိုလ်ချုပ်လမ်းရှိ လေးဆူဓာတ်ပျော်ရွှေဆံတော်ဘုရားရင်ပြင်တော် အရှေ့ဘက်ထောင့်ရှိ ခြောက်ဆူဘုရားတန်ဆောင်းအမိုးများ အရှေ့ဘက်သို့ ယိုင်လဲပြိုကျခဲ့ပြီး ဘုရားခြောက်ဆူရုပ်ပွားတော်များအပေါ်သို့ အမိုးများ ပိကျမှုဖြစ်ပေါ်ခဲ့သည်။ ရင်ပြင်တော်ပေါ်ရှိ အခြားသာသနိကအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။ အဆိုပါ ယိုင်လဲပြိုကျနေသော တန်ဆောင်းအမိုးများအား မေ ၃ ရက် နံနက်ပိုင်းက စတင်ကာ ရှင်းလင်းပြုပြင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း စေတီတော်ဂေါပကအဖွဲ့မှ သိရသည်။

လေပြင်းတိုက်ခတ်မှုနှင့် မိုးသက်လေပြင်းကျရောက်မှုကြောင့် ပြည်မြို့နယ်ရှိ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုများတွင် စုစုပေါင်း အမိုးလန်ပျက်စီး နေအိမ် ၉၆ လုံး၊ ပြိုလဲပျက်စီးနေအိမ် ၁၁ လုံး၊ ဘုန်းကြီးကျောင်း အမိုးလန် သုံးကျောင်းနှင့် ပြိုလဲနှစ်ကျောင်း၊ ဓမ္မာရုံတစ်ရုံ အမိုးလန်ပျက်စီး၊ အမကကျောင်း တစ်ကျောင်း အမိုးလန်ပျက်စီး၊ ကိုယ်ထူကိုယ်ထကျောင်း တစ်ကျောင်း အမိုးလန်ပျက်စီးခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**



ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၁)တိုးချဲ့ရပ်ကွက် ရေစက်လမ်းတော်ဝင်အိမ်ရာရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ မေ ၃ ရက်တွင် မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး သက်နိုင်ဦး ရပ်ကွက်နေပြည်သူများအား မဟာသင်္ကြန်ကာလမှုခင်းလျော့နည်းပပျောက်စေရေးအတွက် တားမြစ်ဆေးဝါးများ၊ စိတ်ကြွဆေးများ ရောင်းချသုံးစွဲမှုမရှိစေရေး အသိပညာပေးဟောပြောစဉ်။

အောင်ဌေး

# ဓာတ်ခွဲခန်းဝန်ဆောင်မှုများအကြောင်း သိကောင်းစရာ

■ ဒေါက်တာ ညွန့်ရွှေအောင် (ညောင်ဦး)

ယနေ့အချိန်အခါတွင် ဆေးရုံ၊ ဆေးခန်းအရေအတွက်သည် တိုးတက်လျက်ရှိနေပါသည်။ ဆေးရုံ၊ ဆေးခန်းအရေအတွက် တိုးတက်လာမှုနှင့်အတူ ဆေးရုံ၊ ဆေးခန်းများ၏ ဝန်ဆောင်မှုအရည်အသွေးသည်လည်း တိုးတက်လာရပါမည်။ သို့မှသာ ပြည်သူလူထုအတွက် အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှု (Quality Health Care) ရရှိမည်ဖြစ်ပါသည်။

အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုရရှိနိုင်ရန် ဆေးရုံ၊ ဆေးခန်းများတွင်ရှိသော ဓာတ်ခွဲခန်းများ၏ ဝန်ဆောင်မှုများသည်လည်း အရည်အသွေးပြည့်ဝရန် လိုအပ်ပါသည်။ သို့ဖြစ်၍ စာရေးသူအနေဖြင့် DC Joshi နှင့် Mamta Joshi တို့ရေးသားသော Hospital Administration (First Edition) ၂၀၀၉ စာအုပ်ထဲမှ Laboratory Services (ဓာတ်ခွဲခန်းဝန်ဆောင်မှုများအကြောင်း) ကို အများပြည်သူသိရှိနိုင်ရန် ဘာသာပြန်ရေးသားလိုက်ရသည်။

**ဓာတ်ခွဲခန်းအမျိုးအစား**

ဆေးပညာဆိုင်ရာ ဓာတ်ခွဲခန်းဝန်ဆောင်မှုများကို ဆေးကုသရေးနှင့်ဆိုင်သောဓာတ်ခွဲခန်းများ (Clinical Laboratories) နှင့် ပြည်သူ့ကျန်းမာရေးနှင့် ဆိုင်သော ဓာတ်ခွဲခန်းများ (Public Health Laboratories) ဟူ၍ အကြမ်းဖျင်းခွဲခြားနိုင်ပါသည်။ ထို့အပြင် ပြင်ပလူနာဌာနဓာတ်ခွဲခန်း၊ အတွင်းလူနာဌာနဓာတ်ခွဲခန်း၊ ပင်မဓာတ်ခွဲခန်းနှင့် အရေးပေါ် ဓာတ်ခွဲခန်းဟူ၍ အမျိုးအစားထပ်မံခွဲခြားထားပါသည်။

ပြင်ပလူနာဌာန ဓာတ်ခွဲခန်းသည် ပြင်ပလူနာကြည့်ရှုသည့်နေ့နှင့် အချိန်တွင် စမ်းသပ်စစ်ဆေးပေးပါသည်။ အတွင်းလူနာဌာန ဓာတ်ခွဲခန်းသည် ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများအတွက် သက်ဆိုင်ရာ ကုသဆောင်များတွင် စမ်းသပ်စစ်ဆေးပေးသော ဓာတ်ခွဲခန်းဖြစ်ပါသည်။ ပင်မဓာတ်ခွဲခန်းသည် ကုသဆောင်များတွင် စမ်းသပ်စစ်ဆေး၍မရသော ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများကို စမ်းသပ်စစ်ဆေးပေးသော နေရာဖြစ်ပါသည်။ ပင်မဓာတ်ခွဲခန်းသည် ရောဂါဗေဒဌာန၊ အဏုဇီဝဗေဒဌာန (သို့မဟုတ်) ဇီဝဓာတုဗေဒဌာနတို့၏ ထိန်းချုပ်မှုအောက်တွင် ထားရှိပါသည်။ အရေးပေါ်ဓာတ်ခွဲခန်းသည် ဆေးရုံတွင် အရေးပေါ် စစ်ဆေးနိုင်ရန်အတွက်ထားရှိသော ဓာတ်ခွဲခန်းဖြစ်ပါသည်။

**အစိတ်အပိုင်းလေးခုပါဝင်**

ဓာတ်ခွဲခန်းဟုဆိုရာတွင် အစိတ်အပိုင်း လေးခု ပါဝင်ပါသည်။ ယင်းတို့မှာ သွေးရောဂါဗေဒ၊ ရုပ်သွင်ပြင်ဆိုင်ရာ ရောဂါဗေဒ၊ ဆေးကုသမှုဆိုင်ရာရောဂါဗေဒနှင့် အဏုဇီဝဗေဒဟူ၍ ဖြစ်ပါသည်။ သွေးရောဂါဗေဒတွင် သွေး၊ ရိုးတွင်းခြင်ဆီ၊ သွေးသွင်းကုသမှုဆိုင်ရာ လေ့လာစစ်ဆေးခြင်း၊ ရုပ်သွင်ပြင်ဆိုင်ရာ ရောဂါဗေဒတွင် သေဆုံးသူများကို ရင်ခွဲစစ်ဆေးခြင်း၊ ရောဂါဖြစ်နေသော ခန္ဓာကိုယ် အစိတ်အပိုင်းများမှ အသားမျှင်များကို လေ့လာစစ်ဆေးခြင်း၊ ဆေးကုသမှုဆိုင်ရာ ရောဂါဗေဒတွင် သွေးတွင်းသကြားဓာတ်၊ အဆီဓာတ်၊ အသားဓာတ်များကို လေ့လာစစ်ဆေးခြင်း၊ ဆီးနှင့် ခန္ဓာကိုယ်မှထွက်သော အရည်များကို လေ့လာစစ်ဆေးခြင်း၊ ဟော်မုန်းများနှင့် အင်ဇိုင်း (Enzymes) များကို လေ့လာစစ်ဆေးခြင်း၊ အဏုဇီဝဗေဒတွင် ဘက်တီးရီးယားပိုး၊ မှိုပိုး၊ ကပ်ပါးပိုး၊ ဗိုင်းရပ်စ်ပိုးများကို လေ့လာစစ်ဆေးခြင်း၊ ခန္ဓာကိုယ်ခုခံအားစနစ်ကို လေ့လာစစ်ဆေးခြင်း စသည်တို့ပါဝင်ပါသည်။

> **ဓာတ်ခွဲခန်းနှင့်ပတ်သက်၍ ဝန်ဆောင်မှုကောင်းရန်၊ အရည်အသွေးထိန်းထားနိုင်ရန်၊ ဆေးကုသပေးသော ဆရာဝန်များနှင့် ဓာတ်ခွဲခန်းဝန်ထမ်းများအကြား ကောင်းမွန်သော ဆက်ဆံရေးရရှိရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က လမ်းညွှန်ထား**

ဓာတ်ခွဲခန်းနှင့်ပတ်သက်၍ ဝန်ဆောင်မှုကောင်းရန်၊ အရည်အသွေးထိန်းထားနိုင်ရန်၊ ဆေးကုသပေးသော ဆရာဝန်များနှင့် ဓာတ်ခွဲခန်းဝန်ထမ်းများအကြား ကောင်းမွန်သော ဆက်ဆံရေးရရှိရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က လမ်းညွှန်ထားပါသည်။

**ဓာတ်ခွဲခန်း အရည်အသွေး**

ဓာတ်ခွဲခန်းများတွင် အရည်အသွေးအာမခံပေးသော အစီအစဉ် (Quality Assurance Program) များရှိရပါမည်။ သို့ဖြစ်၍ အရည်အသွေးထိန်းချုပ်ရေးမူဝါဒ (Quality Control Policy) ရှိရပါမည်။ ထို့အပြင် စံချိန်စံနှုန်းများနှင့် ပြည့်စုံသောဓာတ်ခွဲခန်းများ (Accredited Laboratories) လည်း ဖြစ်ရန်လိုအပ်ပါသည်။ စံချိန်စံနှုန်းများနှင့် ပြည့်စုံသော ဓာတ်ခွဲခန်းများဖြစ်ခြင်းဖြင့် ဓာတ်ခွဲခန်းအပေါ် လူနာများမှ ယုံကြည်မှုရရှိစေခြင်း၊ လူနာကျေနပ်မှုရရှိစေခြင်း၊ ဓာတ်ခွဲခန်း၏ အရည်အသွေး တိုးတက်ခြင်း၊ အချိန်နှင့် ငွေကြေးချွေတာရာရောက်ခြင်း၊ ပြည်တွင်း၊ ပြည်ပ လူနာများမှ ဓာတ်ခွဲခန်းသို့ပို့ဆောင်စစ်ဆေးခြင်းဖြင့် ပြည်တွင်း၊ ပြည်ပ ဈေးကွက်ဖြစ်လာခြင်းစသော အကျိုးကျေးဇူးများရရှိပါမည်။

သို့ဖြစ်၍ ဓာတ်ခွဲခန်းဝန်ဆောင်မှုများ တိုးတက်စေရန်အတွက် အောက်ပါမူဝါဒများနှင့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရပါမည်-

(၁) ဓာတ်ခွဲခန်းတွင် စာဖြင့်ရေးသားထားသော မူဝါဒရှိရပါမည်။

(၂) ဓာတ်ခွဲခန်းတွင် စံလုပ်ငန်းစဉ်များ ရှိရပါမည်။

(၃) ဓာတ်ခွဲခန်း မှတ်တမ်းများနှင့်ပတ်သက်၍ တင်းကျပ်သော ထိန်းချုပ်မှုရှိရပါမည်။

(၄) ဓာတ်ခွဲခန်း ဝန်ထမ်းတစ်ဦးချင်းအတွက် တင်းကျပ်သော မူဝါဒရှိရပါမည်။

(၅) ဓာတ်ခွဲခန်းဝန်ထမ်းများအတွက် ခေါင်းဆောင်မှု၊ စိတ်ဓာတ်တက်ကြွမှု၊ လုပ်ငန်းခွင်ပျော်ရွှင်မှုနှင့်ပတ်သက်သော သင်တန်းများအတွက် မူဝါဒချမှတ်ရပါမည်။

(၆) သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ် ရှိရပါမည်။

(၇) ပြည်သူ့ကျန်းမာရေးပြဿနာများဖြစ်စေသော ရောဂါများနှင့်ပတ်သက်သည့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများကို မှတ်တမ်းထားရှိခြင်း၊ သတင်းပို့ခြင်း ဆောင်ရွက်ရပါမည်။

(၈) ဓာတ်ခွဲခန်း မတော်တဆဖြစ်ပွားမှုများအတွက် ကာကွယ်ရန်မူဝါဒနှင့် လုပ်ငန်းစဉ်များ ထားရှိရပါမည်။

(၉) ဓာတ်ခွဲခန်းအန္တရာယ်များကို ကာကွယ်ရန် မူဝါဒရှိရပါမည်။

(၁၀) ဘေးအန္တရာယ်နှင့် ကပ်ရောဂါများဖြစ်ပွားရာတွင် ဓာတ်ခွဲစမ်းသပ်စစ်ဆေးနိုင်ရန် မူဝါဒထားရှိရမည်။

(၁၁) ဆေးရုံစွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် လုပ်ငန်းစဉ် ရှိရပါမည်။

(၁၂) ဆေးရုံ၊ ဆေးခန်းမှတစ်ဆင့်ကူးစက်တက်သော ရောဂါပိုးများကို ကာကွယ်ရန်၊ ထိန်းချုပ်ရန် အစီအစဉ် ရှိရပါမည်။

(၁၃) ဓာတ်ခွဲခန်းလုပ်ငန်းများ၏ အရည်အသွေး အာမခံမှုနှင့်ပတ်သက်၍ မူဝါဒ၊ လုပ်ငန်းစဉ် ရှိရပါမည်။

(၁၄) ဓာတ်ခွဲခန်းတွင်သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မူဝါဒ၊ လုပ်ငန်းစဉ် ရှိရပါမည်။

**စံချိန်စံနှုန်းနှင့် ပြည့်စုံသော ဓာတ်ခွဲခန်းများ**

ဓာတ်ခွဲခန်းများ၏ တည်နေရာသည် ဓာတ်ခွဲခန်းအမျိုးအစားအပေါ်မူတည်၍ ကွဲပြားနိုင်ပါသည်။ ဆေးရုံများတွင်ရှိသော ဓာတ်ခွဲခန်းများသည် ပြင်ပလူနာဌာန၊ အရေးပေါ်ဌာန၊ အတွင်းလူနာဌာနတို့နှင့် သွားလာရလွယ်ကူသောနေရာတွင် ရှိရပါမည်။ ဓာတ်ခွဲခန်းဝန်ထမ်းအရေအတွက်သည်လည်း ဓာတ်ခွဲခန်းအမျိုးအစားအပေါ်မူတည်၍ ကွာခြားနိုင်ပါသည်။ ထို့အပြင် ဓာတ်ခွဲခန်း၏ အဆောက်အအုံပုံစံသည် ဆေးရုံအဆင့်အပေါ်မူတည်၍ ကွာခြားနိုင်ပါသည်။ စာရေးသူတို့ နိုင်ငံတွင်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ဝေထားသော ဆေးရုံစီမံခန့်ခွဲမှုလက်စွဲစာအုပ်၌ ဓာတ်ခွဲခန်းနှင့်ပတ်သက်၍ ဖော်ပြပါရှိပါသည်။ ဓာတ်ခွဲခန်း ဝန်ဆောင်မှုများသည် ဆေးကုသမှုလုပ်ငန်းများနှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများတွင် အထောက်အကူပြုသော ဝန်ဆောင်မှုများဖြစ်ပါသည်။ ကူးစက်တက်သောရောဂါများနှင့် မကူးစက်တက်သောရောဂါများအတွက် ဓာတ်ခွဲခန်းတွင် စမ်းသပ်စစ်ဆေးမှုများ၊ လုပ်ငန်းခွင်ဝင်ရောက်ရန်အတွက် စမ်းသပ်စစ်ဆေးမှုများ၊ အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် ဓာတ်ခွဲခန်းတွင် စမ်းသပ်စစ်ဆေးမှုများ၊ မှုခင်းဆိုင်ရာကိစ္စရပ်များအတွက် ဓာတ်ခွဲခန်းတွင် စမ်းသပ်စစ်ဆေးမှုများ စသဖြင့် အကြောင်းအမျိုးမျိုးအတွက် ဓာတ်ခွဲခန်းတွင် စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ကြရပါသည်။ ထို့သို့ စမ်းသပ်စစ်ဆေးရာတွင် ဓာတ်ခွဲခန်းအဖြေများ တိကျမှန်ကန်စေရန်၊ နိုင်ငံတကာ ဓာတ်ခွဲခန်းများနှင့် ရင်ပေါင်တန်းနိုင်စေရန်နှင့် စံချိန်စံနှုန်းနှင့် ပြည့်စုံသော ဓာတ်ခွဲခန်းများဖြစ်စေရန် ရည်ရွယ်၍ ဓာတ်ခွဲခန်းဝန်ဆောင်မှုများအကြောင်း သိကောင်းစရာကို ဘာသာပြန်ရေးသားလိုက်ရပါသည်။ ။

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- ❖ နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိကန်ရေများ ရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် သြဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချရန်။
- ❖ နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသော ရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များ မောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်းစသည့် နည်းလမ်းများဖြင့် ရေတွင်ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးရန်။
- ❖ ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသောရေသစ်များ ဖြည့်သွင်းပေးရန်။
- ❖ ရေသစ်သွင်းရန် အခက်အခဲရှိပါက မွေးမြူထားသော ငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- ❖ အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင်ငါးများ ကန်ပြောင်းရွှေ့ခြင်း မပြုရန်။
- ❖ ကန်ရေအရောင်အသွေး သတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသောအခြေအနေ ရှိရပါမည်)။
- ❖ ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးဖော်ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။
- ❖ အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိကို ပုံမှန်စစ်ဆေးရန်။
- ❖ မွေးမြူရေးကန်အားလိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှသိုလှောင်ထားရန်။
- ❖ ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက် ၆ နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ❖ ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## ရှမ်းရွာသစ်မြို့တွင် ဆေးရောင်ခြယ်နှင့် ပုံပြောပြိုင်ပွဲ ကျင်းပ

**ရှမ်းရွာသစ် ဧပြီ ၃**

ကရင်ပြည်နယ် ဘားအံခရိုင် ရှမ်းရွာသစ်မြို့တွင် ကျောင်းသား လူငယ်များ စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်၊ ကိုယ်လက်ကျန်းမာစေရန်၊ ဉာဏ်ရည်ဉာဏ်သွေးများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ပုံပြောနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ပြည်သူ့စာကြည့်တိုက်ရှိ ကလေးစာဖတ်ခန်းတွင် ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၇ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်အေးအေးနွဲ့က ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဝေဠု(ပြန်/ဆက်)**



## ပါရမီလူထုမီးဖိုဆောင်ဖွင့်ပွဲ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

**ပွင့်ဖြူ မေ ၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် လယ်ကိုင်းကျေးရွာတွင် ကျေးလက်နေပြည်သူများ အချိန်ကုန် လူပင်ပန်းသက်သာစွာ ချက်ပြုတ်နိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အထောက်အကူပြုစေရန် ရည်ရွယ်၍ ဆောက်လုပ်ပြီးစီးသည့် ပါရမီလူထုမီးဖိုဆောင် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၂ ရက် နံနက် ၉ နာရီက ကျေးရွာပါရမီလူထုမီးဖိုဆောင်အနီး ယာယီမဏ္ဍပ်တွင် ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို က နိုင်ငံအတွင်း စွမ်းအင်သုံးစွဲမှု လျှော့ချနိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစေရေးအတွက် ရည်ရွယ်၍ ပါရမီလူထုမီးဖိုဆောင်ဆောက်လုပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ ကမ္ဘာလုံးဆိုင်ရာ LPG အဖွဲ့၏ Cooking for life မှ Ms. Alison Abbott က စွမ်းအင်လျှော့ချနိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အထောက်အကူပြုနိုင်ရန် ဂက်စ်မီးဖိုဆောင်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအပေါ် ကမ္ဘာလုံးဆိုင်ရာအမြင်နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားပြီး ပါရမီစွမ်းအင်ကုမ္ပဏီများအုပ်စု၏ အမှုဆောင်အရာရှိချုပ် ဦးပြည့်ဝထွန်းက အဆောက်အအုံဆောက်လုပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းဆွေးနွေးပြောကြားသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို၊ ကမ္ဘာလုံးဆိုင်ရာ LPG အဖွဲ့၏ Cooking for life မှ Ms. Alison Abbott၊ Ms Sanjeen Sinha နှင့် တာဝန်ရှိသူများက ပါရမီလူထုမီးဖိုဆောင်အတွင်း အိမ်ရှင်မများ၏ ဂက်စ်မီးဖိုဖြင့်ချက်ပြုတ်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**





## ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့် ဘဏ်ဆိုင်ရာရှင်းလင်း

**ထားဝယ် မေ ၃**

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) နှင့် စီမံကိန်းဘဏ် (Project Bank) ဆိုင်ရာရှင်းလင်းပွဲကို မေ ၂ ရက် မွန်းလွဲ ၂ နာရီက ထားဝယ်မြို့တော်ခန်းမ၌ ကျင်းပသည်။

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်က ဝန်ကြီးဌာနအသီးသီးကရေးဆွဲထားသော မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကဏ္ဍအလိုက် စီမံကိန်းများ၊ လုပ်ငန်းအစီအစဉ်များကို မဟာဗျူဟာကျကျ ချိတ်ဆက်နိုင်ရေးအတွက်လည်းကောင်း၊ မြန်မာနိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်မည့် ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်၊ ကတိကဝတ် အစရှိသည်တို့နှင့် နိုင်ငံတော်က ချမှတ်ဆောင်ရွက်မည့်စီမံကိန်းများ၊ နည်းဗျူဟာများအကြားတွင် ချိတ်ဆက်နိုင်ရေးအတွက်လည်းကောင်း၊ စီမံကိန်းများဆောင်ရွက်သောနေရာတွင် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ အခန်းကဏ္ဍများကို ပိုမိုရှင်းလင်းပြတ်သားနိုင်ရေးအတွက်လည်းကောင်း ရည်ရွယ်ပြီး MSDP နှင့် Project Bank တို့ကို ရေးဆွဲရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်းမှ ဒေါ်သီတာနွဲ့နှင့် ဦးကျော်မော်ဇံတို့က မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) နှင့် စီမံကိန်းဘဏ် (Project Bank) ဆိုင်ရာအကြောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။ **တိုင်းဒေသကြီး (ပြန်/ဆက်)**

## ၂၀၁၉ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် မေ ၃**

၂၀၁၉ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား အသက် ၂၅ နှစ်အောက် မြို့နယ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၃ ရက် နံနက် ၈ နာရီတွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားခန်းမ၌ ကျင်းပသည်။

နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းက ဘော်လီဘောပြိုင်ပွဲကျင်းပပေးရခြင်းမှာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် မြို့နယ်အသီးသီးမှ ဘော်လီဘောအားကစားသမားများအချင်းချင်း စုစည်းတွေ့ဆုံ၍ ချစ်ခင်ရင်းနှီးစေရေး၊ ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်အားကစားသမားများ ထွက်ပေါ်လာစေရေးအတွက်ဖြစ်ပြီး ထူးချွန်ထက်မြက်သော ကစားသမားများကို ပြည်ထောင်စုနယ်မြေ လက်ရွေးစင်အဖြစ်ရွေးချယ်ကာ တိုင်းဒေသကြီး၊ ပြည်နယ်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်စေမှာဖြစ်ကြောင်းနှင့် ယခုပြိုင်ပွဲမှတစ်ဆင့် မြို့နယ်ဂုဏ်ဆောင်၊ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများဖြစ်လာအောင် ကြိုးစားသွားကြရန် မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား အသက် ၂၅ နှစ်အောက် မြို့နယ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲကို ကျင်းပရာ အဖွင့်ပွဲစဉ်အဖြစ် ဒက္ခိဏသီရိမြို့နယ်အသင်းနှင့် ဇေယျာသီရိမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကြသည်။

၂၀၁၉ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် ဘော်လီဘောပြိုင်ပွဲကို နေပြည်တော်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်တို့မှ ဘော်လီဘောလက်ရွေးစင်အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကာ မေ ၃ ရက်မှ စတင်ယှဉ်ပြိုင်၍ မေ ၉ ရက်တွင် ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **စိုးမိုး(ပြန်/ဆက်)**



## ဒဂုံမြို့သစ်(မြောက်ပိုင်း)သို့ သောက်သုံးရေလှူဒါန်း

**ရန်ကုန် မေ ၃**

သောက်သုံးရေခက်ခဲ၍ ရေပြတ်တောက်မှုနှင့် ကြုံတွေ့နေရသော ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် (၃၈) ရပ်ကွက် မြတ်မင်္ဂလာလမ်း(သီလဝါလမ်းဘက်ခြမ်း) ရှိ ရေပြတ်လပ်နေသောနေအိမ်များသို့ မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် မုဒိတာအိမ်ရာအခြေစိုက် ဦးဇွဲရန်နိုင်ဦးစီးသော ရွှေရောင်သမိုင်း အရေးပေါ်ကယ်ဆယ်ရေးနှင့် လူမှုအထောက်အကူပြုဖွံ့ဖြိုးရေးအသင်း (ERSSDO) က မေ ၂ ရက် ညနေပိုင်းတွင် သောက်သုံးရေများ သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

## ယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလှုပ်ရှားမှုကျင်းပ

**ရန်ကုန် မေ ၃**

ယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနား ဖွင့်ပွဲကို မေ ၁ ရက်နံနက်က အထက(၆) ဗိုလ်တထောင် အောင်ကျော်ခန်းမတွင် ကျင်းပသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ ကောင်စစ်ဝန် Mr. Takimi တို့က အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့ (MORS) မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနေစိုးမောင်က ယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုကျင်းပရခြင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့ (MORS) နှင့် အထက(၆) ဗိုလ်တထောင်သို့ အလှူရှင်များကိုယ်စား SAT Japan Road Service Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ Mr. Yamaguchi က အလှူငွေများ ပေးအပ်သည်။

ယင်းနောက် မတ် ၂၁ ရက်က ပြုလုပ်ခဲ့သည့် Road Safety Art Contest 2019 တွင် ပန်းချီ၊ ကာတွန်းနှင့် လက်ကမ်းစာစောင်ပြိုင်ပွဲတွင် ဆုများရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် ပညာရှင်များအား ဆုများအသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။ **အောင်သူရ**



## ပဲခူးတိုင်းဒေသကြီးတွင် စာတမ်းဖတ်ပွဲကျင်းပ

**ပဲခူး မေ ၃**

ပဲခူးတိုင်းဒေသကြီး မြို့နယ် ၂၈ မြို့နယ်တွင် သီးနှံအလိုက် စမ်းသပ်ကွက်၊ စံပြကွက်များ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ စာတမ်းဖတ်ပွဲအခမ်းအနားကို တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၂ ရက် နံနက်ပိုင်းက ကျင်းပသည်။

တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က အမှာစကားပြောကြားပြီး မြို့နယ် ၂၈ မြို့နယ်မှ တာဝန်ရှိသူများက မိမိတို့မြို့နယ်အတွင်းဆောင်ရွက်ခဲ့သည့် သီးနှံအလိုက် စမ်းသပ်ကွက်၊ စံပြကွက်များ ဆောင်ရွက်မှုအပေါ် တွေ့ရှိချက်များကို စာတမ်းဖတ်ကြားခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

## အခြေခံစာကြည့်တိုက်သင်တန်းဖွင့်လှစ်မည်

**ရန်ကုန် မေ ၃**

မြန်မာနိုင်ငံစာကြည့်တိုက်အသင်းက ကြီးမှူး၍ အခြေခံစာကြည့်တိုက်သင်တန်း (၁/၂၀၁၉) ကို မေ ၂၉ ရက်မှ မေ ၂၉ ရက်ထိ နံနက် ၉ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲထိ ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း သင်တန်းခန်းမ (၂) တွင် ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများအနေဖြင့် မြန်မာနိုင်ငံစာကြည့်တိုက်အသင်း သင်တန်းခန်းမ (၂) နှင့် စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်တို့သို့ မေ ၂၆ ရက်နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပြီး ဖုန်း-၀၉ ၂၅၄၈၀၃၇၇၀ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ်တွင် သံဃာအပါး ၁၃၀ အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူ



**ပွင့်ဖြူ မေ ၃**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာကျေးရွာ သာသနာ့သမိုင်းဝင် စန္ဒကူးနံ့သာကျောင်းတော်ရာဘုရား ဗုဒ္ဓပူဇနိယပွဲတော် အထိမ်းအမှတ် ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပူဇော်ပွဲကို မေ ၂ ရက် ညနေ ၃ နာရီက ဘုရားကြီးပုရိဝုဏ်အတွင်း ကျင်းပသည်။

မကွေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးဆန်းလင်း၊ မင်းဘူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေး၊ ပွင့်ဖြူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများနှင့် ဘုရားဖူးသည့်သည်များက ပင့်သံဃာ အပါး ၁၃၀ အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပူဇော်ခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## ဆရာဇော်ဂျီဆုနှင့် မြန်မာစာဂုဏ်ထူးဆု ၁၉ ဆု ချီးမြှင့်မည်

**ဖျာပုံ မေ ၃**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ရှိ ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက် (၁၁) နှစ်ပြည့် နှစ်ပတ်လည်တွင် နှစ်စဉ်ချီးမြှင့်မြဲဖြစ်သော ဆရာဇော်ဂျီဆု၊ မြန်မာစာဂုဏ်ထူးဆုချီးမြှင့်ပွဲကို မေ ၁၀ရက် နံနက် ၉ နာရီတွင် ဖျာပုံမြို့ ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက် တိုးချဲ့ဆောင်သစ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်ကိုဖျာပုံမြို့သား အမျိုးသားစာဆိုကြီး ဆရာဇော်ဂျီ၏မွေးနေ့ နှစ်(၁၀၀)ပြည့်ကို ဂုဏ်ပြုသောအားဖြင့် ၂၀၀၈ ခုနှစ် မေလက ဖျာပုံမြို့ ချောင်းတွင်းလမ်းမကြီး (ဖျာပုံတံတားအနီး)၌ တည်ထောင်ဖွင့်လှစ်ခဲ့ပြီး နှစ်စဉ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖျာပုံမြို့နယ်အတွင်းမှ မြန်မာစာဂုဏ်ထူးရှင်များအား ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက် မြန်မာစာဂုဏ်ထူးဆုများ ချီးမြှင့်လာခဲ့ရာ ယခု ၁၀ နှစ်တာကာလအတွင်း မြန်မာစာဂုဏ်ထူးဆုပေါင်း ၁၄၀ကျော် ချီးမြှင့်နိုင်ခဲ့ပြီဖြစ်ကြောင်း စာကြည့်တိုက် အလုပ်အမှုဆောင်အဖွဲ့ထံမှ သိရသည်။



"အခိက ဒီဆုတွေချီးမြှင့်တာက ကျောင်းသားကျောင်းသူတွေ မြန်မာစာပေကို ချစ်မြတ်နိုးတတ်ဖို့နဲ့ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဖို့ ဦးတည်ပါတယ်။ ဆရာဇော်ဂျီမိသားစုကလည်း နှစ်စဉ် မြန်မာစာဂုဏ်ထူးရရှိသူတွေထဲက အမှတ်အများဆုံး ရရှိသူတစ်ဦးကို ရွေးချယ်ကာ ဆရာဇော်ဂျီဆုအဖြစ် ထိုက်ထိုက်တန်တန် ချီးမြှင့်လျက်ရှိပါတယ်"ဟု စာကြည့်တိုက်အလုပ်အမှုဆောင်အဖွဲ့အတွင်းရေးမှူး ဦးမြင့်အောင် (ဖိုးအောင်လေး) က ပြောသည်။

လက်ရှိအချိန်တွင် ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်၌ သုတ၊ ရသစာအုပ်မျိုးစုံ ၂၀၀၀၀ ကျော်စုဆောင်းထားရှိကာ နေ့စဉ်စာငှားဝန်ဆောင်မှုအပြင်၊ ကျောင်းဖွင့်ချိန်များတွင် အခြေခံပညာကျောင်းများ၌ Mobile Library များ ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

### တိုတိုထွာထွာဖတ်စရာ

## မဟာမင်္ဂလမမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ်

**ကျောက်တန်း**
ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ဝဲကြီးစံပြကျေးရွာ ဘုန်းတော်ကြီးကျောင်း၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိမလသည် နှစ်ပေါင်း ၂၀ ကျော်တိုင် သာသနာအကျိုး၊ ဘာသာအကျိုးများကို စွမ်းစွမ်းတမံ ကြိုးစားလုပ်ဆောင်ခဲ့ခြင်းကြောင့် YMBA အသင်းကြီးက ဆရာတော်အား မဟာမင်္ဂလမမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ကို မေ ၂ ရက် နံနက် ၁၀ နာရီက ဝဲကြီးဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဆရာတော်သည် YMBAအသင်းကြီး၏ ၆၈ ပါး မြောက်ဆက်ကပ်ပူဇော်ခြင်းခံရသော ဆရာတော်တစ်ပါးဖြစ်ပြီး သက်တော် ၅၃ နှစ် သိက္ခာတော် ၃၄ ဝါ ဖြစ်ကြောင်းသိရသည်။ **အောင်ဆွေ(ရွှေတံတား)**

## ပါဠိပထမပြန် စာမေးပွဲ မလှိုင်မြို့၌ ကျင်းပ

**မလှိုင်**
ပါဠိပထမပြန် စာမေးပွဲကို မေ ၂ ရက် မွန်းတည့် ၁၂ နာရီက မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့အခြေခံပညာအထက်တန်းကျောင်း ဧရာဝတီခန်းမ၌ ကျင်းပသည်။

ပထမကြီးတန်း ၂၇ ပါး၊ ပထမလတ်တန်း ၁၆ ပါး၊ ပထမငယ်တန်း ၁၁ ပါး၊ မူလတန်း ၁၆ ပါး စုစုပေါင်း ရဟန်းအပါး ၇၀၊ သီလရှင် သုံးပါး စုစုပေါင်း ၇၃ ပါး စာရင်းပေးသွင်းထားသော်လည်း ဝင်ရောက်ဖြေဆိုသူ ၅၆ ပါးရှိကြောင်း သိရသည်။ **အောင်ဌေး(မလှိုင်)**



**မွန်ပြည်နယ် ပေါင်မြို့နယ် မုတ္တမနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ် အောင်မင်းကြည် မေ ၃ ရက်က နတ်ကြီးချောင်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင် ဒေသခံများကို မှုခင်းကျဆင်းရေး အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲပြုလုပ်စဉ်။** ထွန်းလှိုင်

## ချင်းတွင်းမြစ်အတွင်း ပြေးဆွဲနေသာ ရေယာဉ်များ စည်းကမ်းဖောက်လျှင် အရေးယူမည်

**မုံရွာ မေ ၃**
ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် မြို့နှင့်ကျေးရွာများတွင် ရေယာဉ်စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းကြပ်မတ်နေသော်လည်း တချို့ရေယာဉ်များအနေဖြင့် လမ်းတွင် စည်းကမ်းဖောက်ဖျက်မှုများရှိနိုင်ရာ ပြည်သူက အွန်လိုင်းမှတစ်ဆင့် အသိပေးတိုင်ကြားမှုများ ပြုလုပ်လျှင်လည်း အရေးယူဆောင်ရွက်နေကြောင်း သိရသည်။

"ချင်းတွင်းမြစ်ကြောင်းမှာ ရေယာဉ်စစ်ဆေးရေးအဖွဲ့တွေ မြို့နယ်တိုင်းမှာရှိအောင် ဖွဲ့စည်းပေးထားသော်လည်း အွန်လိုင်းကတစ်ဆင့်သတင်းပေးပါက အရေးယူတာတွေ လုပ်ခဲ့ပါတယ်။ ဥပမာ- ဟုမ္မလင်းကထွက်လာလို့ လူများတာတွေဖြစ်ခဲ့ရင် အနီးဆုံးဖောင်းပြင်မှာဖမ်းခိုင်းမယ်။ ဟုမ္မလင်းကနေ တစ်ဂိတ်ပဲစည်းကမ်းဖောက်ခွင့်ရမယ်။ ဒီဘက်ကျော်လာလို့တော့မရတော့ဘူး"ဟု ရေကြောင်းပို့ဆောင်မှုဦးစီး ဌာန စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူး ဦးအောင်သန်းက ရှင်းပြသည်။

ဆိပ်ကမ်းရှိ မြို့နယ် ထွေ/အုပ်ရုံးခန်းမများတွင် စက်လှေငယ်ပိုင်ရှင်များ၊ ရေယာဉ်မောင်းများအား ပညာပေးဟောပြောခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းထွန်း**

## လာမည့်ဘဏ္ဍာနှစ်အတွင်း မာလဲနတ်တောင်ဆည်ရေသောက်စနစ်အဆင့်မြှင့်တင်ခြင်း အပြီးဆောင်ရွက်မည်

**မန္တလေး မေ ၃**
ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်မည့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြု စီမံကိန်းတွင် ပါဝင်သည့် မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်ရှိ မာလဲနတ်တောင် ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဦးက ပြောကြားသည်။

အဆိုပါလုပ်ငန်းတွင် မာလဲနတ်တောင် ရေလှောင်တမံကြံ့ခိုင်တောင့်တင်းစေရန် ဘိလပ်မြေသရွတ်မှုတ်သွင်းခြင်းလုပ်ငန်းနှင့် ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၏ ရေစီမံခန့်ခွဲမှုကို အထောက်အကူဖြစ်စေမည့် ကျောက်လိုင်နင်စီခြင်း၊ ရေထိန်းအဆောက်အအုံများနှင့် တူးမြောင်းကူးတံတားများ ဆောင်ရွက်ခြင်းလုပ်ငန်းများပါဝင်ပြီး ၂၀၁၈-၂၀၁၉ မိနီဘတ်ဂျက်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ လက်ရှိတွင် လုပ်ငန်းတစ်ခုလုံး၏ ၂၁ ဒသမ ၃၃ ရာခိုင်နှုန်းကို ဆောင်ရွက်ပြီးစီးနေကြောင်း သိရသည်။



အဆိုပါ လုပ်ငန်းဆောင်ရွက်နေမှုများကို မတ် ၃၁ ရက်တွင် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (အထက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်လွင်ထွန်းနှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို ဖြည့်စွက်မှာကြားခဲ့သည်။

ယခုဆောင်ရွက်နေသည့် မာလဲနတ်တောင် ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းအားလုံးပြီးစီးသွားပါက ဆည်ရေသောက်ဧရိယာဧက ၆၅၀၀ ကို စိုက်ပျိုးရေများ ပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

## တိုတိုထွာထွာဖတ်စရာ

### ရေသွင်းစိုက်ပျိုးသည့် မြေပဲစိုက်ခင်းများ အောင်မြင်

**ဂန့်ဂေါ**
ဂန့်ဂေါမြို့နယ် ပုံတောင်ပုံညာတောင်ဒေသတွင် စုစုပေါင်းဧက ၅၀ ကျော် ရေသွင်းစနစ်ဖြင့် စိုက်ပျိုးသည့် နွေရာသီမြေပဲစိုက်ခင်းများမှာ အောင်မြင် ဖြစ်ထွန်းလျက်ရှိသည်။

မြေပဲကို မတ်လဆန်းတွင် စတင်စိုက်ပျိုးကြပြီး ရေငတ်ဒဏ်ခံနိုင်သည့် ဆင်းပဒေသာ(၆) မြေပဲမျိုးကို စိုက်ပျိုးကြကြောင်းနှင့် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဝန်ထမ်းများက ပိုးမွှားရောဂါ စနစ်တကျကာကွယ်နှိမ်နင်းရေး နှင့် အစိုဓာတ်လုံလောက်အောင် ထိန်းသိမ်းနိုင်ရေးတို့အတွက် ကွင်းဆင်း ပညာပေးဆွေးနွေးကြကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

### မေတ္တာမြို့တွင် မှူခင်းကျဆင်းရေး ဆိုင်းဘုတ်စိုက်ထူ

**မေတ္တာ**
တနင်္သာရီတိုင်းဒေသကြီး မေတ္တာမြို့ ထီးခမ်းသွားရာလမ်းဆုံ၌ သင်္ကြန် ကာလအတွင်း မှုခင်းကျဆင်းရေးအတွက် လိုက်နာသင့်သည့် စည်းကမ်းချက် များဆိုင်းဘုတ်ကို ဧပြီ ၂ ရက် နံနက် ၉ နာရီက စိုက်ထူခဲ့ကြသည်။

သင်္ကြန်ကာလအတွင်း ပြည်သူများ အန္တရာယ်ကင်းရှင်းစွာ သွားလာ နိုင်ရေးနှင့် ပျော်ရွှင်စွာရေကစားနိုင်စေရန် ရည်ရွယ်၍ဆိုင်းဘုတ်ပြားကို စိုက်ထူခဲ့ကြောင်း သိရသည်။ **မေတ္တာ(ပြန်/ဆက်)**

### ရေတာရှည်တွင် သောက်သုံးရေရှားပါးမှုနှင့် ကြုံတွေ့

**ရေတာရှည်**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ဆွာချောင်းတစ်လျှောက်ရှိ ကျေးရွာအချို့၌ သောက်သုံးရေရှားပါးမှုများ ကြုံတွေ့နေရကြောင်း သိရ သည်။

ဆွာမင်းလမ်း၊ တံတားကြီး၊ ကညင်အိုင်၊ ရေနီး၊ သရက်တောကျေးရွာ တို့တွင် သောက်ရေတွင်းများ ခန်းခြောက်လာသဖြင့် နေ့စဉ်သုံးရေရရှိရေး အတွက် နံနက်အစောပိုင်းတစ်ကြိမ်သာ ခပ်ယူရရှိခြင်းဖြစ်ကြောင်း ဒေသခံ များထံမှသိရသည်။ **ကိုလွင် (ဆွာ)**

### အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်

**တာချီလိတ်**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် အာဖရိကဝက်အပြင်းဖျား ရောဂါ မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ခြံပိုင်ရှင်များ၊ စည်ပင်သာယာရေးဌာနနှင့် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်း၍ စနစ်တကျဆောင်ရွက်နေကြောင်း သိရသည်။

ကြိုတင်ကာကွယ်ရေးအဖြစ် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံပေးခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ခြံအဝင်အထွက်ကို ထိန်းချုပ်ခြင်း၊ ပြင်ပမှဝက်နှင့် ဝက်ထွက်ပစ္စည်းများ ခြံအတွင်းမသယ်ဆောင်ရန်တို့ကို အသိပညာပေးထား ကြောင်း တာချီလိတ်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။
**စိုင်းအောင်ဇော်လင်း**

## MPT **ကအဖွဲ့အစည်း ၄၈ ခုသို့ လှူဒါန်းမှုများပြုလုပ်မည်**

**ရန်ကုန် ဧပြီ ၃**
မြန်မာနှစ်သစ်ကူးအခါသမယတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT)မှ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဒေသ ၁၈ ခုမှ အဖွဲ့အစည်းပေါင်း ၄၈ ခု သို့ လှူဒါန်းမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း ဧပြီ ၂ ရက် မွန်းလွဲပိုင်းက ဗိုလ်အောင်ကျော်လမ်း MPT ရုံးချုပ် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

မြန်မာနိုင်ငံ၏ ပထမဆုံးနှင့် ဦးဆောင်ဆက်သွယ်ရေးအော်ပရေတာဖြစ် သည့် MPT သည် လွန်ခဲ့သော လေးနှစ်တာကာလအတွင်း လူမှုရေးလုပ်ငန်း များ ဆောင်ရွက်ခြင်းမှတစ်ဆင့် မြန်မာကျပ်ငွေသန်းပေါင်း ၆၀၀၀ ကျော် အထိ ကူညီထောက်ပံ့ပေးနိုင်ခဲ့ကြောင်း သိရသည်။ **မြင့်စိုး**

## မင်္ဂလာတောင်ညွန့်မြို့နယ် တောင်လုံးပြန်ရပ်ကွက် ဗုဒ္ဓပူဇနီယပွဲတော် ဓမ္မပူဇာသဘင်ကျင်းပ

**မင်္ဂလာတောင်ညွန့် ဧပြီ ၃**
ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် တောင်လုံးပြန်ရပ်ကွက် လေးကျွန်းမာရ်အောင် ပြည်လုံးချမ်းသာစေတီတော်(ဒုတိယ)အကြိမ် ဗုဒ္ဓ ပူဇနီယပွဲတော် ဓမ္မပူဇာသဘင်ကို ဧပြီ ၄ ရက်မှ ၆ ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။
**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

## သင်္ကြန်ကာလအတွင်း မော်လိုက်မြို့ရှိ ပျားစွဲဆင်စခန်းအား ပုံမှန်ရက်များအတိုင်း ဖွင့်လှစ်မည်

**မော်လိုက် ဧပြီ ၃**
စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့ ပျားစွဲဆင် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းကို မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်ကာလအတွင်း ခရီးသွားဧည့်သည် များ လာရောက်လည်ပတ်နိုင်ရေး ပုံမှန်ဆင်စခန်း ဖွင့်ရက်များအတိုင်း ဖွင့်လှစ်ပေးထားမည်ဖြစ် ကြောင်း သိရသည်။

၂၀၁၉ ခုနှစ် သင်္ကြန်ပွဲတော်ကာလတွင် ပျားစွဲ ဆင်စခန်းကို ပုံမှန်ဆင်စခန်းဖွင့်ရက်များအတိုင်း ဖွင့်လှစ်ပေးထားမည်ဖြစ်ကြောင်းနှင့် စခန်းဝင် ကြေးများကိုလည်း ပုံမှန်နှုန်းထားအတိုင်း ကောက်ခံ သွားမည်ဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ် သင်္ကြန်ပွဲတော် ကာလတွင် ရာသီဥတုပူပြင်းသည့်အတွက် ဆင် စခန်းအား ယာယီပိတ်ခဲ့ကြောင်း မော်လိုက် အနောက်သစ်ထုတ်လုပ်ရေးဒေသ လက်ထောက် မန်နေဂျာ ဦးအောင်ကျော်ဇံထံမှ သိရသည်။

အဆိုပါပျားစွဲဆင်စခန်းကိုတနင်္လာနေ့မှသောကြာ နေ့အထိနံနက်၈နာရီမှမွန်းတည့်၁၂နာရီအထိဖွင့်လှစ် ထားရှိပြီး (စနေ၊ တနင်္ဂနွေ) ရုံးပိတ်ရက်များတွင် ညနေ ၃ နာရီမှ ညနေ ၅ နာရီအထိ ပုံမှန်ဖွင့်လှစ်ပေး ထားလျက်ရှိကြောင်း၊ စခန်းဝင်ကြေးအနေဖြင့် ပြည်တွင်း ခရီးသည်များကို ငွေ ကျပ် ၁၀၀၀၊ ဆင်စီးခြင်း (စခန်း တွင်းခရီးတို) အတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀ ဖြင့်လည်းကောင်း၊ ပြည်ပနိုင်ငံခြားသားခရီးသွား ဧည့်သည်များကိုစခန်းဝင်ကြေးအနေဖြင့် တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀၊ ဆင်စီးခြင်း (စခန်းတွင်းခရီးတို) တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ ကောက်ခံလျက်ရှိသည်။

ယင်းပျားစွဲဆင်စခန်းတွင် ဆင်ကြီးကိုးကောင်၊ ဆင်ကလေးသုံးကောင် စုစုပေါင်းဆင် ၁၂ ကောင်ရှိ ပြီး ဝန်ဆောင်မှုအနေဖြင့် ဆင်များလုပ်ငန်းဝင်ပုံ၊ ဆင်ရေချခြင်း၊ အစာများကျွေးမွေးခြင်း၊ ဆင် ကိရိယာ ကကြိုးတန်ဆာများ တပ်ဆင်ပြသပေး ခြင်း၊ ဆင်များနှင့်အတူ အမှတ်တရမှတ်တမ်း ဓာတ်ပုံများ ရိုက်ကူးနိုင်ခြင်းနှင့် ဆင်အကြောင်း အရာ ဗဟုသုတဖြစ်ဖွယ်များကို ရှင်းလင်းပြသခြင်း များကိုဆောင်ရွက်လျက်ရှိပြီး လာရောက်လည် ပတ်သူများ နားခိုနိုင်ရေးအတွက် နားနေဆောင် များကို ဆောက်လုပ်လျက်ရှိကြောင်းနှင့် ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်တွင် ပျားစွဲဆင်ထိန်းသိမ်းစောင့် ရှောက်ရေးစခန်းသို့ ပြည်တွင်းပြည်ပခရီးသွား ဧည့်သည် စုစုပေါင်း ၇၄၄ ဦး လာရောက်လည်ပတ် ခဲ့ကြောင်း သိရသည်။ **မော်လိုက်သားလေး**




## မန္တလေးမြို့တော်မဟာသင်္ကြန်ပွဲတော်တွင် သံချပ်အဖွဲ့များနှင့် ယိမ်းအဖွဲ့များ ဝင်ရောက်ယှဉ်ပြိုင်မည်

**မန္တလေး ဧပြီ ၃**
မန္တလေးမြို့တော်မဟာသင်္ကြန်ပွဲတော်တွင် ဧပြီ ၂ ရက်အထိ သံချပ်အဖွဲ့ ၁၀ ဖွဲ့နှင့် ရပ်ကွက်ယိမ်းအဖွဲ့ ၁၄ ဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ရန် စာရင်းပေးသွင်းထား ကြောင်း သိရသည်။

ဆုချီးမြှင့်ပွဲကို မဟာသင်္ကြန် အတက်နေ့ ညဥ့်ပိုင်း တွင် မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်၌ ပြုလုပ်သွားမည်ဖြစ်ပြီး သံချပ်ပြိုင်ပွဲတွင် ပထမ ဆု ငွေကျပ် သိန်း ၃၀၊ ဒုတိယဆု ငွေကျပ်သိန်း ၂၀၊ တတိယဆု ငွေကျပ်၁၀သိန်းနှင့်နှစ်သိမ့်ဆုတစ်ဆုလျှင် ငွေကျပ်ခုနစ်သိန်းစီ ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ ရပ်ကွက်အလိုက် ယိမ်းအဖွဲ့များကို ပထမဆု ငွေကျပ် သိန်း ၂၀၊ ဒုတိယဆု ငွေကျပ် ၁၅ သိန်း၊ တတိယဆု ငွေကျပ် ၁၂ သိန်းနှင့် အထူးဆု ငါးသိန်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်ရပ်ကွက် အလိုက် ယိမ်းအဖွဲ့တိုင်းကိုလည်း ငွေကျပ်ငါးသိန်း စီ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့ တော်စည်ပင်သာယာရေးကော်မတီ ပြည်သူ့ ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာနမှ သိရ သည်။
**သန်းဇော်မင်း(ပြန်/ဆက်)**

## ကျိုက်မရောမြို့အဝင် ထန်းပင်တန်း၌ သင်္ကြန်မတိုင်မီ အပန်းဖြေအနားယူသူများဖြင့် စည်ကား



**ကျိုက်မရော ဧပြီ ၃**
မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အဝင် ထန်းပင်တန်း၏အလှအပကို ခရီးသွား ပြည်သူများက အလွန်စိတ်ဝင်စားလျက်ရှိရာ သင်္ကြန်မတိုင်မီကာလ၌ပင် လည်ပတ် အလှဓာတ်ပုံရိုက်သူမိသားစုများ၊ သူငယ်ချင်းမိတ်ဆွေများ၊ တစ်ဦးချင်း ဓာတ်ပုံရိုက်ကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ခဲ့ရ သည်။

ယခုအချိန်တွင် စပါ၊ ပဲပေါ်ချိန်ဖြစ်၍ ရဟန်းခံရှင်ပြုအလှူများ စီတန်းလှည့် လည်လျှင်ပင် အဆိုပါထန်းပင်တန်းထိ သွားရောက်လှည့်လည်လေ့ရှိပြီး အေးမြသော ထန်းပင်ရိပ်အောက်တွင် အနားယူအပန်းဖြေလျက်ရှိကြောင်း၊ အနယ်နယ်အရပ်ရပ်မှ မွန်ပြည်နယ်ဘုရားဖူးခရီးစဉ်တွင် ထန်းပင်များရှိသော ကျိုက်မရောမြို့ကို ခရီးစဉ်တွင်ထည့်ဆွဲကြကြောင်း၊ စက်စဲကမ်းခြေအပြန်တွင် ထန်းပင်တန်းကိုဖြတ်ချင်၍ ကျိုက်မရောမြို့ကိုပတ်ဝင်ခဲ့ကြောင်း၊ အနယ်နယ် အရပ်ရပ်မှ ခရီးသွားဘုရားဖူးပြည်သူများအပြင် နိုင်ငံခြားသားခရီးသွားများပါ အထူးစိတ်ဝင်တစား လာရောက်လေ့လာကြပြီး ပျော်ရွှင်ကြည်နူးစွာ အပန်း ဖြေအနားယူလေ့ရှိနေပြီဖြစ်ကြောင်း သိရသည်။
**ချိုမြတ်မြတ်ထွေး (ကျိုက်မရော)**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

မော်ကွန်း

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ဓမ္မကဗျာစာပေများ




ဂုဏ်ရည်(ပြွန်တန်ဆာ) စီစဉ်ရေးသားသည့် ဓမ္မကဗျာစာပေများ စာအုပ်ထွက်ရှိလာသည်။

တဏှာ၊သမုဒယများနှင့်ဖြစ်တည်နေသည့် လူ့လောက၊ လူ့ဘဝ၊ လူ့အကြောင်းတွေကို စာရေးသူသင်ထားသမျှ၊ တတ်သိသမျှလေးများနှင့် အဘိဓမ္မကို ဇောင်းပေးပြီးရေးသားထားသည့် အဆိုပါ ဓမ္မကဗျာများကို ဖတ်ရှုပြီး ကျန်ရှိနေသည့်အချိန်ပိုင်းအတွင်း အသိသံဝေဂတစ်စွန်းတစ်စရရှိ၍ သံသရာဘဝတစ်ကွေ့တွင် တွေ့ကြုံလာနိုင်သည့် သောကများ ပါးလျား၍ ဘဝခရီးဖြောင့်ဖြူးနိုင်မည်ဟု ယုံကြည်ကြောင်းရေးသားထားသဖြင့် ဖတ်ရှုသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**ရွှေဟင်္သာစာပေ၊ အမှတ်-၂၆၃၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁- ၇၀၉၁၉၁နှင့် ၀၉ -၂၅၄၆၀၉၈၈၉ တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ဖြင့် ဖြန့်ချိသည်။**

## ဝတ်ရွတ်စဉ် ပရိတ်ကြီး ၁၁-သုတ်၊ မဟာပဋ္ဌာန်းဒေသနာတော် တရားဦးဓမ္မစကြာ




စီးပွားလာဘ်လာဘများ ဒီရေအလားတိုးတက်လာစေရန် ဦးအောင်ခိုင်မြင့် စီစဉ်ပူဇော်သည့် ဝတ်ရွတ်စဉ် ပရိတ်ကြီး ၁၁-သုတ်၊ မဟာပဋ္ဌာန်းဒေသနာတော် တရားဦးဓမ္မစကြာစာအုပ် ထွက်ရှိလာသည်။

ပရိတ်ဟူသည် ထက်ဝန်းကျင်မှ ဘေးရန်အန္တရာယ်အသွယ်သွယ်ကို ကာကွယ်စောင့်ရှောက်တတ်သောကြောင့် ဖြစ်ဆဲဘေးရန်အန္တရာယ်၊ ဖြစ်ပေါ်လတ္တံ့သော ဘေးရန်အန္တရာယ်တို့ကို ငြိမ်းကွယ်ပပျောက်စေနိုင်သည်။ မေတ္တသုတ်ကို အမြဲမပြတ်ရွတ်ဖတ်သရဇ္ဈာယ်သောသူသည် အပလောက ပယောဂအခြောက်အလှန့်မခံရခြင်း၊ အနာရောဂါကင်းခြင်း၊ အိပ်မက်ဆိုး၊ နိမိတ်ဆိုး၊ အတိတ်ဆိုးများ မတွေ့ကြုံရခြင်း၊ လူ၊နတ်များ ချစ်ခင်ခြင်း၊ အဆိပ်လက်နက် မစူးရှခြင်း၊ ရှုးသွပ်သောဝေဒနာကင်းခြင်းစသည့် အကျိုးကျေးဇူးများကိုခံစားစေနိုင်သောကြောင့် ဖတ်ရှုလေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကိုမဇ္ဈိမစာပေ၊ အမှတ်-၂၃၇၊ ပထမထပ်၊ ၃၉-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကန်မြို့. ဖုန်း-၀၉ - ၇၇၃၇၇၄၇၃၃နှင့် ၀၁- ၈၃၉၂၈၃၅တို့မှ တန်ဖိုးငွေကျပ် ၈၀၀ဖြင့် ဖြန့်ချိသည်။**

## တရားမ လျှောက်လဲချက်နမူနာများ(၂)




တရားလွှတ်တော်ရှေ့နေ ဓနုဖြူဦးသန်းဆွေ စီစဉ်ရေးသားသည့် တရားမ လျှောက်လဲချက်နမူနာများ(၂) စာအုပ်ထွက်ရှိလာသည်။

တရားရုံးအဆင့်ဆင့်တွင် လျှောက်လဲချက်ပေးခြင်းသည် အမှုကို ဥပဒေနှင့်အညီ မှန်ကန်စွာ ဆုံးဖြတ်နိုင်ရေးအတွက် အရေးပါသော ဆောင်ရွက်ချက်ဖြစ်သည်။ ပြဿနာ၏အဖြေမှန်ကို ဖော်ထုတ်တင်ပြရာတွင် နှစ်ဖက်ရှေ့နေများသည် ဥပဒေအထောက်အထား၊ စီရင်ထုံး အကိုးအကားပြည့်စုံစွာဖြင့် စကားစစ်ထိုးသည့်အသွင်ဖြင့် လျှောက်ထားကြရမည်ဖြစ်သည်။ အဆိုပါစာအုပ်သည် ဥပဒေပညာရပ်ဆိုင်ရာ အသုံးပြုနေသူများ မရှိမဖြစ်ဆောင်ထားသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို အားမာန်သစ်စာပေ၊ အမှတ်-၁၄၃၊ မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ - ၃၉၄၆၈၅နှင့် ၀၉- ၄၄၃၀၄၁၀၇၈ တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ဖြင့် ဖြန့်ချိသည်။**

## မြန်တတ်သက်သာ အမြန်သင် ကစ္စည်းသဒ္ဒါ




ဟင်္သာတမြို့ မိုးကောင်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုဓမ္မာစာရာဘိဝံသ၏ မြန်တတ်သက်သာ အမြန်သင် ကစ္စည်းသဒ္ဒါ (ပြယုဂ်အနက်နှင့် ရုပ်တွက်ပုံ ကျမ်းငယ်နှင့် တွဲဖက်လေ့လာရန်)စတုတ္ထအကြိမ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် သုတ်၊ သုတ်နက်၊ သုတ်ဆိုတို့ကို တိုတိုရှင်းရှင်း ရေးသားထားသည်။ ၈၊ ဝါ၊ ပရိဘာသာ၊ ယောဂဝိဘာဂ၊ ဘာဝနိဒ္ဒေသ၊ သုတ္တဝိဘာဂစသည် အကြွင်းအကျန်မရှိ။ ဆိုင်ရာပြယုဂ်၊ ဥဒါဟရုဏ်၊ ပုဒ်ကြွင်း ရုပ်ကြွင်း အစုံအစေ့၊ သုတ်အထူး၊ ပုဒ်အထူးများ၊ ရုပ်တွက်သုတ်အညွှန်းနှင့် ပဒရူပသိဒ္ဓိ၊ မောဂ္ဂလ္လာန်စသော သဒ္ဒါဆိုင်ရာကျမ်းတို့နှင့် ညှိနှိုင်းချက် အပြင်မှတ်ရန်၊ ဆောင်ရန်တို့ကိုပါ ရေးသားထားသဖြင့် လေ့လာလိုသူများ ဖတ်ရှုသင့်သောစာအုပ်တစ်အုပ်ဖြစ်သည်။ **ဟင်္သာတမြို့ တာကလေးရပ်၊ မိုးကောင်းကျောင်းတိုက် သာသနာပြုအသင်း ဖုန်း-၀၄၄-၂၁၃၈၂နှင့် ၀၉- ၄၄၈၃၂၂၂၅၉တို့က ဖြန့်ချိသည်။**

## လက်ရှိကမ္ဘာ့ ဓာတုကင်းလွတ် အော်ဂဲနစ်ဉယျာဉ်ခြံသီးနှံစိုက်ပျိုးရေး




စိုက်ပျိုးသူလည်းချမ်းသာ စားသုံးသူလည်း ကျန်းမာစေရန် စာရေးသူ နေရောင်(စိုက်ပျိုးရေးတက္ကသိုလ်) စီစဉ်ရေးသားသည့် လက်ရှိ ကမ္ဘာ့ဓာတုကင်းလွတ် အော်ဂဲနစ်ဉယျာဉ်ခြံ သီးနှံစိုက်ပျိုးရေးစာအုပ် ထွက်ရှိလာသည်။

တောင်သူလယ်သမားများအလှူ၊ နည်းပညာရှင်များအလှူ၊ ပြည်ပသို့တင်ပို့ရောင်းချသူများနှင့် စားသုံးသူများအတွက် ကျန်းမာရေးအလှူဟူ၍ အလှူလေးလှူအတွက်ရည်ရွယ်ပြီးရေးသားထားသည်။ အဆိုပါစာအုပ်တွင် အော်ဂဲနစ်စိုက်ပျိုးရေးနှင့် ပတ်သက်သည့် ကမ္ဘာ့အရပ်ရပ်မှ သိပ္ပံပညာရှင်များ၊ အမေရိကန်၊ ဥရောပ၊ ဩစတြေးလျ၊ ဂျပန် စသည့်တက္ကသိုလ်များမှ သုတေသနတွေ့ရှိချက်များ၊ FAO, WHO တို့၏ တွေ့ရှိချက်များကို စာရေးသူ၏ကိုယ်တွေ့အမြင်များနှင့်ဖြည့်စွက်စုစည်းဖော်ပြထားသဖြင့် စိုက်ပျိုးရေးလုပ်ကိုင်သူများလေ့လာသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ **စာအုပ်ကို Dr,အောင်ကျော်မင်း စရဏကုမ္ပဏီ လီမိတက် ဖုန်း-၀၉- ၂၅၂၆၁၉၁၉၈ နှင့် ၀၉- ၉၆၅၁၂၃၂၄၉တို့မှ တန်ဖိုးငွေကျပ် ၆၀၀၀ဖြင့် ဖြန့်ချိသည်။**

## Corel DRAW 2018




ကွန်ပျူတာလေ့လာလိုသူများအတွက် စာရေးသူဦးအောင်မြင့် စီစဉ်ရေးသားသည့် Corel DRAW 2018 စာအုပ်ထွက်ရှိလာသည်။

ကွန်ပျူတာနည်းပညာအသုံးပြုပြီး Vector typeနှင့် ကြော်ငြာဒီဇိုင်းသရုပ်ဖော်ပုံများ၊ လုပ်ငန်းအမှတ်တံဆိပ်များကို တိတိကျကျ သေသေသပ်သပ် ရေးဆွဲလိုပါက Corel DRAW 2018 software သည် အသုံးဝင်ပြီး လူကြိုက်များမှာသေချာသည်။ Window 7,8,10 နှင့် အသုံးပြုနိုင်သည့် Version ၂၀ ခုမြောက် Corel DRAW 2018 ကို 2018 Apr မှာ release လုပ်ခဲ့သည်။ ကွန်ပျူတာနှင့် graphic ပုံများကိုဖန်တီးမည်၊ ပြုပြင်မည်ဆိုလျှင် Vector graphic နှင့် Bitmap (raster) graphicတို့၏ ကွဲပြားခြားနားမှုကို ရှင်းရှင်းလင်းလင်းသိထားဖို့လိုသည်။ ထို့ကြောင့် ပန်းချီ logo ဒီဇိုင်းမျိုးကို fine line ဆွဲလိုပါက Vector graphic နည်းသည် အကောင်းဆုံးဖြစ်သည်။

**စာအုပ်ကို အောင်မြင်စာပေ၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့. ဖုန်း-၀၁- ၅၄၁၇၄၅နှင့် ၀၁ - ၅၅၂၁၀၃တို့မှ တန်ဖိုးငွေကျပ် ၄၅၀၀ဖြင့် ဖြန့်ချိသည်။**

## မော်တော်ယာဉ်၊ ဆိုင်ကယ် ပြစ်မှုပြစ်ဒဏ်များ



မော်တော်ယာဉ်နှင့် ဆိုင်ကယ်မောင်းနှင်သူများသိရှိနိုင်စေရန် ဦးကျော်ဇေယျ စီစဉ်ရေးသားသည့် မော်တော်ယာဉ်၊ ဆိုင်ကယ် ပြစ်မှုပြစ်ဒဏ်များ စာအုပ်ထွက်ရှိလာသည်။

ရပ်ထားသောယာဉ်ကို အခြားယာဉ်တစ်စီးကဝင်တိုက်မိသည့်အခါ တိုက်သောယာဉ်အမှားဖြစ်ပြီး အကယ်၍ ညအချိန် အမှောင်ထဲတွင် ဘေးမီးဖွင့်ထားခြင်းမရှိဘဲ လမ်းပေါ်တွင်ရပ်ထားခဲ့သော်(အန္တရာယ်မဖြစ်နိုင်ရန် သတိပေးမှုမရှိပါက) ရပ်ထားသောယာဉ်တွင်လည်း တာဝန်ရှိနိုင်ပါသည်။ လမ်းဆုံတွင် ယာဉ်နှစ်စီးတိုက်ခြင်းတွင် လမ်းမကြီးနှင့်လမ်းသွယ်ဖြစ်ပါက လမ်းသွယ်မှယာဉ်၏တာဝန်သာဖြစ်သည်။ အကယ်၍ တူညီသောလမ်းဆုံဖြစ်ပါက နည်းဥပဒေ ၁၄၉(က)အရ လက်ယာဘက်ယာဉ်ကို ဦးစားပေးရမည်ဖြစ်သည်။ တူညီသောလမ်းဆုံသို့ ယာဉ်နှစ်စီး တစ်ပြိုင်တည်းရောက်ရှိလျှင် ဦးစွာရောက်ရှိသည့်ယာဉ်ကို ဦးစားပေးရမည်ဖြစ်ပြီး တစ်ချိန်တည်းရောက်ရှိလျှင် လက်ယာဘက်ယာဉ်ကို ဦးစားပေးရမည်ဖြစ်သည်။

**စာအုပ်ကို မယ်နဲ့မောင်စာပေ၊ အမှတ်-၁၇၈ (ပထမထပ်)၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့. ဖုန်း-၀၉ - ၄၄၃၀၄၅၈၃၅နှင့် ၀၁ -၂၄၃၆၁၄တို့မှ တန်ဖိုးငွေကျပ် ၁၀၀၀ဖြင့် ဖြန့်ချိသည်။**

## ဖက်စိမ်းရွက်နဲ့ ပွဲတော်တည်




ရသစုံဝတ္ထု၊ ဆောင်းပါးစာစုများပါရှိသည့် ဖက်စိမ်းရွက်နဲ့ပွဲတော်တည် စာအုပ် ပထမအကြိမ်အဖြစ် မတ်လက ထွက်ရှိခဲ့သည်။

ယခုထွက်ရှိလာသည့် ဖက်စိမ်းရွက်နဲ့ပွဲတော်တည်စာအုပ်တွင် စာရေးဆရာ ၁၅ ဦး၏ဝတ္ထု၊ ဆောင်းပါးများကို တပေါင်းတစည်းတည်း စုစည်းဖော်ပြထားသည်။ စာရေးဆရာ သိုက်ထွန်းသက်၏ ရွှေလျားနံ့ရဲ့ တက္ကသိုလ်တေဇာလင်း၏ သက်သတ်လွတ်တဲ့လား၊ သန့်လဲ့စင်(မန်းတက္ကသိုလ်)၏ ခရမ်းပြာမန္တလေးရဲ့သြကာလအလှဘွဲ့၊ ကာတွန်းမိဆွေ(စိန်ပန်း)၏လူမစွမ်းနတ်မတဲ့အမေ၊ မောင်ရာ၏ လှေကြီးပေါ် လှေငယ်တင်လို့ ပဲ့ပြင်ကလှုပ်လှိုင်းကပုတ်သနဲ့ စသည်ဖြင့် မန္တလေးစာရေးဆရာများ၏ လက်ရာများကို ရသစုံလင်စွာ ဖတ်ရှုရမည့် စာအုပ်တစ်အုပ်ဖြစ်သည်။

**အဆိုပါစာအုပ်ကို တန်ဖိုး ငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။**

# မြို့နယ်အချို့တွင် လေပြင်းတိုက်ခတ်သဖြင့် နေအိမ်အမိုးများပျက်စီး



**ဖောင်းပြင်**

စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့တွင် ဧပြီ ၂ ရက် ညနေ ၅ နာရီ ၁၅ မိနစ်ခန့်က မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ဖောင်းပြင်ဌာနပေါင်းစုံရုံး၊ စာတိုက်ရုံး၊ စားသုံးသူရေးရာဦးစီးဌာနရုံး၊ ကျွန်းရွှေဝါရပ်ကွက်တွင် လူနေအိမ်ငါးလုံးတို့မှ သွပ်ပြားများ ပျက်စီးဆုံးရှုံးခဲ့ပြီး အင်ကြင်းမြိုင်ရပ်ကွက် လောကမာန်အောင် ရန်အောင်ရန်ရှောင် ဘုရားတန်ဆောင်း(၃၅×၂၅)ပေနံကပ်တစ်ထပ်အဆောက်အအုံပြိုကျခြင်း၊ ဖောင်းပြင်မြို့နယ်အတွင်းရှိ ညောင်ပင်သာကျေးရွာတွင် လူနေအိမ်ခြောက်လုံး၊ စပါးကျီတစ်လုံးနှင့် ဇီးခုံကျေးရွာတွင် နေအိမ်တစ်လုံး၊ ရွှေညောင်ပင်ကျေးရွာတွင် အလကကျောင်းဆောင်အမိုးများ ပျက်စီးခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ဖောင်းပြင်မြို့ ချင်းတွင်းမြစ်ဆိပ်ကမ်းတွင် ရပ်နားထားသော စက်လှေတစ်စင်းမှာ လှိုင်းများရိုက်ခတ်မှုကြောင့် တိမ်းစောင်းမှုဖြစ်ပွားခဲ့ရာ ဌာနဆိုင်ရာများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ ကယ်ဆယ်ရေးအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များမှ ရေစုပ်စက်များအသုံးပြု၍ ရေများစုပ်ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ဇေယျာ(ပြန်/ဆက်)**

**ထန်တလန်**

ချင်းပြည်နယ် ထန်တလန်မြို့နယ်အတွင်း ဧပြီ ၂ ရက် ည ၈ နာရီက လေပြင်းတိုက်ခတ်မှုကြောင့် အာရ်ကျဲရ်ကျေးရွာ၌ လူနေအိမ်တစ်လုံး၊ ငါလန်ကျေးရွာ၌ မူလွန်ကျောင်းနှင့် လူနေအိမ်ကိုးလုံး၊ ထန်ဩကျေးရွာ၌ လူနေအိမ်ခြောက်လုံးနှင့် ခွာဟရန်ကျေးရွာ၌ လူနေအိမ်ငါးလုံး၊ ပညာရေးဝန်ထမ်းအိမ်ရာနှစ်လုံး၊ ဘာသာရေးအဆောက်အအုံနှစ်လုံးတို့မှာ သွပ်မိုးများလန်ခြင်း၊ မြားတန်းများကျိုးကျခြင်းနှင့် ပြတင်းပေါက်မှန်များ၊ ပျဉ်ပြားများနှင့် သွပ်ကာများ ပျက်စီးခဲ့သည်။

အဆိုပါ ပျက်စီးနေအိမ်နှင့် မိသားစုဝင်များအား မြို့နယ်သဘာဝဘေးဆိုင်ရာစီမံခန့်ခွဲမှုကော်မတီနှင့် ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့များက ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ကန့်ဘလူ**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်နှင့် ကျွန်းလှမြို့နယ်တို့တွင် ဧပြီ ၂ ရက်ည ၇ နာရီခန့်က မိုးသက်လေပြင်းများတိုက်ခတ်ခြင်း၊ မိုးသီးများကျရောက်မှုကြောင့် နေအိမ်၊ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၊ မူလွန်ကျောင်းတို့တွင် အမိုးလန်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု၍ လိုအပ်သည်များ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကန့်ဘလူမြို့နယ် ဘောကျေးရွာတွင် နေအိမ်တစ်လုံး၊ ကျွန်းလှမြို့နယ် တယ်ပင်ဆိပ်ကျေးရွာ၌ နေအိမ်သုံးလုံး၊ အိမ်ခြေကျေးရွာတွင် ဆီစက်အမိုး၊ ဈေးဆိုင်တို့တွင် အမိုးလန်ပျက်စီးခဲ့ပြီး လျှပ်စစ်မီးတိုင်ခုနစ်တိုင် ပြိုလဲပျက်စီးခဲ့သည်။ နန်းသပ်ကျေးရွာတွင် လူနေအိမ် ၁၉ လုံး၊ မော်ကယ်(အရှေ့) ကျေးရွာတွင် လူနေအိမ်နှစ်လုံး ပြိုလဲပျက်စီးခဲ့ပြီး နေအိမ်ခုနစ်လုံး အမိုးလန်၊ ညောင်ပင်ကျေးရွာတွင် လူနေအိမ် ၂၄ လုံး၊ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံနှင့် မူလွန်ကျောင်း အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ သဘာဝဘေးကြောင့် ပျက်စီးမှုများအား အမြန်ဆုံးထောက်ပံ့ပေးနိုင်ရေး ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

**ပလက်ဝ**

ချင်းပြည်နယ် ပလက်ဝမြို့နယ်ကျေးရွာအချို့တွင် ဧပြီ ၂ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှု ရှိခဲ့သည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် အိမ်ထောင်စု ၁၀၅ စု၊ လူဦးရေ ၅၂၇ ဦး လေပြင်းဒဏ်ခံခဲ့ရပြီး စာသင်ကျောင်း ၁၁ ကျောင်း၊ ဘုန်းကြီးကျောင်း လေးကျောင်းနှင့် အခြားအဆောက်အအုံသုံးလုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**မင်းတပ်**

ချင်းပြည်နယ်(တောင်ပိုင်း) ရေဇွာမြို့၌ ဧပြီ ၂ ရက် ည ၁၁ နာရီမှ ၁၂ နာရီအတွင်းလေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ၄၆ လုံးခန့် အပါအဝင် ထွေ/အုပ်ခြောက်ခန်းတွဲဝန်ထမ်းအိမ်ရာနှင့် အထကစွယ်တော်ခန်းမဆောင်တို့ အမိုးလန်ပျက်စီးခဲ့သည်။**(အောက်ပုံ)**

"လေကတော့ ည ၁၁ နာရီမှာ စတိုက်လာတာပါ၊ နောက်နာရီဝက်လောက်ကြာတော့ လေမုန်တိုင်းပုံစံဖြစ်လာပြီး အိမ်အမိုးတွေလန်တော့တာပဲ။ တချို့လူတွေဆို ထွက်ပြေးကုန်တယ်။ လေတိုက်ချိန်ကတော့ တစ်နာရီကြာတယ်" ဟု ဒေသခံတစ်ဦးကပြောသည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် အိမ်အမိုးလန်ပျက်စီးသွားသည့် ဒေသခံပြည်သူများသည် နီးစပ်ရာဆွေမျိုးများအိမ်သို့ ခေတ္တပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## အနုပညာ

### 2NE1 ပြန်လည် ဆုံတွေ့နိုင်ခြေရှိ

တောင်ကိုရီးယားရဲ့ တစ်ချိန်က အလွန်ကိုကျော်ကြားအောင်မြင်ခဲ့တဲ့ အမျိုးသမီးတေးဂီတအဖွဲ့ "2NE1" ဟာ လက်ရှိမှာတော့ အဖွဲ့ဝင်နှစ်ဦးသာ ကျန်ရှိတော့တာဖြစ်ပါတယ်။ ယနေ့ထက်တိုင် ပရိသတ်အခိုင်အမာ ရှိနေဆဲဖြစ်တဲ့ "2NE1" ကို ဖျော်ဖြေရေး စင်မြင့်ထက်ဝယ် အဖွဲ့ဝင်အပြည့်အစုံနဲ့အတူ မြင်တွေ့ခွင့်ရနိုင်ခြေရှိနေကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဧပြီ ၂ ရက်မှာ " 2NE1" ရဲ့အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဒါရာက သူပါဝင်ဆောင်ရွက်နေတဲ့ ရုပ်သံအစီအစဉ် " Stage K" မှာ " 2NE1" ကို ယခုအစီအစဉ်မှာ ပြန်လည်ဆုံတွေ့နိုင်ပါက ပျော်ရွှင်မိမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့ပါတယ်။ ဒီလိုပြောကြားခဲ့တဲ့အပေါ် အစီအစဉ်ထုတ်လုပ်သူက သူ့အနေနဲ့လည်း "2NE1" ပြန်လည်ဆုံတွေ့ဖို့ မျှော်လင့်ကြောင်း ပြောကြားခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

" 2NE1" ဟာ အဖွဲ့ဝင်လေးဦးဖြစ်တဲ့ စီအယ်လ်၊ ဒါရာ၊ မင်ဇီနဲ့ ပါ့ခ်ဘွန်တို့ ပါဝင်ဖွဲ့စည်းထားတာဖြစ်ပြီး လက်ရှိမှာတော့ စီအယ်လ်နဲ့ ဒါရာတို့နှစ်ဦးသာ အဖွဲ့ဝင်အဖြစ် ကျန်ရှိနေတာဖြစ်ပါတယ်။ မင်ဇီနဲ့ ပါ့ခ်ဘွန်တို့ အဖွဲ့ကနေ နုတ်ထွက်ခဲ့ပြီး တစ်ကိုယ်တော်တေးသံရှင်တွေအဖြစ် ရပ်တည်ခဲ့ကြပါတယ်။ မကြာသေးမီက ထွက်ရှိခဲ့တဲ့ ပါ့ခ်ဘွန်ရဲ့တစ်ကိုယ်တော်တေးသီချင်းမှာတော့ ဒါရာပါဝင်အားဖြည့်သီဆိုပေးထားတာကိုလည်း တွေ့ရပါတယ်။



### နာမည်ကျော်မင်းသားသုံးဦးပါဝင်ရိုက်ကူးသွားမယ့် Seo Bo

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတွေဖြစ်ကြတဲ့ ဂွန်ရို၊ ပါ့ခ်ဘိုဂန်းနဲ့ ဂျိုဝူးဂျင်တို့ဟာ " Seo Bo" လို့ ယာယီအမည်ပေးထားတဲ့ ရုပ်ရှင်သစ်မှာ တွဲဖက်ပါဝင်သွားကြမှာဖြစ်ပါတယ်။ ဒီရုပ်ရှင်ဟာ ကိုယ်ပွားလူသားတွေအကြောင်း ရိုက်ကူးသွားမယ့်ရုပ်ရှင်ဖြစ်တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဧပြီ ၃ ရက်မှာ ယင်းရုပ်ရှင်ကို ထုတ်လုပ်ဖြန့်ချိသွားမယ့် စီဂျေအန်တာတိန်းမန့်က ရုပ်ရှင်မှာ ပါဝင်သွားမယ့်ဇာတ်ဆောင်တွေကို အပြီးသတ်ရွေးချယ်ဖော်ပြခဲ့တာဖြစ်ပြီး ဂွန်ရို၊ ပါ့ခ်ဘိုဂန်းနဲ့ ဂျိုဝူးဂျင်တို့ပါဝင်သွားမှာဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့တာ ဖြစ်ပါတယ်။ ရိုက်ကူးရေးလုပ်ငန်းတွေကိုတော့ လာမယ့်မေလအတွင်း စတင်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

ဒီရုပ်ရှင်မှာ ကိုယ်ပွားတွေကို ပိုင်ဆိုင်လိုမှုကြောင့် တိုက်ခိုက်ရယူမှုတွေကို တွေ့မြင်ရမှာဖြစ်ပါတယ်။ " Seo Bo" ဟာ တောင်ကိုရီးယားရုပ်ရှင်လောကမှာ ကိုယ်ပွားတွေအကြောင်း ပထမဆုံးရိုက်ကူးတဲ့ ရုပ်ရှင်လည်းဖြစ်ပါတယ်။

**အေးပြည့်- စုစည်းသည်**

### မွေးနေ့မှာ ဖခင်ကို တမ်းတနေတဲ့ ပဲရစ်ဂျက်ဆင်

ကွယ်လွန်သွားပြီဖြစ်တဲ့ ပေ့ါပ်ဘုရင် မိုက်ကယ်ဂျက်ဆင်ရဲ့ သမီးတစ်ဦးဖြစ်တဲ့ ပဲရစ်ဂျက်ဆင်ဟာ လတ်တလောမှာတော့ အသက် ၂၁ နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါတယ်။ သူ့ရဲ့မွေးနေ့မှာတော့ ပဲရစ်ဂျက်ဆင်ဟာ ဖခင်ဖြစ်သူကို သူနဲ့အတူရှိနေစေချင်ကြောင်း ပြောကြားခဲ့တယ်လို့ ဟောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဧပြီ ၃ ရက်မှာ ပဲရစ်ဂျက်ဆင်ဟာ အသက် ၂၁ နှစ် ပြည့်ခဲ့တာ ဖြစ်ပါတယ်။ ဘဝမှာ မှတ်တိုင်တစ်ခုကျော်ဖြတ်ခဲ့ရတာကြောင့် စိတ်လှုပ်ရှားမိပေမယ့် မွေးနေ့မှာ ဖခင်ဖြစ်သူကို အရင်ကထက် ပိုမိုလွမ်းဆွတ်မိကြောင်း၊ ဖခင်ကို သူနဲ့အတူ ရှိနေစေချင်ကြောင်း ပြောကြားခဲ့တယ်လို့ ပဲရစ်ဂျင်ဆင်နဲ့ရင်းနှီးတဲ့ သတင်းရင်းမြစ်တစ်ဦးက ပြောကြားခဲ့တာဖြစ်တယ်လို့ သိရပါတယ်။



## အမျိုးသား၊ အမျိုးသမီးစစ်တုရင်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

**ပဲခူး မေ ၃**

ပဲခူးတိုင်းဒေသကြီး စစ်တုရင်ပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီက ဦးဆောင်၍ မေ ၂ ရက် ညနေ ၃ နာရီက ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ တိုင်းဒေသကြီး အားကစားခန်းမတွင် ၂၀၁၉ ခုနှစ် တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား လေးခရိုင်အမျိုးသား၊ အမျိုးသမီး စစ်တုရင်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ အပြည်ပြည်ဆိုင်ရာစစ်တုရင် အမျိုးသား ၂၅ နှစ်အောက်၊ အပြည်ပြည်ဆိုင်ရာစစ်တုရင် အမျိုးသားအလွတ်တန်း၊ မြန်မာ့ရိုးရာစစ်တုရင် အမျိုးသား ၂၅ နှစ်အောက်၊ မြန်မာ့ရိုးရာစစ်တုရင်အမျိုးသားအလွတ်တန်း၊ အပြည်ပြည်ဆိုင်ရာစစ်တုရင် အမျိုးသမီး ၂၅ နှစ်အောက်၊ အပြည်ပြည်ဆိုင်ရာ စစ်တုရင် လူငယ် ၂၀ နှစ်အောက်ပြိုင်ပွဲများအား နောက်ဆုံးဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပရာ အပြည်ပြည်ဆိုင်ရာ စစ်တုရင် အမျိုးသား ၂၅ နှစ်အောက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယရရှိသူများအား တိုင်းဒေသကြီး ဆေးလုပ်မှုဆက်ဆံရေးအရာရှိ ဦးဝင်းဌေးကလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာစစ်တုရင် အမျိုးသားအလွတ်တန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယရရှိသူများအား ပဲခူးတိုင်းဒေသကြီး စစ်တုရင်ဆပ်ကော်မတီဥက္ကဋ္ဌ ဦးအေးသန်းကလည်းကောင်း၊ မြန်မာ့ရိုးရာစစ်တုရင်အမျိုးသား ၂၅ နှစ်အောက် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယရရှိသူများအား ပဲခူးတိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး(စီမံ) ဆရာမကြီး ဒေါ်မေသက်နွယ်ကလည်းကောင်း၊ မြန်မာ့ရိုးရာစစ်တုရင်အမျိုးသားအလွတ်တန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယဆုရရှိသူများအား ပဲခူးမြို့ သူနာပြုသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြစန်းကလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာစစ်တုရင် အမျိုးသမီး ၂၅ နှစ်အောက် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်ညွှန့်ညွှန့်ဌေး၊ အပြည်ပြည်ဆိုင်ရာစစ်တုရင် လူငယ် ၂၀ နှစ်အောက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးပိုင်တို့က တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများကိုပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါစစ်တုရင်ပြိုင်ပွဲကို တိုင်းဒေသကြီးအတွင်းရှိ အားကစားသမားများ အချင်းချင်း ချစ်ကြည်ရင်းနှီးစွာဖြင့် တိုင်းဒေသကြီး၏ စိတ်ဓာတ်ကိုဖော်ဆောင်နိုင်စေရန်၊ ထူးချွန်သောမျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန်၊ နိုင်ငံတော်၏ စစ်တုရင်အားကစားအဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် မေ ၁ ရက်မှ ၂ ရက်အထိ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## ပန်းချီနှင့် ကာတွန်းပညာသင်တန်းဖွင့်

**ကျောက်ပန်းတောင်း မေ ၃**

စာရေးဆရာ ရွှေကျွန်းခိုင်သစ် စီစဉ်ကျင်းပသော လေးနှစ်မြောက် နွေပန်းခင်းသင်တန်းကို ကျောက်ပန်းတောင်းမြို့ လက်ပန်ပင်ကျေးရွာ တိုက်ကျောင်းတွင် မတ် ၁၂ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် ရန်ကုန်နှင့် မန္တလေးမှ ကာတွန်းဆရာများဖြစ်သော ကာတွန်းဆရာကြီး ဦးအောင်အောင် (ရွှေဂေါ်ဝင်းပြောင်)၊ ပန်းချီဆရာကြီး ဦးကောင်းစံ၊ ကာတွန်းဆရာကြီး ဦးကျော်တင်မြင့်သစ်၊ ကာတွန်းခင်မောင်တင့်၊ ကာတွန်းလုံးကြီးတင်၊ ကာတွန်းရွှေရိုး၊ ကာတွန်းစောနိုင်ထူးတို့က တာဝန်ယူသင်ကြားပို့ချပေးခဲ့ရာ မတ် ၃၀ ရက်တွင် အောင်မြင်စွာ သင်တန်းဆင်းပွဲပြုလုပ်ပြီး ဖြစ်သည်။

မတ် ၂၅ ရက်မှ စတင်ပို့ချခဲ့သော ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရှမ်းတဲကြီးအထက်ကျေးရွာ အလက(ခွဲ)တွင် ပန်းချီကောင်းကျော်နှင့် ကာတွန်းလုံးကြီးတင်တို့က သင်ကြားပို့ချလျက်ရှိပြီး ကာတွန်း ဦးအောင်အောင် (ရွှေဂေါ်ဝင်းပြောင်)၊ ပန်းချီဦးကောင်းစံ၊ ပန်းချီကိုစု (မင်းကွန်း)၊ ပန်းချီသန့်စင်၊ ကာတွန်းစောနိုင်ထူးတို့က သင်တန်းနောက်ပိုင်းကာလများတွင် အတွေးအမြင်သစ်များ တိုးမြှင့်ပို့ချပေးသွားမည်ဖြစ်ကြောင်းနှင့် မေ ၇ ရက်တွင် နွေပန်းခင်း-၂ သင်တန်းဆင်းမည် ဖြစ်ကြောင်း သိရသည်။ **ခေတ်လှိုင်း**

## လုပ်ငန်းခွင် ထိခိုက်၍ လက်ကောက်ဝတ်ပြတ်တောက်သူနှင့် နှလုံးအပေါက်ဖာ ခွဲစိတ်ကုသသူအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များ ထုတ်ပေး



**ပြည်ကြီးတံခွန် မေ ၃**

လုပ်ငန်းခွင် ထိခိုက်၍ လက်ကောက်ဝတ်ပြတ်တောက်သူနှင့် နှလုံးအပေါက်ဖာ ခွဲစိတ်ကုသသူအတွက် ဆေးဖိုးကုန်ကျငွေတို့အား ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်ထုတ်ပေးခြင်းကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ရှမ်းရွှေတောင်လက်ဖက်စက်ရုံ ခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နှင်းနှင်းဦးက လူမှုဖူလုံရေး အကျိုးခံစားခွင့်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မန္တလေးမြို့ မြို့နယ်လူမှုဖူလုံရေးရုံး(ရုံးခွဲ-၃)တွင် အကျုံးဝင်မှတ်ပုံတင်ထားသော ရှမ်းရွှေတောင် လက်ဖက်စက်ရုံမှ အာမခံအလုပ်သမား ဦးဝေလင်းအောင်သည် ၂၀၁၈ ခုနှစ် ဩဂုတ် ၂၁ ရက်တွင် လုပ်ငန်းခွင်ထိခိုက်၍ ညာဘက်လက်ချောင်းများအပါအဝင် လက်ကောက်ဝတ်အထိ ပြတ်တောက်ခဲ့သည်။ အဆိုပါ အာမခံအလုပ်သမား ဦးဝေလင်းအောင်အား လူမှုဖူလုံရေးအကျိုးခံစားခွင့်ငွေလုံးငွေရင်း ငွေကျပ် ၃၅၃၁၅၀နှင့် အဆိုပါ စက်ရုံမှ အာမခံအလုပ်သမား ဒေါ်ယွန်းယွန်း၏ နှလုံးအပေါက်ဖာ ခွဲစိတ်ကုသမှုအတွက် ဆေးဖိုးကုန်ကျငွေကျပ် ၂၄၀၀၀၀၀တို့ကိုတာဝန်ရှိသူများက ပေးအပ်သည်။

ယင်းနောက် လူမှုဖူလုံရေး အကျိုးခံစားခွင့်ရရှိသူများ ကိုယ်စား ရှမ်းရွှေတောင်လက်ဖက်စက်ရုံမှ မန်နေဂျာ ဦးသန့်ဇင်ဖြိုးက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများ၊ စက်ရုံမှ ဝန်ထမ်းများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## မိတ္ထီလာမြို့နယ် သမဝါယမအသင်းစုတွင် အခြေခံစာရင်းရေး၊ စာရင်းကိုင်သင်တန်းဖွင့်လှစ်

**မိတ္ထီလာ မေ ၃**

မိတ္ထီလာမြို့နယ် သမဝါယမအသင်းစုတွင် ခရိုင်အတွင်းရှိ မိတ္ထီလာ၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များမှ သမဝါယမအသင်းဝန်ထမ်းများအား အခြေခံစာရင်းရေး၊ စာရင်းကိုင်သင်တန်းကို မေ ၁ ရက်မှ ၇ ရက်အထိ ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးထံမှ သိရသည်။

"သမဝါယမအသင်းတွေအနေနဲ့ စာရင်းတွေကို ကိုယ်တိုင်ရေးဆွဲတတ်စေဖို့၊ သမဝါယမအသင်းတွေ ခိုင်မာစွာ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစား အရင်းအနှီးငွေတွေကို ရယူဆောင်ရွက်ရာမှာ မသမာမှုတွေ၊ အလွဲသုံးစားမှုတွေနဲ့ ဆုံးရှုံးမှုတွေ မရှိစေရေး အသင်းမှာထားရှိရမယ့် စာရင်းဇယားရှစ်မျိုး ပြည့်စုံစွာထားရှိရေးဆွဲတတ်စေဖို့၊ အသင်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်တွေနဲ့အညီ စာရင်းဇယားပြုစုထိန်းသိမ်းနည်းတွေ တတ်ကျွမ်းနားလည်စေဖို့ ရည်ရွယ်ချက်တွေနဲ့ ဒီသင်တန်းကို ဖွင့်လှစ်ပို့ချတာ ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါအခြေခံစာရင်းရေး၊ စာရင်းကိုင်သင်တန်းကို တိုင်းဒေသကြီး သမဝါယမဦးစီးဌာနရုံး၊ မြင်းခြံခရိုင်နှင့် မိတ္ထီလာခရိုင်တို့တွင် တစ်ပြိုင်တည်း ဖွင့်လှစ်ပို့ချလျက်ရှိပြီး စုစုပေါင်း သမဝါယမအသင်း ဝန်ထမ်းသင်တန်းသား ၃၃၉ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

## သင်္ကြန်ကာလအတွင်း မှုခင်းမဖြစ်ပွားစေရေး ပညာပေးကြော်ငြာဆိုင်းဘုတ် စိုက်ထူ

**နေပြည်တော် မေ ၃**

သရက်-မင်းလှ ကားလမ်းနှင့် မင်းလှ-မင်းဘူး ကားလမ်းဆုံတွင် ယနေ့ နံနက်ပိုင်းက ယခုနှစ် သင်္ကြန်ကာလအတွင်း ပြည်သူများ ပျော်ရွှင်စိတ်အေးချမ်းသာစွာ ရေကစားနိုင်ရေးအတွက် မှုခင်းပညာပေး ကြော်ငြာဆိုင်းဘုတ်များ စိုက်ထူခဲ့ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ရဲတပ်ဖွဲ့ မင်းလှမြို့မရဲစခန်းမှ ဒု-ရဲအုပ် ညီညီမင်းနှင့် တပ်ဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းက လာမည့်နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကာလအတွင်း မင်းလှမြို့နယ်နေ ပြည်သူများ စိတ်အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် မင်းလှမြို့ ရုံးရပ်မြောက်ပိုင်းရပ်ကွက် သရက်-မင်းလှကားလမ်းနှင့် မင်းလှ-မင်းဘူး ကားလမ်းဆုံလမ်းဘေးတွင် ယာဉ်မောင်းများ လိုက်နာရန်၊ မှုခင်းများမဖြစ်ပွားစေရေး၊ မူးယစ်ဆေးဝါး၊ ကာမစိတ်ကြွဆေးဝါးများနှင့် ပတ်သက်၍ သတိပြုရှောင်ကြဉ်ရမည့် အချက်များနှင့် လိုက်နာရမည့်အချက်အလက်များကို အလျား သုံးပေ၊ အနံ ခြောက်ပေရှိ ဗီနိုင်းကြော်ငြာဆိုင်းဘုတ် သုံးချပ်ကိုစိုက်ထူကာ ပညာပေးဆောင်ရွက်ခြင်း၊ ယာဉ်သွား၊ ယာဉ်လာနှင့် လမ်းသွားလမ်းလာပြည်သူများအား ပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အေအေတီ**

## ကော့သောင်းနယ်စပ်ဂိတ်မှ အထောက်အထားမဲ့ ရွှေ့ပြောင်းအလုပ်သမားများ ပြန်လည်လက်ခံ

**ကော့သောင်း မေ ၃**

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ တရားမဝင်သွားရောက် အလုပ်လုပ်ကိုင်ကြသည့် မြန်မာရွှေ့ပြောင်းအလုပ်သမား အမျိုးသား ၇၅ ဦး၊ အမျိုးသမီး ၁၂ ဦးနှင့် ကလေးငယ် နှစ်ဦးအပါအဝင် အလုပ်သမား ၈၉ ဦးကို ထိုင်းနိုင်ငံ ရနောင်းမြို့ လူဝင်မှုကြီးကြပ်ရေးဌာနမှ တာဝန်ရှိသူများက ထိုင်းနိုင်ငံ ရနောင်းမြို့မှတစ်ဆင့် မြန်မာနိုင်ငံ ကော့သောင်းမြို့ဒေသအာဏာပိုင်များထံသို့ ရေလမ်းခရီးဖြင့် မေ ၂ ရက် ညနေပိုင်းက ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာ ထိုင်းနိုင်ငံတွင် နယ်စပ်ဖြတ်ကျော်ခွင့် သက်တမ်းလွန်ခြင်းနှင့် အထောက်အထားမဲ့ နေထိုင်ခြင်းတို့ကြောင့် ထိုင်းနိုင်ငံဥပဒေများအရ အရေးယူခံရပြီး မြန်မာနိုင်ငံသို့ ပြန်လည်စေလွှတ်ခဲ့ခြင်းဖြစ်ရာ လာရောက်လွှဲပြောင်းပေးသည့် အလုပ်သမားများအား ကော့သောင်းခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာန၊ လူကုန်ကူးမှုတိုက်ဖျက်ရေးရဲတပ်ဖွဲ့၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့မှ တာဝန်ရှိသူများက ကြိုဆိုလက်ခံကြကာ ပြည်သူ့ကျန်းမာရေးဌာနမှ လိုအပ်သည့် ကျန်းမာရေးပြုစုစောင့်ရှောက်မှုများဆောင်ရွက်ပေးပြီး ၎င်းတို့၏ နေရပ်ဒေသများသို့ လုံခြုံချောမွေ့စွာပြန်နိုင်ရန် ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## ကျောက်မဲမြို့၌ ပထမအကြိမ် လမ်းလျှောက်သင်္ကြန် ကျင်းပမည်

**ကျောက်မဲ မေ ၃**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့၌ ယခုနှစ် မဟာသင်္ကြန်ပွဲတော်တွင် ပထမဆုံးအကြိမ် လမ်းလျှောက်သင်္ကြန်ပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့်အညီ မဟာသင်္ကြန်ရေသဘင်ပွဲတော်၌ ပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ပါဝင်ဆင်နွှဲနိုင်ရေး၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ရင်းနှီးချစ်ကြည်စွာ ပါဝင်ဆင်နွှဲနိုင်ရေး၊ ရိုးရာယဉ်ကျေးမှုအစဉ်အလာမပျက် ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်ရည်ရွယ်၍ ယခုနှစ်တွင် လမ်းလျှောက်သင်္ကြန်ကို ထည့်သွင်းရခြင်းဖြစ်ကြောင်း လမ်းလျှောက်သင်္ကြန်ဖြစ်မြောက်ရေးကော်မတီဝင် ဦးမြဝင်းထံမှ သိရသည်။

အဆိုပါလမ်းလျှောက်သင်္ကြန်ကို လူစည်ကားရာနေရာဖြစ်သည့် ဗဟိုဈေးကြီးမြောက်ဘက် ပဉ္စသီလမ်းတွင် ကျင်းပမည်ဖြစ်ပြီး လမ်းတစ်လျှောက်တွင် လူမှုရေးအသင်းအဖွဲ့များ၊ ကုမ္ပဏီများ၊ အလှူရှင်များ၏ ရေကစားမဏ္ဍပ်များနှင့် မြန်မာ့ရိုးရာအစားအစာ စတုဒိသာမဏ္ဍပ်များ ထားရှိမည်ဖြစ်ကြောင်း သိရသည်။ **ကျောက်မဲခရိုင်(ပြန်/ဆက်)**

သင့်စီးပွားရေးအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ရခိုင်ပြည်နယ်အစိုးရ နှင့် BXT International Co., Ltd. တို့

အကျိုးတူပူးပေါင်း ဖော်ဆောင်နေသော စစ်တွေမြို့ရှိ ဧက (၉၀) ခန့်

# မြေဗိုလ်မြေယာ ဖော်ထုတ်ရေးစီမံကိန်း

# မြေကွက် အထူးအရောင်းပြပွဲ

စစ်တွေမြို့လယ် မြေဈေး တစ်စတုရန်းပေ သိန်းဂဏန်းကျော် ဖြစ်နေချိန်တွင်

ဤစီမံကိန်းမှ မြေကွက်များကို တစ်စတုရန်းပေ သောင်းဂဏန်းဈေး ဖြင့်သာ ရောင်းချပေးမည် ဖြစ်ပါသည်။

စစ်တွေမြို့လယ်ခေါင်နှင့် ဘေးချင်းကပ်တည်ရှိသည်။ / ရခိုင်ပြည်နယ်အစိုးရမှ ဂရန်မြေ ထုတ်ပေးမည်ဖြစ်ပါသည်။




iMyanmarHouse.com (အိုင်မြန်မာဟောက်စ် ဒေါ့ကွန်း) Ph: 09 455294841~5

အသေးစိတ်ကြည့်ရန် - www.imyanmarhouse.com/sittwe

## The Florist By Yun

Holland လီလီပန်းများ

FloristByYun

App Store | Google Play

ရန်ကုန်မြို့အတွင်း Online မှာဆင့်

အိမ်တိုင်ရာအရောက် ပို့ဆောင် ပေးနေပါပြီ

09-775333357 , 09-697243357

www.floristbyyun.com

The Florist by Yun - Flower Shop

---

**စည်းစိမ်မင်း**

09-444450446, 09-444450558, 09-250144709

F.B Page:

♦ ရွှေစက်တော်၊ မကွေး မင်းဘူး ပြည်–အကောက်တောင် ♦ အလောင်းတော်ကဿပ၊ မန္တလေး စစ်ကိုင်း မုံရွာ ကျောက်စိမ်း(၃)ရက်။ ပြင်ဦးလွင် ပါ(၅)ရက်။

♦ ပုဂံ (စွယ်တော်လေးဆူ)၊ ညောင်ဦး ပုပ္ပါး သီဟိုဠ်ရှင် ♦ အင်းတော်ကြီး–ရွှေမဥ္စူ မြစ်ကြီးနား မြစ်ဆုံ ဇလုံတောင်၊ ရွှေဘို(၅)ရက်။ မိုးကုတ် ပါ(၇)ရက်။

♦ ထားဝယ်ရှင်ကိုရှင်၊ မောင်းမကန်၊ ကျိုက်ထီး စက်ဆဲ (၅)ရက်။ မြိတ် ပါ(၆)ရက်။ ♦ ပေါလီ ဗုလဲကျွန်း ♦ ဘားအံ မြဝတီ မဲဆောက် ♦ မူဆယ် ရွှေလီ မုန်တိုင်း

♦ တောင်ကြီး အင်းလေး ပင်းတယ၊ ကက္ကူ ထမ်းစမ်း (၄)ရက်။ လွိုင်ကော်ပါ (၅)ရက်။

---

**သန်းရွှေနှင့်ရောင်းရင်းများ ၏ မဟာသကြၤန်ခရီးစဉ်များ**

❖ ရွှေစက်တော် (၂)ညအ မကွေး မင်းဘူး ပြည်ဘုရားစုံ (၄)ရက်။

❖ ရွှေစက်တော်၊ ပုဂံ၊ ညောင်ဦး ပုပ္ပါး စွယ်တော်လေးဆူ (၅)ရက်။

❖ ရွှေစက်တော်၊ အလောင်းတော်ကဿပ၊ ဖိုဝင်တောင်၊ ရွှေဘာတောင် (၅)ရက်။

❖ ရွှေစက်တော်ပုပ္ပါးပုဂံ(တောင်ကြီး အင်းလေး)(မုံရွာ မန္တလေး ပြင်ဦးလွင်)(၈)ရက်။ အားလုံး(၁၁)ရက်

❖ ပုဂံ ညောင်ဦး ပုပ္ပါး စစ်ကိုင်း မန္တလေး ပြင်ဦးလွင် (၅) ရက်။

❖ မန္တလေး အင်းဝ မိုးကုတ်၊ ကျောက်ဆည် (၄)ရက်။

❖ မန္တလေး ပြင်ဦးလွင်၊ စစ်ကိုင်း မုံရွာ၊ အလောင်းတော် (၅)ရက်။

❖ ရွှေစက်တော်၊ ရခိုင်၊ မြောက်ဦး၊ ကျောက်တော်၊ စစ်တွေ၊ ပေါလီ (၇) ရက်။

❖ မန္တလေး ပြင်ဦးလွင်၊ လားရှိုး မူဆယ်၊ ရွှေလီ ဝမ်တိန် (၇)ရက်။

❖ တောင်ကြီး အင်းလေး ပင်းတယ၊ ကဲလှ (၄)ရက်။ လွိုင်ကော်ပါ (၅)ရက်။

❖ ထားဝယ်ရှင်ကိုရှင်၊ မောင်းမကန်ကမ်းခြေ ကျိုက်ထီး စက်ဆဲ (၅)ရက်။ မြိတ်ပါ (၆)ရက်။

❖ မော်လမြိုင်၊ ကျိုက်ထီး စက်ဆဲ (ကျိုက်ထီးရိုး) (၃)ရက် (Mar 22,29)

ကျိုက်ထီးရိုး ယကြိန်စခန်း(ခနစဉ်)

ခရီးစဉ်အားလုံး April 5,12 17,26 ထွက်မည်

မန္တလေး၊ ဇလုံတောင် အင်းတော်ကြီး မြစ်ကြီးနားမြစ်ဆုံ ရွှေဘို(၆)ရက်။ မိုးကုတ်ပါ(၇)ရက် (Hotel,Motel)

ထားဝယ်၊မြိတ်၊ကော့သောင်း၊ ရနောင်း၊ သုဝဏ္ဏကျွန်း (၆)ရက် (Hotel)

မြိတ်၊ မောတောင် ပရကျွတ်(၅)ရက် (Hotel)

Ph:01-380141,01-241863,09-43043109,09-30284810

---

**တော်ဝင်ရတီ** Apr 19, 26

❖ မန္တလေး စစ်ကိုင်း ပြင်ဦးလွင် (၇)မိုင်ကမ်းခြေ

❖ ပုဂံ ပုပ္ပါး စွယ်တော်လေးဆူ

❖ တောင်ကြီး အင်းလေး ပင်းတယ

❖ ကျောက်စိမ်း ကျောက်ဆည် ကျောက်ဂူ

09-799294507, 09-774438366

---

**Taw Win Nan Htake Htar Travels & Tours**

April - 13

No.(1), 151[st],Tamwe Township, Yangon.

❖ ပုဂံ - ပုပ္ပါး - စွယ်တော်လေးဆူ - ပခုက္ကူ

❖ ပြင်ဦးလွင် - ဂုတ်ထိပ် - သီပေါ - လားရှိုး

❖ လွိုင်ကော် - ဒီမောဆို - ဒေါင်ပန်း

❖ မြဝတီ - မဲဆောက် - ဘားအံမော်လမြိုင်

❖ မန္တလေး - ပြင်ဦးလွင် - အလောင်းတော်ကဿပ - အင်းဝ

09- 4500 43394, 09-252630799

royalnanhtakehtar

---

**K & H Travels**

K&H TRAVELS

ဧပြီလ ခရီးစဉ်များ

*၁၁ ထွက် ဂျပန်ခရီးစဉ် (လုပ်ပြည့်)

*၁၂ ထွက် ဂျပန်ခရီးစဉ် (လုပ်ပြည့်)

*၁၃ ထွက် ဥရောပမြောက်-အလယ်ပိုင်းခရီးစဉ် (၅)ယောက်ပါ

*ပြည်တွင်းခရီးစဉ် သကြၤန် Promotion လေယာဉ်လက်မှတ်များ

မေလ ခရီးစဉ်များ

*၃ ထွက် ဥရောပမြောက်အလယ်ပိုင်းခရီးစဉ် 599 USD

*၁၂ ထွက် ဂျပန် ခရီးစဉ် 1850 USD

*၁၈ ထွက် ဥရောပတစ်နိုင်ငံလုံး ခရီးစဉ် 979 USD

ဇွန်လ ခရီးစဉ်များ

* ဥရောပတောင်ပိုင်း ဟိုချီမင်းခရီးစဉ် 499 USD

* ကမ္ဘောဒီးယားခရီးစဉ် 530 USD

* သီရိလင်္ကာခရီးစဉ် 1280USD

K & H Travels New Address

Room No.105, Ground Floor, Novotel Hotel, Pyay Road, Kamayut Township, Yangon. 09 - 447016883, 09-766946609

---

**KKL Car Rental**

ခရီးသွားကားငှားလုံးငှားလုပ်ငန်း

Ph:09-5001347, 09-421070845

---

**လပြည့်**

09-50-37438

532200

---

**ဟိန်း**

01-2330054

095160048

09-782470755

www.heincarrental.com

---

**ငွေဆောင်သကြၤန်**

ခရီးတစ်ခြိမ်း

120000/-

Ph: 09 5161773

09 785161773

---

အင်္ဂလန်၊ ဩစတြေးလျ တက္ကသိုလ်ကြီးများကချိတ်ဆက်ပေးမည့် PSB Academy ၏

ဘွဲ့ဒီဂရီများနှင့် ကျောင်းဝင်ခွင့်ဆိုင်ရာအချက်အလက်များ ပညာရေးဆွေးနွေးပွဲ

STUDY GRANT $ 500~3000

psb ACADEMY

နေ့ရက် ■ ၆ ရက်၊ ဧပြီလ၊ ၂၀၁၉ ။

အချိန် ■ နံနက် ( ၁၀း၃၀ ) မှ ညနေ ( ၄း၃၀ ) ထိ ။

နေရာ ■ AT&S Co.,Ltd ရုံးခန်း ။

/eduGlobalVillage

- အင်ဂျင်နီယာဘွဲ့ရများအတွက် M.Sc in Engineering Business Management မဟာဘွဲ့အကြောင်း
- ကျောင်းသူများကိုသာပေးအပ်မည့် Rebate $ 2000/- ရရှိမည့်အခွင့်အလမ်းများအကြောင်း
- PSB Administration Month မေလတွင် ကျောင်းအပ်နှံသူများရရှိနိုင်မည့် အထူးအခွင့်အရေးများအကြောင်း
- အလုပ်အကိုင် အခွင့်အလမ်းကောင်းသည့် Cyber Security, Life Science (Biomedical, Biotechnology, Pharmaceutical Science) နှင့် Sport & Exercise Science ဘာသာရပ်များကို PSB Academy တွင် တက်ရောက်ရယူနိုင်သည့်အကြောင်း

AT&S International Education Services

အဆောင်(၅)၊ အခန်း(၄)၊ အမ်အိုင်စီတီပက်ခ်၊ လှိုင်တက္ကသိုလ်နယ်မြေ၊ ရန်ကုန် ။ ဖုန်း - ၀၁ ၆၅၂၃၂၀၊ ၀၉ ၅၀၆၂ ၁၆၁၊ ၀၉ ၇၉၉ ၅၉၅၉ ၄၉ ။

---

**နန်းထိုက်အောင်**

အိမ်ပြောင်း / အိမ်ရွှေ့ဆောင်ရွက်မှုလုပ်ငန်း

လူကြီးမင်းတို့၏ အိမ်ခန်း၊ ရုံးခန်း ဆိုင်ခန်းများ ပြောင်းရွှေ့ခြင်းအတွက် အလုပ်သမားနှင့် ကားစီစဉ်ပေးသည်။

09 3128 2593

09 3128 2594

09 3128 2595

---

(ဝယ် / ငှား လိုသည်)

ရန်ကင်း၊ ဗဟန်း၊ လှိုင်၊ ကမာရွတ်၊ စမ်းချောင်း၊ အလုံ၊ ဒဂုံ၊ မရမ်းကုန်း၊ မ/ဒဂုံ မြို့နယ်များ တွင် မြေညီထပ် ဆိုင်ခန်း၊ အဆင့်မြင့် Condo နှင့် လုံးချင်းမြေကွက် ဝယ် / ငှား လိုသဖြင့် ပိုင်ရှင်များ ဆက်သွယ် နိုင်ပါသည်။

Ph-09420139326

---

12 လစာ ပေးရုံဖြင့် 15 လစာ နေထိုင်နိုင်မည့်အခွင့်အရေး

Luxury House

2 Storey Single Shop House

➤ လှိုင်သာယာမြို့နယ်၊ ရွှေကမ်းသာယာအိမ်ရာရှိ ၂ထပ်လုံးချင်းဆိုင်ခန်းများ၊ ၂ထပ်လုံးချင်းအိမ်များအား ကုမ္ပဏီမှတိုက်ရိုက်ငှားရမ်းပေးနေပါပြီ။

➤ အကျိုးဆောင်ခပေးရန်မလိုပါ၊ အရေအတွက်ကန့်သတ်ထားပါသည်။

ဖုန်း–၆၅၀၅၃၅၊၆၆၆၀၈၃၊၆၅၀၄၃၆၊၀၉–၇၃၀၅၄၄၂၄၊၆၆၃၅၇၈ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

C B BANK

လေးစားအပ်ပါသော CB Bank ၏ မိတ်ဟောင်း၊ မိတ်သစ် Customer များအား CB Bank ပဲခူး(လိပ်ပြာကန်)ဘဏ်ခွဲ အသစ်ကိုဖွင့်လှစ်၍ဘဏ်လုပ်ငန်းဝန်ဆောင်မှုများအားဆောင်ရွက်ပေးနေပြီဖြစ်ပါကြောင်းသတင်းကောင်းပါးအပ်ပါသည်။




## ပဲခူး (လိပ်ပြာကန်)ဘဏ်ခွဲ

အမှတ်(၁၈၈)၊ လိပ်ပြာကန်ရပ်၊ ရုံးကြီးရပ်ကွက်၊ ပဲခူး-သနပ်ပင်လမ်း၊ ပဲခူးတိုင်းဒေသကြီး။

Tel : (95) **052 2201783**
Fax : (95) **052 2201784/ 2201785/ 2201786**
Email : **contact@cbbank.com.mm** /Contact Center : **(01) 2317770**

# တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ရန်ကုန်တိုင်းဒေသကြီးအသင်း တံခွန်စိုက်ဆုဖလား ဆွတ်ခူးရရှိ

နေပြည်တော် ဧပြီ ၃

**၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေ ၄ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း၌ ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး ဒေါ်နန့်ကြင်ကြည်တို့ တက်ရောက်ကြည့်ရှုအားပေးသည်။**

ထို့ပြင် ဗိုလ်လုပွဲသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ကရင်ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာ့အားကစားကို ကူညီထောက်ပံ့ပေးနိုင်ရေး တရုတ်နိုင်ငံဆိုင်ရာ ကွင်းဆင်းလေ့လာရေးကိုယ်စားလှယ်အဖွဲ့၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဘောလုံးဝါသနာရှင်ပရိသတ်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**တံခွန်စိုက်ဒိုင်းရရှိ**

တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၂၅)နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး မတ် ၂၁ ရက်မှ ဧပြီ ၃ ရက်

**စာမျက်နှာ ၇ ကော်လံ ၁ သို့ »»»**



ရန်ကုန်တိုင်းဒေသကြီးအမျိုးသမီးအသင်းနှင့် ကရင်ပြည်နယ်အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## AFC Cup ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း ရှုံးနိမ့်

**ရန်ကုန် ဧပြီ ၃**

၂၀၁၉ ဘောလုံးရာသီ AFC Cup ပြိုင်ပွဲ အုပ်စု (G) တတိယနေ့ကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် ဗီယက်နမ်ကလပ် ဘင်ဒေါင်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

**အဆုံးသတ်အားနည်း**

ရှမ်းယူနိုက်တက်အသင်းသည် နိုင်ပွဲပြန်ရရန်အတွက် ဒဏ်ရာရနေသည့် ကစားသမားများမှလွဲ၍ လူစုံအသုံးပြုခဲ့သည်။ ဘင်ဒေါင်းအသင်းကလည်း ပထမဆုံးနိုင်ပွဲရရန် ကြိုးပမ်းခဲ့ပြီး ပထမပိုင်းတွင် နှစ်သင်းစလုံး အဆုံးသတ်အားနည်းခဲ့၍ ဂိုးမရခဲ့ပေ။ ၄၉ မိနစ်တွင် ဘင်ဒေါင်းအသင်း ဂိုးစရခဲ့ပြီး တူဗန်ဗူက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရသောကြောင့် ရှမ်းယူနိုက်တက်အသင်းသည် ချေပဂိုးရရန် အားထည့်ကစားလာပြီး ၆၉ မိနစ်တွင် ဂူစတာဗိုက ချေပဂိုးပြန်လည်သွင်းယူခဲ့သည်။

သရေကျပြီး နောက်ပိုင်းတွင် ဂိုးရရန် အားထည့်ကစားခဲ့ပြီး ၈၈ မိနစ်တွင် ဘင်ဒေါင်းအသင်း အနိုင်ဂိုးရသွားကာ ဝမ်ဒါက သွင်းယူခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပွဲပြီးခါနီးမှ ဂိုးထပ်ပေးလိုက်ရသောကြောင့် ချေပဂိုးရအောင် စွမ်းဆောင်နိုင်ခြင်းမရှိတော့ဘဲ ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

**ရှိုင်းထက်ဇော်**

# အိုလံပစ်ခြေစစ်ပွဲတွင် မြန်မာအမျိုးသမီးအသင်း နီပေါကို အနိုင်ရ

မန္တလေး ဧပြီ ၃

**၂၀၂၀ တိုကျိုအိုလံပစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်ခြေစစ်ပွဲကို ယနေ့ညနေပိုင်းက မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပရာ မြန်မာက နီပေါကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။**

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❖



မြန်မာအသင်းအတွက် တတိယဂိုးကို ဝင်းသိင်္ဂီထွန်း သွင်းယူနေစဉ်။

ကြေးမုံ
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် တတိယ (၁) နှစ်တာ

ပြည်သူ့အတွက် တတိယ(၁)နှစ်တာ အချပ်ပို ပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ တတိယ(၁) နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို (၄) မျက်နှာဖြင့် ဖော်ပြထားပါသည်။

# တရုတ်ဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာယူ-၁၅ အသင်း ထွက်ခွာ

**ရန်ကုန် ဧပြီ ၃**

တရုတ် ယူ-၁၆ ဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ ယူ-၁၅ အသင်းသည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့မှ တရုတ်နိုင်ငံသို့ ထွက်ခွာသွားသည်။

မြန်မာ ယူ-၁၅ အသင်းတွင် အုပ်ချုပ်သူ-ဦးညီညီလတ်၊ နည်းပြချုပ်-တာကူမူ၊ လက်ထောက်နည်းပြ-ဦးတင်မောင်ဝင်း၊ ကြံ့ခိုင်ရေးနည်းပြ-အီဘာဂါ၊ ဂိုးနည်းပြ-ဦးကိုကို၊ ကစားသမားများအဖြစ် **ဂိုး**-ထက်အာကာဝင်း၊ ဟံသာလင်း၊ အောင်ကျော်ဖြိုး၊ **နောက်တန်း**-အောင်ကိုမင်း၊ ထွန်းထွန်းဝင်း၊ ထူးမြတ်ခန့်၊ ကောင်းထက်ပိုင်၊ ရဝေကျော်၊ **အလယ်တန်း**-ကျော်မင်းခန့်၊ ကောင်းဇော်လင်း၊ ကောင်းခန့်၊ အောင်ကျော်မင်း၊ ထက်မြတ်လွင်၊ ထက်အောင်ဝင်း၊ ကောင်းစစ်ထူး၊ **ရှေ့တန်း**- ကျော်သူရဦး၊ ဝေဖုန်းမြတ်ကျော်၊ သီဟအောင်၊ ဟိန်းထက်ဇော်ဝင်း၊ ရန်နိုင်ထွန်း၊ မင်းသူ၊ ဇင်မျိုးအောင်၊ မင်းခန့်သူတို့ ပါဝင်ကြသည်။

တရုတ်ဖိတ်ခေါ်ပြိုင်ပွဲကို ဧပြီ ၆ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်တရုတ်၊ မြန်မာ၊ ကာဂျစ္စတန်နှင့် တာဂျစ်ကစ္စတန်အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

**စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❒**

"အတော်ဆုံး အတတ်ဆုံး နိုင်ငံသိ ဆရာများချည်း စုဝေးရာ၊ နှစ်စ နှစ်ဆုံး မပျက်မကွက် သင်ကြားရာကို အကောင်းဆုံးကျောင်းအဖြစ် မိဘနှင့်ကျောင်းသားကသာ သတ်မှတ်ကြသည်။"

အမြတ်ကို ပဓာနမထား
အတတ်ကို ပဓာန ထားသည်။
ဂုဏ်ထူး ဦးသိန်းနိုင်
(ဂုဏ်ထူးမြန်မာစာ)
တည်ထောင်အုပ်ချုပ်ခဲ့သည်မှာ
၁၉၉၃ မှ ယနေ့အထိ ယှဉ်ပြိုင်သူ မရှိခဲ့ပါ။
ဆရာစုံ ဘာသာစုံနှင့်
အင်တိုက်အားတိုက်သင်ကြားနေပြီ
အထွေထွေအုပ်ချုပ်ရေးမှူး
ဆရာမကြီး ဒေါ်ကြည်ကြည်တင်
M.Sc(Final)

ဂုဏ်ထူးဦးသိန်းနိုင်
ကိုယ်ပိုင်အထက်တန်းကျောင်းကြီး နှင့်
ပညာရေးဘော်ဒါဆောင်များ
မြေအမှတ် ၂၈ (A)+၂၈ (B)၊ဝေဇယန္တာလမ်းမကြီး၊
ဥယျာဉ်ကြီးရပ်ကွက်၊ (ORANGE SUPER MART ညာဘက်)၊သင်္ဃန်းကျွန်းမြို့နယ်၊
ဖုန်း ၀၉ ၅၀၂၄၀၄၁၊ ၀၉ ၄၀၀၄၅၂၄၁၉၊ ၀၉ ၄၂၁၀၃၀၇၂၇၊ ၀၁ ၅၇၀၀၂၂

သင်ကြားကြသည်ဆိုလျှင်...
ဒသမတန်း တန်းခွဲ (၁)+(၂)
မတ်လ (၇)ရက်က စဖွင့်သည်နှင့်
တန်းခွဲ (၂)ခွဲလုံး ပြည့်ပါပြီ။
နောက်ထပ် လက်ခံစရာ နေရာ
မရှိတော့ပါ။
ဧပြီ (၉) ရက် ဒသမတန်း တန်းခွဲ (၃)
မေ (၂) ရက် ဒသမတန်း တန်းခွဲ (၄)
ဖွင့်ပါမည်။
ကြိုတင် အပ်နှံထားပါမှသာ
တစ်နေရာစာ သေချာပါမည်။

ဘယ်သူ ဘယ်မှုနဲ့မှ မတူသည့်
ပညာရေးအင်အား
• ဂုဏ်ထူးဦးသိန်းနိုင်
ဂုဏ်ထူးဒေါ်စန်းမြင့်
• ဆရာနေအုပ်(စိန်ပေါလ်)
ဂုဏ်ထူးဦးအောင်နိုင်
• ဒေါက်တာညီညီ(Ph.D)
• ဆရာမကြီး ဒေါ်ဆွေညွန့်လွင်
• ဆရာ ဇော်လင်းအောင်
• ပါမောက္ခ ဒေါက်တာထွန်းခင်
ပါမောက္ခ ဒေါက်တာခင်မောင်ထွန်း
• ဒေါက်တာ ဇီဝ (Dr. ညီညီနိုင်)
• စိုင်းစိန်မြင့်အောင်

အထက်တန်း အောင်ပွဲဝင်

မူလတန်း အထူး

အလယ်တန်း အာမခံ

AMCD နှင့် iMyanmarHouse.com တို့မှ ကြီးမှူးကျင်းပသည့်

Asia Myanmar Consortium Development Co., Ltd. (AMCD) မှ တည်ဆောက်ပြီးသော

# KANTHARYAR RESIDENCE

# ကွန်ဒိုအထူးအရောင်းပြပွဲ

| | |
|---|---|
| ပြပွဲ (၃) ရက်အတွင်း ဝယ်ယူပါက | ✓25% အထိ အထူးလျှော့ဈေးရရှိပါမည်။<br>✓ရိုးမဘဏ်ဖြင့် (၂၅) နှစ်အထိအရစ်ကျဝယ်ယူနိုင်မည်။<br>✓ပြန်လည်ငှားရမ်းလိုပါက Slade Property Services Co., Ltd. မှ အငှားဝန်ဆောင်မှုပေးမည်။ |

✓၃.၃၅ မြေဧက အကျယ်အဝန်းပေါ်တွင် တည်ဆောက်ထားသည်။ ✓အခန်းအကျယ်အဝန်း 1485 sqft မှ 1608 sqft အထိ ရွေးချယ်နိုင်သည်။ ✓၁၀၀% ဆောက်လုပ်ပြီး၊ BCC ကျပြီးဖြစ်၍ အသင့်နေနိုင်သည်။ ✓ဝယ်ယူပြီး (၇) နှစ်တွင် အရင်းကျေနိုင်သော အငှားဈေးကွက်ရှိသည့် တစ်ခုတည်းသော စီမံကိန်းဖြစ်သည်။ ✓အဆင့်မြင့်လူနေအိမ်များ၊ Shopping Center များ၊ လူ (၁၀၀၀) ခန့် ဆန့်သည့် JCGV ရုပ်ရှင်ရုံ (၅) ရုံ၊ ရုံးခန်းများ၊ Serviced Apartment များ၊ ဟိုတယ်များ ပါဝင်သော ရန်ကုန်မြို့၏ အကောင်းဆုံး စီမံကိန်းဖြစ်သည်။ ✓ကန်တော်ကြီးနှင့် ရွှေတိဂုံဘုရား View ကို နေ့စဉ်မြင်တွေ့နိုင်မည်။



5, 6, 7 April 2019 (သောကြာ၊ စနေ၊ တနင်္ဂနွေ) နံနက် ၁၀ နာရီမှ ည ၈ နာရီ အထိ

Kantharyar Office Tower - မြေညီထပ် (Lobby)၊
ဦးအောင်မြတ်လမ်းနှင့် ကန်ရိပ်သာလမ်းထောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဆက်သွယ်ရန် - iMyanmarHouse.com ဖုန်း - 09 455294841 ~ 5

အသေးစိတ်ကြည့်ရန် - www.imyanmarhouse.com/kantharyar

ကြေးမုံ
အထူးကဏ္ဍ
ဧပြီ ၄၊ ၂၀၁၉ (ကြာသပတေးနေ့)

နိုင်ငံတော်အစိုးရ၏

# ပြည်သူ့အတွက် တတိယ (၁) နှစ်တာ



ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်

## ပြည့်ဝသည့်လျှပ်စစ်ဓာတ်အားပေးအပ်ရန်နှင့် စွမ်းအင်ထုတ်လုပ်မှုမြင့်မားရန် အစိုးရ၏ တတိယ(၁)နှစ်အတွင်း ကြိုးပမ်းဖော်ဆောင်

**တွေ့ဆုံမေးမြန်း- ခင်ရတနာ၊ ဓာတ်ပုံ- မေဦးမိုး**

**လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍသည် နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရာတွင် များစွာအထောက်အကူပြုသည့် လုပ်ငန်းများဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲနိုင်စေရေး ကြိုးပမ်းပေးနေသည့်အလျောက် ဓာတ်အားမဆုံးရှုံးစေရေး၊ ဓာတ်အားမရရှိသေးသည့် ဒေသများအတွင်း လျှပ်စစ်ဓာတ်အားကို ဖြန့်ဖြူးပေးခြင်းတို့ ပြုလုပ်ပေးလျက်ရှိသည်။ စွမ်းအင်ကဏ္ဍတွင်လည်း ပိုမိုတိုးချဲ့ထုတ်လုပ်နိုင်မည့် စွမ်းအင်လုပ်ကွက်သစ်များကို တူးဖော်ပေးလျက်ရှိခြင်းကြောင့် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍသည် အရပ်သားအစိုးရသစ်၏ တတိယ(၁)နှစ်တာအတွင်း အောင်မြင်မှုများနှင့်အတူ အခက်အခဲများစွာကိုလည်း ရင်ဆိုင်ကျော်လွှားရင်း ဖြတ်သန်းခဲ့ရသည်ကို မြင်တွေ့ရသည်။**

နိုင်ငံအတွက် အလွန်အရေးကြီးသည့် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ လုပ်ဆောင်ချက်များကို ဦးဆောင်ကာ ဖြည့်ဆည်းပေးနေသော လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်ထံ ပြည်သူများ သိရှိလိုမည့် ပြောင်းလဲမှု၊ ဖော်ဆောင်မှုနှင့် အောင်မြင်မှု၊ စိန်ခေါ်မှုများအကြောင်းကို သိရှိနိုင်ရန် မေးမြန်းဖော်ပြလိုက်ပါသည်။

**မေး။ ။ အစိုးရရဲ့တတိယ(၁)နှစ်တာအတွင်း လျှပ်စစ်ကဏ္ဍကနေ အားရကျေနပ်ခဲ့ရတဲ့ ဆောင်ရွက်ချက်တွေကို ပြောပြပေးပါရှင့်။**

**ဒုတိယဝန်ကြီး။ ။** လျှပ်စစ် ဓာတ်အားဆိုတာ ကျွန်တော်တို့နိုင်ငံအတွက် အင်မတန်အရေးကြီးပါတယ်။ ပြည်သူတွေဟာ လျှပ်စစ်ဓာတ်အားရရှိဖို့ လိုအပ်ပါတယ်။ တတိယ(၁)နှစ်တာ ကာလအတွင်းမှာ ဒုတိယနှစ်ထက် လျှပ်စစ်ပမာဏ ၁၂ ရာခိုင်နှုန်း တိုးထုတ်ပေးနိုင်ခဲ့ပါတယ်။ ပထမနှစ်တုန်းက ယခင်နှစ်တွေကထက် ၁၁ ရာခိုင်နှုန်း တိုးထုတ်နိုင်ခဲ့တယ်။ ဒုတိယနှစ်မှာ ပထမနှစ်ထက် ၁၃ ရာခိုင်နှုန်း တိုးထုတ်နိုင်ခဲ့တယ်။ လျှပ်စစ်ကဏ္ဍမှာ နှစ်စဉ်နှစ်စဉ် တိုးထုတ်နိုင်တာက တိုင်းပြည်ရဲ့ လျှပ်စစ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းဖြစ်လို့ အားရစရာကောင်းပါတယ်။

**မေး။ ။ အခုလို စွမ်းဆောင်ရည်ကောင်းများ ရရှိစေဖို့အတွက် ဘယ်လိုဆောင်ရွက်ခဲ့တယ်ဆိုတာကိုလည်း ပြောပြပေးပါရှင့်။**

**ဒုတိယဝန်ကြီး။ ။** လျှပ်စစ်ပိုထုတ်ဖို့ဆိုတာ ဓာတ်အားပေးစက်ရုံတွေများများတည်ဆောက်ပေးဖို့ လိုအပ်ပါတယ်။ ဒီကဏ္ဍဟာ အရင်းအနှီးနဲ့ အချိန်တွေ အများကြီးပေးရပါတယ်။ ရေတိုကာလအတွင်း လျှပ်စစ်တွေ အများကြီးလိုအပ်နေပါတယ်။ ဘဏ္ဍာငွေကြေးတွေလည်း အများကြီးလိုအပ်ပါတယ်။ ဓာတ်အားပေးစက်ရုံတွေ တည်ဆောက်စရာမလိုဘဲ အချိန်တိုအတွင်း လျှပ်စစ်ဓာတ်အား ပိုထုတ်နိုင်ဖို့ တည်ဆောက်ထားပြီးဖြစ်တဲ့ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွေကနေ နှစ်စဉ် ဒီဇိုင်းအရ ထုတ်လုပ်ပေးနိုင်တဲ့ လျှပ်စစ်ပမာဏထက် ပိုတိုးထုတ်နိုင်အောင် ကြိုးစားခဲ့ပါတယ်။

ဥပမာဆိုရင် ဘီလူးချောင်း ၁ ရေအားလျှပ်စစ်စက်ရုံဆိုရင် ဒီဇိုင်းအရ တစ်နှစ်ကို လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်း ၂၀၀ ထုတ်ပေးနိုင်ပါတယ်။ အဲဒါကို လက်တွေ့မှာ ကီလိုဝပ်နာရီ သန်းပေါင်း ၂၁၄ သန်း ထုတ်တယ်။ ၁၀၇ ရာခိုင်နှုန်းတိုးထုတ်တယ်။ လောပိတစက်ရုံကနေ တစ်နှစ်ကို မဂ္ဂါဝပ်နာရီ ၁၁၉၀ ထုတ်ပေးနိုင်တဲ့ ဒီဇိုင်းရှိတာကို ၁၂၆၂ မဂ္ဂါဝပ် နာရီအထိ တိုးထုတ်ခဲ့တယ်။ စက်ရုံက တိုးထုတ်တဲ့ပမာဏဟာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ အလတ်စားစက်ရုံတစ်ရုံစာရဲ့တစ်နှစ်စာထုတ်လုပ်မှုပမာဏ တိုးထုတ်နိုင်ခဲ့တာဖြစ်ပါတယ်။ ဘီလူးချောင်း ၃ နဲ့ ကင်းနားစက်ရုံ၊ မုန်း ရေအားလျှပ်စစ်စက်ရုံ၊ ပေါင်းလောင်း၊ ဆည်တော်ကြီး၊ ရွှေကျင်၊ သဖန်းဆိပ်၊ အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စက်ရုံစတာတွေမှာ စက်ရုံဒီဇိုင်းတွေထက် ပိုထုတ်နိုင်အောင် ဆောင်ရွက်ခဲ့ကြတာမို့ လျှပ်စစ်ပမာဏတိုးအောင်ထုတ်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။

**မေး။ ။ လက်ရှိ မြန်မာနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားသုံးစွဲမှု အမြင့်ဆုံးအခြေအနေကိုလည်း သိရှိလိုပါတယ်။**

**ဒုတိယဝန်ကြီး။ ။** လက်ရှိ မြန်မာနိုင်ငံမှာ လျှပ်စစ်ဓာတ်အား သုံးစွဲမှု အမြင့်ဆုံးပမာဏက မဂ္ဂါဝပ် ၃၇၀၀ ခန့်ဖြစ်ပါတယ်။ ယခုနှစ် မတ်လဆိုရင် တစ်နေ့တခြား ပိုတိုးလာတယ်။ နှိုင်းယှဉ်ပြောရရင် ၂၀၁၅ ခုနှစ်လောက်က အမြင့်ဆုံးပမာဏဟာ မဂ္ဂါဝပ် ၂၃၅၀ ရှိတယ်။ ၂၀၁၆ ခုနှစ်မှာ မဂ္ဂါဝပ် ၂၆၇၀ အထိ တက်လာပြီးတော့ ၂၀၁၇ ခုနှစ်မှာ မဂ္ဂါဝပ် ၂၉၀၀၊ ၂၀၁၈ ခုနှစ်မှာ မဂ္ဂါဝပ် ၃၃၀၀ အထိ မြင့်တက်လာခဲ့တာပါ။ ယခုနှစ်နဲ့ ယမန်နှစ် နှိုင်းယှဉ်မယ်ဆိုရင် မဂ္ဂါဝပ် ၄၀၀ လောက် ပိုသုံးစွဲတဲ့အတွက် ၁၂ ရာခိုင်နှုန်း မြင့်တက်လာပါတယ်။ ဒါဟာ တော်တော်ကြီးမားတဲ့ပမာဏဖြစ်ပြီး စက်ရုံအကြီးကြီးတွေ လိုအပ်တဲ့ပမာဏလည်း ဖြစ်ပါတယ်။

**မေး။ ။ ယခုကာလအတွင်း ပြီးစီးခဲ့တဲ့ ဓာတ်အားပေးစက်ရုံတွေအကြောင်းကိုလည်း ပြောပြပေးပါရှင့်။**

**ဒုတိယဝန်ကြီး။ ။** အစိုးရသစ်ရဲ့ တတိယ(၁)နှစ်တာအတွင်း မြင်းခြံမြို့နယ်မှာ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ နှစ်ရုံ၊ ကျောက်ဆည်မြို့နယ်မှာ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံတစ်ရုံ၊ သထုံမြို့နယ်မှာ ဓာတ်အားပေးစက်ရုံတစ်ရုံ၊ ရာဇဂြိုဟ်နှင့် အထက်နမ့်ထွမ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ နှစ်ရုံတို့ တည်ဆောက်ပြီးစီးခဲ့ပြီး ဖြစ်ပါတယ်။

**မေး။ ။ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်မှာ ဆောင်ရွက်နေတဲ့ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံရဲ့ တည်ဆောက်တဲ့အနေအထားနဲ့ ပြီးစီးမှုအနေအထားကိုလည်း ပြောပြပေးပါဦး။**

အထူးကဏ္ဍ [ ခ ] သို့ »»



မြင်းခြံမြို့နယ်ရှိ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ က ] မှ

**ဒုတိယဝန်ကြီး။ ။** ကိုယ့်နိုင်ငံမှာ သဘာဝ စွမ်းအင်အဖြစ်ရရှိနေတဲ့ နေရောင်ခြည်ကို အကျိုးရှိရှိ အသုံးချဖို့ အားပေးပါတယ်။ မင်းဘူးမှာ ပုဂ္ဂလိကကနေ နေရောင်ခြည်သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံ တည်ဆောက်နေပါတယ်။ ယခုလကုန် ဆိုရင် စတင်ထုတ်လုပ်မှာဖြစ်ပြီး မဂ္ဂါဝပ် ၂၀ ရရှိမှာပါ။ ဧပြီလမှာ မဂ္ဂါဝပ် ၂၀ တိုးထုတ်ဖို့ ရည်မှန်းထားတဲ့အတွက် စီမံကိန်းပထမအဆင့် အဖြစ် မဂ္ဂါဝပ် ၄၀ ကို ထုတ်လုပ်ပေးနိုင်မှာ ဖြစ်ပါတယ်။

**မေး။ ။ ပို့လွှတ်ဖြန့်ဖြူးမှု အပိုင်းမှာ ဆောင်ရွက်ပြီးစီးမှုတွေကိုလည်း ရှင်းပြပေးပါရှင့်။**

**ဒုတိယဝန်ကြီး။ ။** လျှပ်စစ် ဓာတ်အားကို တိုင်းပြည်ရဲ့ လိုအပ်တဲ့ နေရာတွေကို ရောက်ရှိဖို့ လျှပ်စစ်ဓာတ်အား လိုင်းကြီးတွေ တည်ဆောက်ရပါတယ်။ တတိယ(၁)နှစ်အတွင်းမှာ တည်ဆောက်ဆဲ တွေ အများကြီးရှိသလို ပြီးစီးသွားတာက ၂၃၀ ကေဗွီလိုင်း တစ်လိုင်း၊ ၆၆ ကေဗွီဓာတ်အား လိုင်း ၁၁ ခု စုစုပေါင်း ဓာတ်အားလိုင်း ၂၄၄၉ မိုင်၊ ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံတစ်ရုံ၊ ၆၆ ကေဗွီခွဲရုံ ၂၉ ခု၊ ၃၃ ကေဗွီ ခွဲရုံ ၁၀ ခု၊ ၁၁/၀.၄ ကေဗွီထရန်စဖော်မာ ၄၃၃၈ လုံး စုစုပေါင်း ၁၃၃၆ MVA အထိ တည်ဆောက် နိုင်ခဲ့ပါတယ်။

**မေး။ ။ ယခုနှစ်အတွင်း အိမ်ထောင်စု ဘယ်လောက်များများ လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲခွင့်ရရှိခဲ့ပါသလဲရှင့်။**

**ဒုတိယဝန်ကြီး။ ။** ကျွန်တော်တို့ နိုင်ငံမှာ ၂၀၁၆ ခုနှစ် မတ်လမှာ လျှပ်စစ်ဓာတ်အားသုံးစွဲခွင့်ရတဲ့ အိမ်ထောင်စု ဦးရေ ၃၄ ရာခိုင်နှုန်းရှိပါတယ်။ ယခု ဖေဖော်ဝါရီလကုန်အထိ ယခုနှစ်မှာဆိုရင် အိမ်ထောင်စု ပေါင်း ၄ ဒသမ ၈ သန်းအထိ ရရှိခဲ့တဲ့အတွက် ၄၄ ရာခိုင်နှုန်း ရရှိလာတာ ဖြစ်ပါတယ်။ တစ်နှစ်တာအတွင်း အိမ်ထောင်စု လေးသိန်းခွဲ လျှပ်စစ်ဓာတ်အား တိုးတက်ရရှိတာဖြစ်ပါ တယ်။ သုံးနှစ်တာကာလကို ခြုံကြည့်ရင် လျှပ်စစ်ရရှိတဲ့ အိမ်ထောင်စုဦးရေ ၁၀ ရာခိုင်နှုန်းခန့် တိုးတက်လာခဲ့တာ ဖြစ်ပါတယ်။

**မေး။ ။ မြို့နဲ့ ကျေးရွာပေါင်း ဘယ်လောက်ကိုရော လျှပ်စစ်ဓာတ်အားသုံးစွဲခွင့် ထပ်မံပေးအပ်ထားသလဲဆိုတာ သိရှိလိုပါတယ်ရှင့်။**

**ဒုတိယဝန်ကြီး။ ။** မြို့ အများစုမှာတော့ လျှပ်စစ်ဓာတ်အားက ရရှိထားပြီးဖြစ်ပါတယ်။ သို့သော် တကောင်းမြို့ဆိုရင် လျှပ်စစ်ဓာတ်အားရဖို့ အတော်လေး အလှမ်းကွာဝေးခဲ့ပါတယ်။ ဒါပေမယ့် တတိယ (၁)နှစ်အတွင်း တကောင်းမြို့အပါအဝင် မြို့ကိုးမြို့နှင့် ကျေးရွာပေါင်း ၂၃၃၁ ရွာမှာ လျှပ်စစ်ဓာတ်အား ရရှိလာပြီဖြစ်ပါတယ်။

ရခိုင်ပြည်နယ်မှာ မြို့အားလုံး လျှပ်စစ်ဓာတ်အားရသွားတဲ့ အခြေအနေမှာ မာန်အောင်မြို့ မပါရှိပါဘူး။ သို့သော် မာန်အောင်မြို့ကို လျှပ်စစ်ဓာတ်အားရရှိဖို့ နေရောင်ခြည်သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံတစ်ခုကို ပြီးခဲ့တဲ့နှစ်က စတင် ဆောင်ရွက်နေပါတယ်။

မြန်မာနိုင်ငံမှာ ကျေးရွာပေါင်း ၆၃၂၇၇ ရှိတဲ့အနက် လက်ရှိအချိန်မှာ ကျေးရွာ ၃၃၉၉၄ ရွာအထိ လျှပ်စစ်ဓာတ်အားပေးဝေနိုင်ခဲ့တဲ့အတွက် ကျေးရွာများအားလုံးရဲ့ ၅၄ ရာခိုင်နှုန်း လျှပ်စစ်ဓာတ်အား ရယူသုံးစွဲထားနိုင်တယ်လို့ ပြောရမှာဖြစ်ပါတယ်။

**မေး။ ။ တတိယ (၁)နှစ်တာအတွင်းမှာ အိမ်သုံးဒစ်ဂျစ်တယ်မီတာ စတင်တပ်ဆင်ခွင့်ပြုတယ်လို့ သိရပါတယ်။ လက်ရှိ တပ်ဆင်ပြီးစီးမှုအခြေအနေကို ရှင်းပြပေးပါဦး။**

**ဒုတိယဝန်ကြီး။ ။** ဗို့မီတာ အိမ်သုံး ဒစ်ဂျစ်တယ်မီတာ တပ်ဆင်ရာမှာ ကျေးလက်နေ ပြည်သူတွေဟာ မီတာခအဖိုးနှုန်း ပေးချေရခြင်းကြောင့် ငွေကြေးသက်သက်သာသာနဲ့ မီတာဈေးနှုန်းတွေကို အသုံးပြုနိုင်တာက ပထမအချက်ပါ။ နောက်တစ်ချက်က လျှပ်စစ်မီတာခိုးသုံးရင် သူက အချက်ပြတာပါဝင်ပါတယ်။ တစ်နှစ်တာ အတွင်း ၅/၃၀ အမ်ပီယာ ကျေးရွာသုံးမီတာ ၁၃၆၁၆၃ လုံး၊ ၁၀/၃၀ အမ်ပီယာ မြို့ငယ်သုံး မီတာအရေအတွက် ၁၈၀၄၈ လုံး၊ ၁၀/၆၀ အမ်ပီယာ မြို့ကြီးသုံး မီတာအရေအတွက် ၉၉၀၈၅ လုံး တပ်ဆင်ပြီးစီးခဲ့ပြီ ဖြစ်ပါတယ်။ စုစုပေါင်း တစ်နှစ်အတွင်း မီတာ လေးသိန်းကျော် တပ်ဆင်ပြီးစီးခဲ့ပါတယ်။

**မေး။ ။ လူတစ်ဦးချင်းအလိုက် လျှပ်စစ်ဓာတ်အား တိုးတက်သုံးစွဲမှုပမာဏကိုလည်း သိလိုပါတယ်ရှင့်။**

**ဒုတိယဝန်ကြီး။ ။** လူတစ်ဦးချင်းရဲ့လျှပ်စစ်ဓာတ်အား သုံးစွဲမှုပမာဏဟာ နိုင်ငံတိုင်း၊ နိုင်ငံတိုင်းအတွက် အရေးကြီးပါတယ်။ အဲဒီနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာတဲ့စနစ်လည်းဖြစ်ပါတယ်။ တိုင်းတာတဲ့စနစ်က တစ်နှစ်တာမှာ လူတစ်ဦးဟာ လျှပ်စစ်ဓာတ်အားပမာဏ ဘယ်လောက်သုံးစွဲသလဲဆိုတဲ့ ကိန်းဂဏန်းနဲ့ တိုင်းတာပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ တတိယ(၁)နှစ်တာ ကာလအတွင်း တစ်နှစ်ကို လူတစ်ယောက်ရဲ့ လျှပ်စစ်ဓာတ်အားသုံးစွဲမှုဟာ ကီလိုဝပ်နာရီ ၃၇၀ ရှိတဲ့အတွက် ယခင်နှစ်ကထက် ၁၀ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်လာခဲ့ပါတယ်။

**မေး။ ။ တတိယ (၁)နှစ်တာအတွင်း ဓာတ်အားခွဲရုံများမှာ ဝန်အားပြည့်နေခြင်းတွေကိုရော ဘယ်လိုနည်းလမ်းသုံးပြီး ဖြေရှင်းခဲ့ပါသလဲရှင့်။**

**ဒုတိယဝန်ကြီး။ ။** ဒီကိစ္စရပ်ဟာတော်တော်လေး ဖြေရှင်းရတဲ့ကိစ္စရပ်လည်းဖြစ်ပါတယ်။ လူတွေက မီးပိုသုံးတယ်။ စက်မှုဇုန်တွေကလည်း မီးပိုသုံးတယ်။ ပင်မခွဲရုံတွေ၊ ဖြန့်ဖြူးရေးခွဲရုံတွေရဲ့ ထရန်စဖော်မာတွေက ဝပ်အားတက်လာပြီး ပိုတိုးတပ်ဆင်နိုင်အောင် ဘဏ္ဍာငွေအများကြီးလိုတယ်။ အချိန်မီမဆောင်ရွက်နိုင်တဲ့အခါ ပြည်သူက လျှပ်စစ်အခက်အခဲတွေ ကြုံရတယ်။ ဒီနှစ်မှာလည်း ဒီလိုအဖြစ်မျိုးမဖြစ်ရအောင် ကြိုးစားခဲ့ပါတယ်။

ဒါကြောင့် ဒီနှစ်မှာ ဝန်အားပြည့်နေတဲ့ ဓာတ်အားခွဲရုံတွေမှာ ၁၃၅၂ အမ်ဗွီအေ အင်အားရှိတဲ့ ထရန်စဖော်မာတွေ တိုးချဲ့တည်ဆောက်ပေးခဲ့ပါတယ်။

**မေး။ ။ ဒုတိယဝန်ကြီးရှင့်။ ဓာတ်အားစနစ်တစ်ခုလုံး ပြတ်တောက်မှု (System Breakdown)ဖြစ်ပွားရတဲ့အကြောင်းနဲ့ ပြတ်တောက်မှုမဖြစ်စေဖို့ ဆောင်ရွက်နေတဲ့ အကြောင်းကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

**ဒုတိယဝန်ကြီး။ ။** System Breakdown ဆိုတဲ့ ဝေါဟာရဟာ ပြည်သူတွေကြားမှာ အတော်လေး ရေပန်းစားခဲ့ပါတယ်။ ကာတွန်းတွေထဲတောင် ပါခဲ့ပါတယ်။ ကျွန်တော့်အမြင်ကတော့ မဖြစ်လေကောင်းလေပါ။ တစ်နိုင်ငံလုံး မီးမှောင်ကျတာမို့ မဖြစ်သင့်ပါဘူး။ ၂၀၁၆-၂၀၁၇ မှာ ကံဆိုးစွာနဲ့ System Breakdown ဟာ တစ်နှစ်အတွင်းမှာ ၁၇ ကြိမ်အထိ ဖြစ်ခဲ့ ပါတယ်။

ဖြစ်ရတဲ့ အဓိကအကြောင်းရင်းက သဘာဝဘေးအန္တရာယ်ဖြစ်တဲ့ လေပြင်းမုန်တိုင်းတိုက်လို့ တာဝါတိုင်တွေလဲတာကနေ စခဲ့ပြီး ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာ အကြိမ်ကြိမ်ဖြစ်ခဲ့ရတယ်။ တတိယ(၁) နှစ်တာအတွင်းမှာတော့ System Breakdown နှစ်ကြိမ်သာ ဖြစ်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုရင် ဓာတ်အားလိုင်းတွေ ပြတ်တောက်မှုကို အလိုအလျောက် ပြန်လည် ဆက်သွယ်ပေးတဲ့စနစ် (Tele-protection and Auto-Reclosing Function) ကို တပ်ဆင်ဆောင်ရွက်တဲ့အတွက် ဖြစ်ပါတယ်။ ဓာတ်အားလိုင်းအပြစ်ဖြစ်ပြီး ဓာတ်အားလိုင်း ပြတ်တောက်သွားချိန်မှာ ချက်ချင်းပြန်တင် (One Trial)နိုင်ခဲ့တဲ့အတွက် ကာကွယ်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။

**မေး။ ။ လက်ရှိမှာ အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း(NEP) အရလည်း ဆောင်ရွက်နေတယ်လို့ သိရပါတယ်ရှင့်။ မြန်မာတစ်နိုင်ငံလုံးအနေနဲ့ ဓာတ်အားရရှိလာမယ့် အခြေအနေကိုလည်း ဖြေကြားပေးပါရှင့်။**

**ဒုတိယဝန်ကြီး။ ။** ကျွန်တော်တို့ နိုင်ငံမှာ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ လျှပ်စစ်ဓာတ်အားရရှိမှု အခြေအနေကို ပြန်ပြီးသုံးသပ်ကြည့်မယ်ဆိုရင် မြို့တွေအတော်များများဟာ လျှပ်စစ်ဓာတ်အားကို ရရှိထားပြီးဖြစ်ပါတယ်။ ဒါပေမယ့် ကျေးရွာတွေမှာတော့ လျှပ်စစ်ဓာတ်အားသုံးစွဲခွင့်ရဖို့ နှောင့်နှေးကြန့်ကြာနေပါသေးတယ်။ ဝေးလံခေါင်ဖျားဒေသဖြစ်တာ၊ ဓာတ်အားလိုင်းတွေ ဆက်လက်တည်ဆောက်ပေးရန် လိုအပ်ချက်တွေကြောင့် ယခုလိုကျန်ရှိနေတာ ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ဘဏ္ဍာငွေကိစ္စဖြစ်ပါတယ်။ ဒီလိုတည်ဆောက်ပေးနိုင်ဖို့အတွက် ချေးငွေရရှိဖို့ ကျွန်တော်တို့ဟာ World Bank၊ JICA စတဲ့ နိုင်ငံတကာ အဖွဲ့အစည်းတွေ၊ Donor Agency တွေကနေလည်း အတိုးသက်သာတဲ့ချေးနှုန်းနဲ့ ချေးငွေတွေရယူပြီး ဆောင်ရွက်နေရတာလည်း ဖြစ်ပါတယ်။ ပြည်ထောင်စုဘဏ္ဍာငွေကိုလည်းရယူပြီး ဆောင်ရွက်ပေးရတာရှိပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့ရဲ့ နှစ်စဉ်ဘတ်ဂျက်တွေထဲကလည်း ဆောင်ရွက်ပေးတာရှိပါတယ်။ ဒီလိုဆောင်ရွက်ပေးပြီး လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက်ရရှိနိုင်အောင် လုပ်ဆောင်ရတာဖြစ်ပါတယ်။

လက်ရှိမှာတော့ တစ်နိုင်ငံလုံးမှာရှိတဲ့ အိမ်ထောင်စုပေါင်းရဲ့ ၄၄ ရာခိုင်နှုန်းဟာ လျှပ်စစ်ဓာတ်အားရရှိထားပြီး ရည်မှန်းချက်ကတော့ ၂၀၂၀-၂၀၂၁ ခုနှစ်မှာ အနည်းဆုံး အိမ်ထောင်စု ၅၅ ရာခိုင်နှုန်းဟာ လျှပ်စစ်ဓာတ်အားကို ရယူသုံးစွဲနိုင်ဖို့ပဲဖြစ်ပါတယ်။ ထို့အပြင် အနာဂတ်ရည်မှန်းချက်တွေအဖြစ် ၂၀၂၅-၂၀၂၆ ခုနှစ်မှာ အိမ်ထောင်စု ၇၅ ရာခိုင်နှုန်း လျှပ်စစ်ဓာတ်အား သုံးစွဲလာနိုင်ဖို့ဖြစ်ပြီး ၂၀၃၀-၂၀၃၁ ခုနှစ်မှာတော့ မြန်မာတစ်နိုင်ငံလုံးရဲ့ အိမ်ထောင်စုအားလုံး ရာနှုန်းပြည့် လျှပ်စစ်ဓာတ်အား သုံးစွဲခွင့်ရရှိရေးဆိုပြီး ရည်မှန်းဆောင်ရွက်နေတာဖြစ်ပါတယ်။

**မေး။ ။ ဒုတိယဝန်ကြီးရှင့်။ လျှပ်စစ်ဓာတ်အားတိုးတက်မှုတွေကို သိရှိခဲ့ရတဲ့အတွက် ကျေးဇူးတင်ရှိပါတယ်ရှင့်။ ဆက်လက်ပြီး တတိယ(၁)နှစ်တာအတွင်း စွမ်းအင်ကဏ္ဍရဲ့တိုးတက်ပြောင်းလဲမှု အနေအထားကိုလည်း ပြောကြားပေးစေလိုပါတယ်။**

**ဒုတိယဝန်ကြီး။ ။** စွမ်းအင်ကဏ္ဍ ဆိုတာလည်း မြန်မာနိုင်ငံအတွက် အင်မတန်အရေးပါတဲ့ ကဏ္ဍတစ်ခုဖြစ်ပါတယ်။ ဘာကြောင့်အရေးပါရသလဲဆိုရင် လျှပ်စစ်တွေ တိုးတက်ထုတ်လုပ်ဖို့အတွက် စွမ်းအင်ကဏ္ဍကနေ ထုတ်လုပ်မှု မြင့်မားမှသာ လျှပ်စစ်လည်း တိုးတက်သုံးစွဲနိုင်မှာဖြစ်ပါတယ်။ နောက်ထပ်အရေးကြီးတာက ကျွန်တော်တို့နိုင်ငံရဲ့ အဓိကဝင်ငွေရပေါက်ရလမ်းကိုလည်း ဒီစွမ်းအင်ကဏ္ဍကပဲ ဖြည့်ဆည်းဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။ နိုင်ငံရဲ့စီးပွားရေးအခြေအနေ တိုးတက်မြင့်မားဖို့ဆိုရင်လည်း ဒီစွမ်းအင်ကဏ္ဍ ပိုမိုတိုးတက်ထုတ်လုပ်ရောင်းချနိုင်ဖို့ လိုအပ်ပါတယ်။

**မြန်မာ့စွမ်းအင် ရေနံနှင့် သဘာဝဓာတ်ငွေ့**

စွမ်းအင်ကဏ္ဍ မြင့်မားတိုးတက်ဖို့အတွက် အဓိကကတော့ ရေနံရှာဖွေရမယ်။ သဘာဝဓာတ်ငွေ့ရှာဖွေရမယ်။ အဲဒီလိုရှာဖွေထုတ်လုပ်နိုင်ဖို့အတွက် ကျွန်တော်တို့က အစမ်းတွင်းတွေကို အရင်ဆုံးတူးဖော်ရပါတယ်။ အစိုးရသစ်တာဝန်ယူပြီး ယခု တတိယ(၁)နှစ်တာအတွင်းမှာဆိုရင် ကုန်းတွင်းပိုင်းမှာ ရေနံတွင်းပေါင်း ၂၂ တွင်းကို တူးဖော်ခဲ့ပါတယ်။ အဲဒီကုန်းတွင်းရေနံတွင်း ၂၂ တွင်းကနေ ရေနံစည်ပေါင်း ၂ ဒသမ ၃၁ သန်းကို ထုတ်လုပ်နိုင်ခဲ့ပါတယ်။ သဘာဝဓာတ်ငွေ့ထုတ်လုပ်နိုင်မှုကတော့ ကုဗပေ သန်း ၁၉၀၁၉ အထိ ထုတ်လုပ်ခဲ့ပါတယ်။

ကမ်းလွန်ရှာဖွေရေးမှာတော့ ကမ်းလွန်တွင်း ၄၆ တွင်းကို တူးဖော်ခဲ့ပြီး ရေနံ(လေဆီ) စည်ပေါင်း ၁ ဒသမ ၀၂ သန်းနဲ့ သဘာဝဓာတ်ငွေ့ ၆၀၄၈၁၈ ကုဗပေသန်းကို ထုတ်လုပ်နိုင်ခဲ့ပါတယ်။ ကုန်းတွင်းနဲ့ ကမ်းလွန် ထုတ်လုပ်မှုပမာဏစုစုပေါင်းကတော့ ရေနံစည်ပေါင်း ၃ ဒသမ ၃၃ သန်းနဲ့ သဘာဝဓာတ်ငွေ့ ၆၂၃၈၃၈ ကုဗပေသန်း ထုတ်လုပ်နိုင်ခဲ့တာ ဖြစ်ပါတယ်။

အထူးကဏ္ဍ [ ဂ ] သို့ »»»

> **လက်ရှိမြန်မာနိုင်ငံမှာ လျှပ်စစ်ဓာတ်အားသုံးစွဲမှု အမြင့်ဆုံးပမာဏက မဂ္ဂါဝပ် ၃၇၀၀ ခန့် ဖြစ်ပါတယ်။ ယခုနှစ် မတ်လဆိုရင် တစ်နေ့တခြား ပိုတိုးလာတယ်။ နှိုင်းယှဉ်ပြောရရင် ၂၀၁၅ ခုနှစ်လောက်က အမြင့်ဆုံးပမာဏဟာ မဂ္ဂါဝပ် ၂၃၅၀ ရှိတယ်။ ၂၀၁၆ ခုနှစ်မှာ မဂ္ဂါဝပ် ၂၆၇၀ အထိတက်လာပြီးတော့ ၂၀၁၇ ခုနှစ်မှာ မဂ္ဂါဝပ် ၂၉၀၀၊ ၂၀၁၈ ခုနှစ်မှာ မဂ္ဂါဝပ် ၃၃၀၀ အထိ မြင့်တက်လာခဲ့တာပါ။ ယခုနှစ်နဲ့ ယမန်နှစ် နှိုင်းယှဉ်မယ်ဆိုရင် မဂ္ဂါဝပ် ၄၀၀ လောက် ပိုသုံးစွဲတဲ့အတွက် ၁၂ ရာခိုင်နှုန်း မြင့်တက်လာပါတယ်။ ဒါဟာ တော်တော်ကြီးမားတဲ့ပမာဏဖြစ်ပြီး စက်ရုံအကြီးကြီးတွေ လိုအပ်တဲ့ ပမာဏလည်းဖြစ်. . .**



ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်



ကျောက်ဆည်မြို့နယ်ရှိ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ ခ ] မှ

**မေး။ ။ တစ်နှစ်တာအတွင်းမှာ ကမ်းလွန်စီမံကိန်း လုပ်ကွက်အသစ်တွေရော တိုးတက်ဆောင်ရွက်တာမျိုးရှိပါသလားရှင့်။**

**ဒုတိယဝန်ကြီး။** ။ ကမ်းလွန်လုပ်ကွက်တွေဟာ ကျွန်တော်တို့နိုင်ငံအတွက် အလွန်ကို အရေးကြီးတဲ့အရာတွေဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် ကမ်းလွန်မှာရှိနေတဲ့ ရေနံနဲ့ သဘာဝဓာတ်ငွေ့တွေ ရှာဖွေထုတ်လုပ်နိုင်မယ်၊ ရေနံသိုက်တွေ၊ သဘာဝဓာတ်ငွေ့သိုက်တွေကို ရှာဖွေတွေ့ရှိမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံဟာ နောက်အနှစ် ၂၀ လောက် ရှာဖွေရမယ့် ဝင်ငွေမျိုးကို တိုးတက်ရရှိမှာဖြစ်ပါတယ်။ ဝင်ငွေရရှိတာအပြင် ထွက်ရှိလာတဲ့ စွမ်းအင်အရင်းအမြစ်တွေကို အသုံးပြုပြီး လျှပ်စစ်တွေလည်း ထုတ်လုပ်လို့ရမယ်။ အခြားရင်းနှီးမြှုပ်နှံမှုတွေကိုလည်း လုပ်ဆောင်နိုင်မယ်။ ဒါကြောင့်လည်း ကမ်းလွန်လုပ်ကွက်အသစ်တွေကို လုပ်ဆောင်နေရတာဖြစ်ပါတယ်။

လက်ရှိမှာတော့ ကမ်းလွန်စီမံကိန်း လုပ်ကွက်အသစ် လေးခုကို ဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ကွက်အသစ်လေးခုကတော့ A6၊ AD1၊ AD7 နှင့် M3 တို့ဖြစ်ပါတယ်။

**မေး။ ။ လုပ်ဆောင်နေတဲ့ ကမ်းလွန်လုပ်ကွက်လေးခုရှိတယ်ဆိုတော့ အဲဒီလေးခုအနက်က အလားအလာအကောင်းဆုံးလုပ်ကွက်က ဘယ်လုပ်ကွက်လဲဆိုတာ ရှင်းပြပေးပါရှင့်။**

**ဒုတိယဝန်ကြီး။** ။ အစိုးရသစ်ရဲ့ တတိယ (၁)နှစ်တာအတွင်းမှာ ဝန်ကြီးဌာနကနေ အလားအလာကောင်းတဲ့ လုပ်ကွက်သစ်ကို ပြသစရာ ရှိလာပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ ကမ်းလွန်စီမံကိန်း လုပ်ကွက်လေးခုအနက်မှာ ဧရာဝတီတိုင်းဒေသကြီး အနောက်မြောက်ဘက်မှာရှိတဲ့ ကမ်းလွန်လုပ်ကွက် အမှတ် A6 မှာ တူးဖော်ခဲ့တဲ့ ရှာဖွေရေးတွင်း ငါးတွင်းရှိတဲ့အနက် ရွှေရည်ထွန်း (၂) တွင်းရဲ့ထူးခြားမှုဖြစ်ပါတယ်။ အဲဒီ ရွှေရည်ထွန်း (၂) တွင်းကို စမ်းသပ်ရှာဖွေတဲ့အခါ သဘာဝဓာတ်ငွေ့ခိုအောင်းနေတယ်ဆိုတဲ့ တွေ့ရှိချက်ကိုရရှိခဲ့ပြီး အဲဒီတွေ့ရှိချက်နောက်မှာ စီးပွားဖြစ်ထုတ်လုပ်နိုင်မယ့် အလားအလာကောင်းရလဒ်တွေကို ရရှိခဲ့တာဟာ အင်မတန်ဝမ်းသာစရာကောင်းပါတယ်။

**မေး။ ။ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမှာ ရေနံနဲ့ သဘာဝဓာတ်ငွေ့ရဲ့ အရေးပါမှုတွေကို သိရှိရပါတယ်ရှင့်။ ထုတ်လုပ်မှုအခြေအနေကရော အစိုးရတာဝန်ယူပြီး တတိယ (၁) နှစ်တာအတွင်းမှာ ဘယ်လောက်များ ရရှိထားခဲ့ပါသလဲ။**

**ဒုတိယဝန်ကြီး။** ။ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ရေနံနဲ့ သဘာဝဓာတ်ငွေ့ကို အများကြီး တိုးထုတ်ရဖို့ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ ဘယ်လိုတိုးတက်အောင် ဆောင်ရွက်မလဲဆိုတဲ့အစီအစဉ်ကို စဉ်းစားရပါတယ်။ အဲဒီမှာ လက်ရှိ ရှာဖွေတူးဖော်ထုတ်လုပ်နေတဲ့ လုပ်ကွက်တွေရှိသလို ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းမရှိတဲ့ လုပ်ကွက်တွေကို ရှာရတယ်။ ဒါကြောင့် ရေနံနဲ့ သဘာဝဓာတ်ငွေ့ ပိုပြီးတိုးတက်ထုတ်လုပ်နိုင်ဖို့ လစ်လပ်နေတဲ့ ကုန်းတွင်းပိုင်းလုပ်ကွက် ၁၈ ကွက်နဲ့ ကမ်းလွန်လုပ်ကွက် ၁၅ ကွက်ရှိပါတယ်။

ဒီလို လစ်လပ်နေတဲ့ လုပ်ကွက်တွေကို အပြည်ပြည်ဆိုင်ရာ တင်ဒါစနစ်နဲ့ ခေါ်ယူပြီး နိုင်ငံတကာက ရေနံနဲ့ စွမ်းအင်ကုမ္ပဏီကြီးတွေကို အကျိုးတူပူးပေါင်းဖို့ ၂၀၁၉ ခုနှစ်အတွင်းမှာပဲ တင်ဒါတွေဖိတ်ခေါ်ပြီး ဆောင်ရွက်သွားဖို့ စီစဉ်လျက်ရှိပါတယ်။

**မေး။ ။ ဆက်လက်ပြီးတော့လည်း ရေနံစိမ်းများ ချက်လုပ်ရောင်းချနေတဲ့ အစီအစဉ်နဲ့ ရောင်းချပြီးသား ဝင်ငွေအခြေအနေကိုလည်း သိရှိလိုပါတယ်ရှင့်။**

**ဒုတိယဝန်ကြီး။** ။ ကုန်းတွင်းမှာ ထုတ်လုပ်တဲ့ ရေနံစိမ်းတွေကို ကျွန်တော်တို့ကိုယ်တိုင် ချက်လုပ်ပါတယ်။ ချက်လုပ်တဲ့အခါမှာ ယခုတတိယ(၁)နှစ်တာအတွင်းမှာ ချက်လုပ်ပြီးစီးတဲ့ ရေနံစိမ်းက မက်ထရစ်တန်ပေါင်း ၂၅၁၅၀၉ ဖြစ်ပါတယ်။ အဲဒီလိုချက်လုပ်ခဲ့တဲ့အတွက် ဓာတ်ဆီ မက်ထရစ်တန် ၆၇၀၈၀ နဲ့ ဒီဇယ်ဆီ ၁၁၀၂၄၂ မက်ထရစ်တန်တို့ ရရှိခဲ့ပါတယ်။ ရေနံချက်လုပ်ပြီးတော့ ထွက်ရှိလာတဲ့ ရေနံထွက်ပစ္စည်းတွေကို ရောင်းချနိုင်ခဲ့တဲ့အတွက် ရောင်းချနိုင်တဲ့ဝင်ငွေဟာ အရင်နှစ်ကထက် ၃၈ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ပြီး ဝင်ငွေရရှိအောင် ဆောင်ရွက်ပေးခဲ့ပါတယ်။

**မေး။ ။ ရေနံဓာတ်ငွေ့ရည်ကို အသုံးပြုပြီး ယူရီးယားမြေသြဇာ ထုတ်လုပ်တယ်လို့လည်း သိရှိရပါတယ်။ ဓာတ်မြေသြဇာ ထုတ်လုပ်နိုင်တဲ့ပမာဏကိုလည်း သိရှိလိုပါတယ်။**



ဓာတ်အားလိုင်းကြိုး သွယ်တန်းခြင်းလုပ်ငန်းကို သက်စွန့်ဆံဖျား ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရစဉ်။

**“ ကုန်းတွင်းကထွက်ရှိတဲ့ သဘာဝဓာတ်ငွေ့ကို အသုံးပြုပြီး ရေနံဓာတ်ငွေ့ရည်လည်း ထုတ်လုပ်ပါတယ်။ အများပြည်သူတွေ သက်သက်သာသာနဲ့ ချက်ပြုတ်သုံးစွဲကြတဲ့အခါမှာ အသုံးပြုနိုင်အောင် ရည်ရွယ်ခြင်း ဖြစ်ပါတယ်။ အစိုးရသစ်ရဲ့တတိယ(၁)နှစ်တာအတွင်းမှာ ရေနံဓာတ်ငွေ့ရည် LPG တန်ချိန်ပေါင်းက ၈၅၈ မက်ထရစ်တန် ထုတ်လုပ်နိုင်ခဲ့ပါတယ်။ ”**

**ဒုတိယဝန်ကြီး။** ။ကျွန်တော်တို့ လျှပ်စစ်နဲ့ စွမ်းအင်ဝန်ကြီးဌာနသည် ကုန်းတွင်းကထွက်ရှိတဲ့ သဘာဝဓာတ်ငွေ့ကို အသုံးပြုပြီး ရေနံဓာတ်ငွေ့ရည်လည်း ထုတ်လုပ်ပါတယ်။ အများပြည်သူတွေ သက်သက်သာသာနဲ့ ချက်ပြုတ်သုံးစွဲကြတဲ့အခါမှာ အသုံးပြုနိုင်အောင် ရည်ရွယ်ခြင်းဖြစ်ပါတယ်။ အစိုးရသစ်ရဲ့ တတိယ(၁)နှစ်တာအတွင်းမှာ ရေနံဓာတ်ငွေ့ရည် LPG တန်ချိန်ပေါင်းက ၈၅၈ မက်ထရစ်တန် ထုတ်လုပ်နိုင်ခဲ့ပါတယ်။

အလားတူ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ အသုံးပြုနိုင်ဖို့ ယူရီးယားဓာတ်မြေသြဇာကိုလည်း ထုတ်လုပ်ပါတယ်။ ဓာတ်မြေသြဇာထုတ်လုပ်မှုကတော့ တတိယ(၁)နှစ်တာအတွင်းမှာ မက်ထရစ်တန်ပေါင်း ၁၂၇၉၄၁ အထိ ထုတ်လုပ်ခဲ့တာဖြစ်ပါတယ်။ ဓာတ်မြေသြဇာစက်ရုံတွေက ထုတ်လုပ်ပြီးရောင်းချရတဲ့ ဝင်ငွေဟာ ပြီးခဲ့တဲ့နှစ်ထက်စာရင် ၇၁ ဘီလီယံကျော် တိုးတက်ရရှိတဲ့အတွက် ဝင်ငွေတိုးတက်ရှာဖွေပေးနိုင်ခဲ့ပါတယ်။

**မေး။ ။ ရေနံဓာတ်ငွေ့ရည်အား ပြည်သူများကိုကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးပေးနေတာမျိုး ရှိပါသလား။ လုပ်ငန်းလိုင်စင်တွေအကြောင်းကိုလည်း ပြောပြပါဦးရှင့်။**

**ဒုတိယဝန်ကြီး။** ။ နှစ်ပေါင်းများစွာမှာကတော့ ကျွန်တော်တို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနကပဲ ရေနံဓာတ်ငွေ့ရည်ကို ကိုယ်တိုင်ထုတ်လုပ်ရောင်းချပါတယ်။ ကုန်းတွင်းဓာတ်ငွေ့ကို အသုံးပြုပြီး ထုတ်လုပ်တဲ့အတွက် LPG ဓာတ်ငွေ့ရည် ထုတ်လုပ်နိုင်မှုဟာ အကန့်အသတ်ရှိပါတယ်။ ပြည်သူတွေရဲ့ လူနေမှုအခြေအနေတွေကလည်း တိုးတက်ပြောင်းလဲလာတဲ့အခါ LPG ကိုပိုသုံးပါတယ်။ ဒီအခါမှာ ကိုယ့်ဝန်ကြီးဌာနက ထုတ်လုပ်တဲ့ ပမာဏလောက်နဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းဖို့ မလုံလောက်တဲ့အတွက် ပုဂ္ဂလိကကဏ္ဍရဲ့ ပါဝင်ဆောင်ရွက်မှုကို ကျွန်တော်တို့က ဖိတ်ခေါ်ပြီး တိုးတက်ဆောင်ရွက်ပေးစေခဲ့ပါတယ်။

ဒါကြောင့် ရေနံဓာတ်ငွေ့ရည် လုပ်ကိုင်ခွင့်တွေကို လိုင်စင်တွေ ချထားပေးခဲ့ပါတယ်။ လိုင်စင်တွေကိုတော့ လုပ်ငန်းဆောင်ရွက်မှုအမျိုးအစားကိုလိုက်ပြီး စုစုပေါင်း ခုနစ်မျိုး သတ်မှတ်ထားပါတယ်။ အစိုးရသစ်လက်ထက် တတိယ(၁)နှစ်တာအတွင်းမှာ ပုဂ္ဂလိကကဏ္ဍကို လိုင်စင်တွေ ထုတ်ပေးထားခဲ့ရာမှာ အရေအတွက်အားဖြင့် ၆၂၉ ခုအထိ ရှိလာပြီဖြစ်ပါတယ်။ တစ်နိုင်ငံလုံးမှာ ကျယ်ကျယ်ပြန့်ပြန့် ဖွင့်လှစ်ရောင်းချနိုင်ဖို့အတွက် ရည်ရွယ်လုပ်ဆောင်တာလည်း ဖြစ်ပါတယ်။

**မေး။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနရဲ့ လုပ်ဆောင်ချက်တွေထဲကမှ စိန်ခေါ်မှုအခက်အခဲတွေ ကြုံတွေ့ခဲ့ရတဲ့အပိုင်းကိုလည်း ပြောပြပေးပါဦးရှင့်။**

**ဒုတိယဝန်ကြီး။** ။ စောစောက ကျွန်တော်ပြောခဲ့တာတွေကတော့ ကျွန်တော်တို့ ဝန်ကြီးဌာနကနေ ဆောင်ရွက်ခဲ့ပြီး တိုးတက်တာတွေ၊ အောင်မြင်တာတွေကို အများဆုံး ပြောကြားခဲ့ပါတယ်။ ဒီလို တိုးတက်တာ၊ ကောင်းမွန်တာတွေ ဆောင်ရွက်နိုင်ဖို့ဆိုတာ ကျွန်တော်တို့ဟာ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေအများကြီးကို ကျော်လွှားဖြေရှင်းခဲ့ရတာ ဖြစ်ပါတယ်။ အားလုံးပြေလည်သွားရတာတော့ မဟုတ်ပါဘူး။

### အရှုံးပေါ်နေတဲ့စိန်ခေါ်မှုတွေကို ကျော်လွှားရန်ကြိုးစား

ဓာတ်မြေသြဇာစက်ရုံအကြောင်း ပြောခဲ့ပြီးပါပြီ။ ယခင်ကဓာတ်မြေသြဇာ စက်ရုံထုတ်လုပ်ရောင်းချရမှုအခြေအနေဟာ နှစ်တိုင်းနှစ်တိုင်း ဘီလီယံ ၅၀ နီးပါးရှုံးခဲ့ပါတယ်။ နှစ်တိုင်းအရှုံးပေါ်နေတဲ့ အခြေအနေကို ဖြေရှင်းခဲ့ရပါတယ်။ တတိယ(၁)နှစ်မှာတော့ ယခင်နှစ်ကထက် ဘီလီယံများစွာ ပိုရတဲ့အတွက် ယခုဆိုရင် အရှုံးပေါ်နေမှုဆိုတဲ့ စိန်ခေါ်မှုကို ဖြေရှင်းနိုင်ခဲ့ပါတယ်။

နောက်ထပ်စိန်ခေါ်မှုက နိုင်ငံရဲ့ဂျီဒီပီကို တိုးတက်စေတဲ့ ရေနံနဲ့ သဘာဝဓာတ်ငွေ့ပိုမိုရရှိရောင်းချနိုင်ဖို့ဆိုရာမှာ ကျွန်တော်တို့ဟာ အစမ်းတွင်းတွေ၊ ရှာဖွေရေးတွင်းတွေကို တူးဖော်ရပါတယ်။ ဒီလိုတူးဖော်တဲ့နေရာမှာ ကုန်းတွင်းပိုင်းဆိုရင် လယ်ယာမြေကွက်တွေပေါ်မှာ သွားရောက်ပြီး တူးရတဲ့ကိစ္စတွေ

အထူးကဏ္ဍ [ ဃ ] သို့ »»»



မတ် ၁၉ ရက်က ဖွင့်လှစ်ခဲ့သည့် မြဝတီပင်မဓာတ်အားခွဲရုံကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ ဂ ] မှ

ရှိတာမို့ လယ်မြေ၊ ယာမြေပိုင်ဆိုင်သူတွေနဲ့ သူတို့ရဲ့ပိုင်ဆိုင်တဲ့လုပ်ကွက်မှာ ရှာဖွေရတော့ စေ့စပ်ညှိနှိုင်းဖြေရှင်းရတာတွေကို ဆောင်ရွက်ရင်းနဲ့ တိုင်းပြည်ရဲ့ ဝင်ငွေတိုးအောင် လုပ်ကိုင်ရတာပါ။

**မေး။ ။ လျှပ်စစ်သုံးစွဲမှုမြင့်တက်လာတာ၊ ဝန်ဆောင်မှု ပြည့်ပြည့်ဝဝ မပေးနိုင်သေးတာတွေအပေါ်မှာရော ဒုတိယဝန်ကြီးရဲ့ သုံးသပ်မှုကို သိပါရစေ။**

**ဒုတိယဝန်ကြီး။** ။ လျှပ်စစ်ကဏ္ဍမှာဆိုရင် လွန်ခဲ့တဲ့ အနှစ် ၂၀၊ ၃၀ ကနေ ယခုအချိန်မှာ တိုင်းပြည်ရဲ့ လျှပ်စစ်ဓာတ်အား လိုအပ်ချက်က နှစ်ဆမြင့်တက်လာတာကို တွေ့ရပါတယ်။ ဒါပေမယ့် အခုအချိန်မှာ လျှပ်စစ်ရရှိမှုကလည်း နောက်ငါးနှစ်ဆိုရင် နှစ်ဆကျော် တိုးတက်လာမယ်လို့ မျှော်မှန်းပြီး လုပ်နေရတာပါ။ လိုအပ်ချက်ကများတော့ ထပ်တိုးပြီး ဖြည့်ဆည်းရတဲ့ ဝန်ကြီးဌာနအတွက်တော့ ကြီးမားတဲ့စိန်ခေါ်မှုတစ်ရပ် ဖြစ်ပါတယ်။

**ပြည့်ပြည့်ဝဝသုံးလိုတဲ့ပြည်သူနဲ့ ဝန်ဆောင်မှုကောင်းရမည့်လျှပ်စစ်**

ဒီလို ဖြည့်ဆည်းပေးနိုင်ဖို့ နည်းပညာတွေ၊ လုပ်အားတွေ၊ ဘတ်ဂျက်တွေစတဲ့ လိုအပ်ချက်တွေက အများကြီးရှိပါတယ်။ ဒါက ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့ အရာတွေဖြစ်ပါတယ်။ နောက်တစ်ခုက ပြည်သူလူထုဟာ ယုံကြည်စိတ်ချရတဲ့ လျှပ်စစ်ကို လိုချင်ကြတယ်။ မီးမပျက်ချင်ဘူး၊ မီးအတက်အကျမှန်ချင်တယ်၊ ဝန်ဆောင်မှုကောင်းတာ လိုချင်ကြပါတယ်။ ဝန်ဆောင်မှုကောင်းအောင် လိုချင်တာကို ဖြည့်ဆည်းပေးဖို့ ကြိုးပမ်းနေပါတယ်။ မီးပျက်လျှင်လည်း ကြိုတင်အသိပေးတာမျိုးတွေကို ကျယ်ကျယ်ပြန့်ပြန့်လည်း လုပ်ဆောင်နေပါတယ်။ သို့သော် ဝန်ဆောင်မှုကောင်းအောင်လုပ်ပေးဖို့ ဝန်ထမ်းလိုအပ်ပါတယ်။ ဝန်ထမ်းခန့်အပ်ခွင့်နဲ့ ဝန်ထမ်းဦးရေပမာဏဟာ များစွာကွာခြားနေပါတယ်။

ပြည်သူသိတာက ဆေးရုံတွေမှာ ဆရာဝန်မရှိဘူး။ သူနာပြုမရှိဘူး။ ဒါဆိုရင် ပြောနိုင်သိနိုင်ကြတယ်။ ကျွန်တော်တို့ ဌာနတွေမှာတော့ လျှပ်စစ်ဝန်ထမ်းတွေ နည်းပါးနေတာ ပြည်သူတွေသိတာ နည်းပါတယ်။ ဥပမာပြောရရင် မီးပျက်နေတယ်လို့ပြောရင် ချက်ချင်းလာပြီးပြင်ပေးတဲ့ ဝန်ဆောင်မှုမျိုးကို လိုချင်ကြတယ်။ ဝန်ထမ်းလိုအပ်သလို ချက်ချင်းသွားနိုင်ဖို့ ယာဉ်၊ ယန္တရား လိုအပ်ပါတယ်။ ဒါကြောင့် ဒီလိုစိန်ခေါ်မှုတွေကို ယနေ့ထိ ဖြေရှင်းနိုင်ဖို့ ခက်ခဲနေတဲ့စိန်ခေါ်မှုတွေဖြစ်ပါတယ်။

**ဓာတ်အားကုန်ကျမှုလျော့နည်းစေရန် ဆောင်ရွက်**

ကျွန်တော်တို့ လျှပ်စစ်ဓာတ်အားကဏ္ဍမှာ အင်မတန်ကြီးမားတဲ့ စိန်ခေါ်မှုက အရှုံးပေါ်တာဖြစ်ပါတယ်။ ၂၀၁၆-၁၇ ခုနှစ်တွေမှာဆိုရင် ငွေကျပ် ၄၂၂ ဘီလီယံ ကျော်ရှုံးပါတယ်။ ထုတ်လုပ်ရေးကဏ္ဍတစ်ခုတည်းမှာ ရှုံးတာဖြစ်ပါတယ်။ ဘတ်ဂျက်ပိတ်တဲ့အခါ ၄၂၂ ဘီလီယံရှုံးပြီး ဘတ်ဂျက်ကြိုတင်တွက်ချက်တုန်းက ငွေကျပ် ဘီလီယံ ၃၆၀ ကျော် ရှုံးမယ်လို့ ခန့်မှန်းခဲ့ကြတာဖြစ်ပါတယ်။ ၂၀၁၇-၁၈ မှာ ရော အခြေအနေကို သိနိုင်အောင် အရှုံးခန့်မှန်းခြေ တွက်ချက်ထားတဲ့ ဘတ်ဂျက်စာအုပ်ကို ကြည့်တော့ ငွေကျပ် ဘီလီယံ ၆၀၀ ကျော်ရှုံးမယ်လို့ တွက်ချက်ထားတာတွေ့ရပါတယ်။ ဒါဆိုရင် ဓာတ်အားထုတ်လုပ်မှုကုန်ကျစရိတ်ကို လျော့နည်းသက်သာအောင် ကြိုးပမ်းခဲ့ပါတယ်။

**ရေအားလျှပ်စစ်ထုတ်လုပ်မှုဦးစားပေး**

ရေအားလျှပ်စစ်ကနေရတဲ့ ဓာတ်အားကို ပိုတိုးပြီးထုတ်ဖို့ စဉ်းစားပါတယ်။ ဘာကြောင့်လဲဆိုရင် ရေအားလျှပ်စစ်နဲ့ဓာတ်အားထုတ်လုပ်တဲ့စနစ်က ပိုပြီးသက်သာလို့ ဖြစ်ပါတယ်။ လျှပ်စစ်လည်း ပိုထွက်ပြီး ထုတ်လုပ်မှုကုန်ကျစရိတ်က ပိုသက်သာမှသာ အရှုံးကို ပိုပြီး ထိန်းနိုင်မယ်။ ပြည်သူတွေလိုတဲ့ လျှပ်စစ်ကိုလည်း ပိုထုတ်နိုင်မယ်ဆိုတဲ့သဘောနဲ့ ဆောင်ရွက်ခဲ့တဲ့အတွက် အဲဒီနှစ်မှာ ငွေကျပ် ၁၆၂ ဘီလီယံလောက် အရှုံးကို သက်သာခဲ့ပါတယ်။ အမေရိကန်ဒေါ်လာ ၁၀၆ သန်း အရှုံးသက်သာတာဖြစ်ပါတယ်။




ဘတ်ဂျက်စာရင်းအရ ပြောရရင် ခြောက်လတာဘတ်ဂျက် ဖြတ်သန်းချိန်အစမှာ အရှုံးခန့်မှန်းတွက်ချက်မှု ငွေကျပ် ၃၀၉ ဘီလီယံ ဖြစ်ခဲ့ပါတယ်။ လက်တွေ့မှာ ငွေကျပ် ၇၆ ဘီလီယံလောက် အရှုံးသက်သာအောင် ဆောင်ရွက်ပေးခဲ့တာရှိပါတယ်။ ဒီကာလတစ်လျှောက်မှာ အများကြီးရှုံးခဲ့ပါတယ်။ ဒီပမာဏတွေထဲက အများကြီး ထပ်ပြီးအရှုံးသက်သာအောင် ကြိုးပမ်းနေပါတယ်။ အရှုံးပေါ်နေတဲ့အတွက် လျှပ်စစ်ဓာတ်အားကနေ ပြောင်းလဲရမယ်ဆိုတာကြောင့်လည်း ပြည်သူတွေသိအောင် အစဉ်တစိုက် ပြောကြားနေပါတယ်။

**ဓာတ်အားခအရှုံးကို လျော့ချနိုင်ရန် ကြိုးပမ်း**

ဓာတ်အားခအရှုံးပေါ်တိုင်း ပြည်သူကို ဓာတ်အားခတက်မလားဆိုတာမျိုးမဟုတ်ဘဲ အရှုံးပေါ်တဲ့ပမာဏကို လုပ်ငန်းဆောင်ရွက်တဲ့အခါ အရှုံးလျော့နည်းဖို့ ပထမဆုံး ကြိုးပမ်းတာပါ။ ထုတ်လုပ်မှုစရိတ် လျှော့ချတာ၊ ဓာတ်အားပျောက်ဆုံးခြင်း လျော့နည်းအောင်လုပ်တာ၊ စဉ်ဆက်မပြတ် ဓာတ်အားပေးနိုင်ခြင်းအားဖြင့် ဝင်ငွေတိုးအောင် ကြိုးပမ်းတာရှိတယ်။ ကျွန်တော်တို့ ထုတ်လုပ်မှုကုန်ကျစရိတ်ဟာ လျှပ်စစ်တစ်ယူနစ်ထုတ်တိုင်း ၁၁၀ ကျပ်ကနေ ၁၁၅ ကျပ်အထိ ကျသင့်တဲ့အချိန်မှာ ပြည်သူကို တစ်ယူနစ် ၃၅ ကျပ်၊ ၅၀ ကျပ်နဲ့ ရောင်းတော့ ထုတ်လုပ်စရိတ်နဲ့ ရောင်းချစရိတ်ဟာ ကွာခြားတဲ့အတွက် ဘယ်လောက်ပဲ ကြိုးပမ်း ကြိုးပမ်း အရှုံးပမာဏကြီးကို မရှိအောင် ဆောင်ရွက်နိုင်ခြင်း မရှိပါဘူး။

**အရှုံးကာမိစေရန် အဖြေရှာ**

ဒါကြောင့် သင့်တင့်မျှတတဲ့ ဓာတ်အားခတွေကို တောင်းခံမှသာ အရှုံးကို ကာမိအောင် ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။ ဒီအရှုံးဟာ လျှပ်စစ်မီးသုံးစွဲခွင့်ရနေတဲ့ ၄၄ ရာခိုင်နှုန်းသော ပြည်သူတွေအတွက် အရှုံးဖြစ်ပါတယ်။ ဒီငွေတွေဟာ နိုင်ငံတော်ဘဏ္ဍာ ရန်ပုံငွေလို့ ပြောပေမယ့် ၁၀၀ ရာခိုင်နှုန်းသော ပြည်သူများရဲ့ငွေကြေးဖြစ်ပါတယ်။ လျှပ်စစ်မရသေးတဲ့ ၅၆ ရာခိုင်နှုန်းနဲ့လည်း သက်ဆိုင်တဲ့ ဘဏ္ဍာငွေဖြစ်ပါတယ်။ သူတို့တွေ အကျိုးခံစားခွင့် မရပါဘူး။ ဒါကြောင့် လျှပ်စစ်ဓာတ်အားမရတဲ့သူတွေအတွက် ကြိုးပမ်းတည်ဆောက်ပေးတယ်။ ဒါကြောင့် လျှပ်စစ်ရရှိပြီး ပြည်သူတွေက လျှပ်စစ်မရသေးတဲ့ ပြည်သူတွေကို ကိုယ်ချင်းစာတရားထားပြီး ကိုယ်သုံးတဲ့ လျှပ်စစ်ရဲ့ တန်ဖိုးကိုပေးသွင်းခြင်းအားဖြင့် ကျန်တဲ့ လျှပ်စစ်မရသူတွေအတွက် အကျိုးဖြစ်ထွန်းပြီး လျှပ်စစ်ကဏ္ဍ ဖွံ့လုံပြည့်စုံလာအောင် ဆောင်ရွက်နိုင်မှာပဲ ဖြစ်ပါတယ်။

ကျေးဇူးတင်ရှိပါတယ်ရှင်။



ဇော်တိကသဘာဝဓာတ်ငွေ့စီမံကိန်း ထုတ်လုပ်မှုစင်အား တွေ့ရစဉ်။

**“ လျှပ်စစ်ကဏ္ဍမှာဆိုရင် လွန်ခဲ့တဲ့ အနှစ် ၂၀၊ ၃၀ ကနေ ယခုအချိန်မှာ တိုင်းပြည်ရဲ့ လျှပ်စစ်ဓာတ်အား လိုအပ်ချက်က နှစ်ဆမြင့်တက်လာတာကို တွေ့ရပါတယ်။ ဒါပေမယ့် အခုအချိန်မှာ လျှပ်စစ်ရရှိမှုကလည်း နောက်ငါးနှစ်ဆိုရင် နှစ်ဆကျော် တိုးတက်လာမယ်လို့ မျှော်မှန်းပြီး လုပ်နေရတာပါ။ လိုအပ်ချက်ကများတော့ ထပ်တိုးပြီး ဖြည့်ဆည်းရတဲ့ ဝန်ကြီးဌာနအတွက်တော့ ကြီးမားတဲ့စိန်ခေါ်မှုတစ်ရပ် ဖြစ် ”**

